www.burmeseclassic.com

ခွန်းဆိုငြိမ်းချမ်း

# တမလွန်ဆုံမှတ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

#၅

■ စာမူခွင့်ပြုချက်အမှတ် - [ ၅၀၁၄၉၀၁၂၀၇]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၁၄၆၆၁၂၀၇]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၈ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်ခိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း - Rainmaker

■ ကွန်ပျူတာစာစီ - သုသု

■ အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် - စွယ်တော်

■ အုပ်ရေ - ၅၀၀ အုပ်

■ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com

# ခွန်းချိုငြိမ်းချမ်း

---

## တမလွန်ဆုံမှတ်

BURMESE CLASSIC

BURMESE CLASSIC

# အခန်း (၁)

ဟောင်းနွမ်းညစ်ပေနေသော အစိမ်းရောင်တံခါးတစ်ချပ်၏ရှေ့တွင် ဂျာကင်အင်္ကျီနှင့်လူငယ်တစ်ယောက် ဇဝေဇဝါဖြင့်ရပ်နေသည်။

လူငယ်က လက်ထဲတွင် ကိုင်ထားသော ဂျာနယ်စက္ကူအပိုင်းအစကို တစ်လှည့်၊ ရှေ့မှတံခါးကိုတစ်လှည့် ကြည့်လိုက်၏။ သူက သေချာစေရန် ဂျာနယ်စက္ကူပေါ်တွင် ရေးသားထားသောအကြောင်းအရာကို တစ်ခေါက်ပြန်ဖတ်လိုက်ပြန်သည်။

အမှန်တော့ ထိုကြော်ငြာမှာ သူ အခေါက်ခေါက်အခါခါ ဖတ်ထားသဖြင့် အလွတ်ရလုနီးပါးဖြစ်နေလေပြီ။ ကြော်ငြာခေါင်းစဉ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင်

**'သင့်စိတ်ထဲမှ လျှို့ဝှက်စွမ်းအားများကိုဖော်ထုတ်နည်း'**

ဟု စာလုံးမည်းကြီးများဖြင့် ရေးသားထား၏။ ထိုခေါင်းစဉ်၏ အောက်ဘက်တွင်

www.burmeseclassic.com



'[redacted]က်ကောင်းမွန်လာသည်ဟု မိတ်ဆွေ [redacted]မ်းခြင်းခံရမည်။

[redacted]ပိုမိုမြင့်မားလာစေပြီး ဘဝတွင် အောင် [redacted]

သင့်ကိုယ်သင် ယုံကြည်မှု ပိုမိုပြည့်ဝလာပြီး လူအများ၏ အထင်ကြီးလေးစားမှုကို ခံရမည်။

သို့အတွက် အိပ်မွေ့ချနည်းဖြင့် သင့်မသိစိတ်တွင် ငုပ်လျှိုးနေသော လျှို့ဝှက်စွမ်းအားများကို လာရောက်ဖော်ထုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ – ဒေါက်တာငွေစိုး

အမှတ် (၂၃)၊ အခန်း (၉)၊ ဈေးကြီးလမ်း၊

ကျောင်းကုန်းရပ်။'

လူငယ်၏မျက်လုံးအစုံက ကြော်ငြာအောက်ခြေတွင် ရေးထားသော စာလုံးသေးသေးလေးများဆီသို့ ဝေ့ဝဲရောက်ရှိသွားသည်။

'သိပ္ပံစမ်းသပ်မှုတွင် ပါဝင်ကူညီသူများကို အထူးနှုန်းဖြင့် လျှော့ပေးမည်။'

လူငယ်က ဂျာနယ်စက္ကူအပိုင်းအစကို ဂျာကင်အင်္ကျီအိတ်ထဲသို့ ပြန်ထိုးထည့်ပြီး အစိမ်းပုပ်ရောင်တံခါးဆီသို့ မျက်နှာပြန်မူလိုက်သည်။ ထိုတံခါးပေါ်တွင် ရေးထားသော နံပါတ် (၉) ဂဏန်းမှာ ဆေးရောင်ပျက်ပြယ်စပြုနေ၏။

သူ့စိတ်ကူးထဲတွင် မှန်းဆထားသည့် ဒေါက်တာငွေစိုး၏ ရုံးခန်းမှာ ယခုလိုပုံစံမျိုးမဟုတ်။

ပြောင်လက်နေအောင် ပေါလစ်တိုက်ချွတ်ထားသည့် ကျွန်းသားတံခါးပေါ်တွင် ရွှေရောင်တဖိတ်ဖိတ်လက်နေသည့် ကြေးပြားဆိုင်းဘုတ်တစ်ခုကို တွေ့မြင်ရမည်ဟုသာ ထင်မှတ်ထားမိသည်။

ဟောင်းနွမ်းညစ်ပေနေသော သာမန်တံခါးတစ်ချပ်ကိုသာ တွေ့

www.burmeseclassic.com

www.burmeseclassic.com


ရသည့်အတွက် သူ့အားငယ်စိတ်များ အနည်းငယ်လွင့်ပါးသွား၏။

လူငယ်က တံခါးခေါက်ရန် လက်မြှောက်လိုက်စဉ် ရုတ်တရက် ကြောက်စိတ်ဝင်လာပြီး လက်က လေထဲတွင် တန့်လန်းရပ်သွားသည်။ အေးစိမ့်သောလက်ချောင်းများက သူ့ကျောရိုးတစ်လျှောက် တွားသွားတက်နေသလိုပင်။ အေးစက်စက်မျက်ဝန်းများက သူ့ကို ဗိုင်းဝန်းစိုက်ကြည့်နေကြသလိုလို ခံစားလာရ၏။

သူ ချာကနဲလှည့်ကြည့်လိုက်သည်။

လမ်းမပေါ်တွင် လူများက လုပ်ငန်းခွင်အသီးသီးမှနေ၍ အိမ်သို့ ကသောကမျောပြန်နေကြ၏။ မည်သူမျှ သူ့ကို ဂရုပြုသတိထားမိပုံမရ. . .။

BURMESE CLASSIC

လူငယ်က နောက်ပြန်လှည့်ပြီး တံခါးကို ခပ်မှန်မှန်ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်!"

သူ အချိန်အတန်ကြာ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေသော်လည်း တံခါးက ပွင့်မလာ. . .။ နောက်ဆုံးတွင် လူငယ်က တံခါးလက်ကိုင်ဘုကို ဖြည်းညင်းစွာ ဆွဲလှည့်လိုက်၏။ တံခါးက ကျွီကနဲပွင့်သွားသဖြင့် သူ အံ့အားသင့်သွားသည်။

ပွင့်သွားသော တံခါး၏အနောက်ဘက်တွင် လှေကားအုံတစ်ခုကို မြင်ရ၏။ လှေကားထိပ်တွင် ဖျော့တော့သော ဝါကျင့်ကျင့်မီးလုံးတစ်လုံးက တွဲလောင်းကျကာ လှုပ်ယိမ်းနေသည်။

ထိုလူငယ်က လှေကားထစ်များအတိုင်း တက်သွားရာ တံခါးတစ်ချပ်ကို ထပ်တွေ့ရပြန်သည်။ သူက တံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်၏။

"ဝင်ခဲ့ပါ!"

တံခါးနောက်ကွယ်မှ ကျယ်လောင်စွာ အော်ပြောသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


လှုငယ်က တံခါးကို တွန်းဖွင့်ပြီးဝင်သွားလိုက်၏။ သူ တွေ့လိုက်ရသောအခန်း၏ ထည်ဝါခန့်ညားမှုကြောင့် မှင်သက်အံ့ဩသွားသည်။ အခန်းအပြင်ဘက်ကျမြင်ကွင်းနှင့် တခြားစီပင်. . .။

ကြေးဝါမီးအိမ်များ ထွန်းညှိထားသောကြောင့် အခန်းတစ်ခုလုံးဝင်းဝါတောက်ပနေ၏။ ပလတ်စတစ်ဆေးသုတ်ထားသော နံရံတစ်ဖက်တွင် စာအုပ်ထူထူကြီးများကို အကန့်လိုက်စီထားသည့်စာအုပ်စင်တစ်စင်ရှိသည်။ ထိုစာအုပ်စင်ရှေ့တွင် အနီရောင်ကတ္တီပါခင်းထားသည့် ထိုင်ခုံရှည်ကြီးနှစ်ခုံရှိ၏။

"အေးအေးဆေးဆေးထိုင်ပါဦး"

စကားသံက တံခါးဝကို မျက်နှာမူထားသည့်ထိုင်ခုံဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

လှုငယ်က တွန့်ဆုတ်ဆုတ်ဖြင့်

"ဒေါက်တာငွေစိုးလားဟင်"

စိုးရိမ်မှုနှင့် ကြောက်ရွံ့စိတ်တို့ ဖိစီးနေသောကြောင့် လှုငယ်၏ပုခုံးနှစ်ဖက်က အနည်းငယ်ကျုံ့ကွေးနေ၏။ သူ လှမ်းကြည့်လိုက်စဉ် ဒေါက်တာငွေစိုး၏အရပ်က နိမ့်နေသောကြောင့် ဆေးတံမီးခိုးငွေ့များကြားတွင် ငွေရောင်ဆံပင်ဖြူများနှင့် ငယ်ထိပ်ကိုသာမြင်ရသည်။

"ဝင်ခဲ့လေ. . . မောင်ရင်. . . လာ. . . လာ"

ဒေါက်တာငွေစိုးက မတ်တတ်ရပ်လိုက်ပြီး လက်ထဲမှ စာအုပ်နှင့် ဆေးတံကို စားပွဲပေါ်သို့တင်ကာ ပျူငှာစွာဖိတ်ခေါ်၏။ သူက လှုငယ်ကိုလှမ်းကြည့်ပြီး

"ဝင်ခဲ့ပါကွ. . . ဘာတွေတွေးကြောက်နေတာလဲ"

"ဟို. . . အဲ. . ."

လှုငယ်က ဘာပြောရမှန်းမသိဖြစ်သွား၏။

ဒေါက်တာငွေစိုးမှာ အရပ်ပုရသည့်ကြားထဲ ဖြူဖွေးဆွတ်သောမုတ်ဆိတ်ကျင်စွယ်များက ရှည်လျားစွာ အောက်သို့ကျနေသဖြင့် ငွေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ညှောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်နှင့်တူနေသည်။

ဒေါက်တာငွေစိုး၏ နက်မှောင်တောက်ပသောမျက်လုံးများက လူငယ်၏အတွင်းစိတ်ကို ထွင်းဖောက်သိမြင်သလို စိုက်ကြည့်နေ၏။ ထိုမျက်ဝန်းများက စိုးရိမ်အားငယ်စိတ်များ ဖိစီးနေသောလူငယ်၏ ကိုယ်ခန္ဓာကို ပိုမိုကျုံ့ကွေးသွားစေသည်။ ထို့အပြင် အေးစက်သော မျက်ဝန်းများက သူ့နောက်ကျောကို စိုက်ကြည့်နေသလို ခံစားနေရဆဲပင်. . .။

ဆရာဝန်အိုကြီးက တံခါးဝဆီသို့ လျှောက်လာပြီး လူငယ်ကို တရင်းတနှီး ပခုံးဖက်ရင်း. . .

"လာပါကွ. . . အထဲမှာဝင်ထိုင်လေ"

"ဟုတ်ကဲ့. . . ဒေါက်တာငွေစိုး"

လူငယ်၏စကားကြောင့် ဆရာဝန်အိုကြီး၏ ဖြူဆွတ်သောမျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး

"ဩော်. . . မောင်ရင်က ကျုပ်နာမည်ကိုတောင် သိနေတာကိုး၊ ဒီလိုပြန်ဆုံကြမယ်လို့ လုံးဝမထင်ထားမိဘူး။ မင်းနာမည်က ဝေယံမဟုတ်လား၊ တော်သေးတာယ်. . . ငါ့မှတ်ဉာဏ်က ကောင်းလွန်းလို့ မှတ်မိတာ"

"ဟင့်အင်း. . . အရင်က ကျွန်တော်နဲ့ ဒေါက်တာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ကျွန်တော့်နာမည်က 'ခေလွန်း' ပါ"

"ခေလွန်း. . . ဟုတ်လား၊ တယ်ထူးဆန်းတဲ့နာမည်ပဲ၊ 'ချစ်ကာခေလွန်းသူမို့' ဆိုတဲ့သီချင်းကို သွားသတိရမိတယ်၊ ကြည့်ရတာ ဒီနာမည်ကိုပေးတဲ့ မင်းအဖေက အဆွေးဓာတ်ခံရှိပြီး စိတ်ထားနူးညံ့တဲ့အနုပညာသမားဖြစ်ပုံရတယ်"

ထိုစကားကြောင့် ခေလွန်းက စိတ်ညစ်ညျူးစွာဖြင့်

"ပေါက်ပေါက်ရှာရှာဗျာ. . . ကျွန်တော်အဖေက စိတ်ကြမ်းလူကြမ်းကြီး. . . စစ်မှုထမ်းဟောင်း ကျောင်းဆရာ၊ အဖေဟာ အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



ထက် လက်ဖွေ့ထိုးရတာကို ပိုစိတ်ဝင်စားတာ''

စကားအဆုံးတွင် ခေလွန်းက ထိုင်ခုံပေါ်သို့ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

ဒေါက်တာငွေစိုးက သူ့ဘေးမှထိုင်ခုံတွင် ဝင်ထိုင်ပြီး ခေလွန်းကို စိတ်ဝင်တစားကြည့်လိုက်သည်။ သူက ကရုဏာသက်စွာဖြင့်

''ဆောရီးကွာ. . . မောင်ရင့်ကို ကျုပ်ကလှောင်တာမဟုတ်ပါဘူး၊ လူငယ်တစ်ယောက်က သူ့အဖေနဲ့အဆင်မပြေဘူးဆိုတာ ရယ်စရာကောင်းတဲ့ကိစ္စမဟုတ်ဘူး၊ ကျုပ် ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ''

ဒေါက်တာငွေစိုး၏စကားသံက ပြောရင်း တိုးဖျော့တိမ်ဝင်သွား၏။ သူက လေသံကို ချက်ချင်းပုံမှန်ဖြစ်အောင် ပြန်ထိန်းလိုက်ပြီး

''ဘာပဲဖြစ်ဖြစ်လေ. . . ဒါတွေက အတိတ်မှာကျန်ခဲ့ပါပြီ၊ အရေးကြီးတာက လက်ရှိအချိန်ပဲမဟုတ်လား။ ဟိုးအဝေးကြီးကနေ တကူးတကလာရတဲ့မင်းကို ပြက်ရယ်ပြုမိတဲ့ကျုပ်ကို ခွင့်လွှတ်နော်''

''ရပါတယ်. . . ကိစ္စမရှိပါဘူး၊ ပြီးတော့ ကျွန်တော် တကူးတကလာရတာမဟုတ်ပါဘူး၊ ကျောင်းကအပြန် ဒီကိုဝင်လာတာပါ''

ခေလွန်းက ပြောပြောဆိုဆိုနှင့် အိတ်ကပ်ထဲမှ ဂျာနယ်စက္ကူအပိုင်းအစကို ဆွဲထုတ်လိုက်ပြီး

''ဂျာနယ်ထဲမှာ ဒီကြော်ငြာဖတ်ရလို့ ဒေါက်တာ ကျွန်တော့်ကို ကူညီနိုင်မယ်ထင်ပြီး လာတွေ့တာပါ''

ဆရာဝန်က ပြုံးရယ်လိုက်ရင်း

''သြော်. . . ဟုတ်သားပဲ၊ ကျုပ်ဆီကို မောင်ရင့်အရွယ်လောက် လူငယ်တော်တော်များများ လာစုံစမ်းကြတယ်၊ မောင်ရင်. . . ကျုပ်နဲ့ တွေ့ရတာ နတ်သိကြားနဲ့တွေ့ရသလိုသာမှတ်လိုက်ပေတော့ မောင်ရင့်ရဲ့ ငုပ်လျှိုးနေတဲ့ မသိစိတ်စွမ်းအားတွေ ဖွံ့ဖြိုးတိုးတက်လာစေရ မယ်''

''အဲ. . . ဟို. . . အဲဒီလိုလည်းမဟုတ်သေးဘူး၊ ဒီနှစ်ကုန်ခါနီး

www.burmeseclassic.com

www.burmeseclassic.com


ရင် ကျွန်တော် ဒုတိယနှစ်စာမေးပွဲဖြေစရာရှိတယ်ဗျ''

''သိပြီ. . . မင်းရဲ့မှတ်ဉာဏ်တွေ ပိုကောင်းလာအောင် လုပ်ချင်တာမဟုတ်လား။ ကျုပ်လို မှတ်ဉာဏ်အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်မယ်. . . ခေါ်ပုတ်''

''မဟုတ်ဘူး. . . ခေလွန်းလေ''

''ခေလွန်းဆိုတာက. . .''

''ခေလွန်းဆိုတာ ကျွန်တော့်နာမည်လေ ဒေါက်တာ''

''ဩော်. . . ဟုတ်သားပဲ. . . မင်းနာမည်က ခေလွန်း. . . မှတ်မိပြီ''

ဒေါက်တာငွေစိုးက သူ့စကားအမှားကြောင့် ရှက်ကိုးရှက်ကန်းဖြင့် စကားကို ဗလုံးဗထွေးပြောလိုက်သည်။

ခေလွန်းက ဒေါက်တာငွေစိုးကို အားကိုးတကြီးကြည့်ရင်း

''ဒေါက်တာ. . . ကျွန်တော့်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိဘူးဖြစ်နေတယ်၊ ဒေါက်တာ့ကြော်ငြာထဲကလို ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှုအပြည့်အဝရှိလာအောင် လုပ်ပေးနိုင်မလားဟင်''

ဒေါက်တာငွေစိုး၏မျက်လုံးများက အရောင်တဖျတ်ဖျတ်လက်သွားပြီး

''စိတ်ချ. . . လုပ်ပေးနိုင်တာပေါ့၊ ကျုပ် လုပ်ပေးလိုက်တာနဲ့ မောင်ရင့်မှာ ဓားတောင်ကိုလည်းဖြတ်ရဲမယ်၊ မီးပင်လယ်ကိုလည်း လက်ပစ်ကူးနိုင်တဲ့သတ္တိတွေရှိလာမယ်၊ မာရ်နတ်ရဲ့လက်တွေရှေ့က ဖြန့်ကာတားဆီးနေလည်း မောင်ရင်ချစ်နေတဲ့မိန်းကလေးကို ရဲရဲဝံ့ဝံ့ချစ်ရေးဆိုနိုင်လောက်အောင် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိလာလိမ့်မယ်''

''ဗျာ!''

''မရှက်ပါနဲ့ကွာ. . . ကျုပ်တို့ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ''

''မဟုတ်ဘူး. . . ကျွန်တော်လိုချင်တာ အဲဒီလိုယုံကြည်မှုမျိုး

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူး၊ အဖေက အမြဲတမ်းပြောတယ်၊ ကျွန်တော့်မှာ စာမေးပွဲတွေဖြေနိုင်အောင် ကိုယ့်ကိုယ့်ကို ယုံကြည်မှုရှိဖို့လိုတယ်တဲ့။ ဒါပေမဲ့ ယုံကြည်မှုရှိလာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကိုတော့ အဖေက ပြောမပြဘူး၊ အဲဒါနဲ့ ကျွန်တော် လိုချင်တဲ့ယုံကြည်မှုရလာအောင် အိပ်မွေ့ချနည်းနဲ့လုပ်ပေးနိုင်တယ်လို့ ကြော်ငြာထဲမှာ ဖတ်လိုက်ရတယ်၊ တကယ်လည်း ဒေါက်တာ ကျွန်တော့်ကိုလုပ်ပေးနိုင်တယ်မဟုတ်လား ဟင်''

ဆရာဝန်အိုကြီးက ဆေးတံကို ကောက်ယူလိုက်ပြီး ဆေးအိုးထဲမှ ဆေးချေးအချို့ကို မားဖြင့်ခြစ်ချနေသည်။ သူက တည်ငြိမ်သောလေသံဖြင့်

''ငါ့မှာလုပ်ပေးချင်တဲ့ဆန္ဒရှိရင် လုပ်ပေးနိုင်တာပေါ့''

''ဒါဆို ကျွန်တော့်ကို ကူညီပါ. . . ကျေးဇူးပြုပြီး ကျွန်တော့်ကို အိပ်မွေ့ချပေးပါ ဒေါက်တာ''

ခေလွန်းက ဒေါက်တာငွေစိုးအား တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်၏။

သူ့နောက်ကျောကို စိုက်ကြည့်နေသော အေးစက်စက်မျက်ဝန်းအကြည့်က ပိုမိုစူးရှပြင်းထန်လာသည်။ မမြင်ရသော တစ်စုံတစ်ရာကလည်း ဆရာဝန်အိုကြီး၏အပြေစကားကို လျှို့ဝှက်တိတ်ဆိတ်စွာ စောင့်စားနေသလိုပင်. . .။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခေလွှန်း၏ကျောင်းက ဒေါက်တာငွေစိုး၏ရုံးခန်းနှင့် နှစ်မိုင်ခန့်ကွာဝေးသည်။ ကျောင်းပရဝဏ်အတွင်း ဝါကျင့်ကျင့်မီးလုံးများကို ဟိုနားတစ်စ ဒီနားတစ်စ ထွန်းညှိထား၏။ သစ်ရွက်ခြောက်များနှင့်မှုန့်ထုပ်အခွံများကို လေတိုးသံသဲ့သဲ့မှတစ်ပါး အရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မှန်ပြတင်းပေါက်များနောက်တွင်တော့ သန့်ရှင်းရေးသမားများက စာသင်ခန်းများအား တစ်ခန်းဝင်တစ်ခန်းထွက် သန့်ရှင်းရေးလုပ်နေ၏။

သို့ရာတွင် စာသင်ခန်းတစ်ခုအတွင်းတွင်မူ မိန်းကလေးတစ်ယောက်က စာအုပ်တစ်အုပ်ကို စိတ်မပါလက်မပါဖြင့် ထိုင်ဖတ်နေသည်။ ထိုမိန်းကလေး၏မျက်ဝန်းများက ဝိုင်းစက်လှပပြီး မျက်တောင်များကတော့ ကော့ရှူန်းနေ၏။ နှာသီးဖျားက အနည်းငယ်ချွန်မြပြီး ဖြောင့်စင်း

www.burmeseclassic.com

www.burmeseclassic.com


သောနာတံရှိသည်။ သူမမှာ ဆတ်ဆတ်ထိမခံတတ်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ပါးလျားလှပသောသဏ္ဍာရောင်နှုတ်ခမ်းများက သက်သေခံလျက်ရှိသည်။ သူမ၏ ကျောလယ်သို့ ဝဲကျနေသောဆံပင်ရှည်ရှည်များက တစ်ချက်တစ်ချက် အနီရောင်ပြောင်းသွား၏။

ထိုမိန်းကလေးသာ မျက်နှာရှစ်ခေါက်ချိုးမထားပါက လှပပြီး ဆွဲဆောင်မှုရှိသောမိန်းမလှလေးတစ်ယောက်ဖြစ်မှာသေချာသည်။

စားပွဲရှေ့တွင် ထိုင်နေသောဆရာကတော့ ရင်အုပ်ကားကား၊ ဗလတောင့်တောင့်၊ တင်းမာသောမျက်နှာထားနှင့် စည်းကမ်းကြီးမည့်ပုံရ၏။ သူ့အသက်က ငါးဆယ်နီးပါးခန့်ရှိပုံရပြီး အဖြူနှင့်အနက်ရောယှက်နေသောဆံပင်များအောက်မှ သေးငယ်ကျဉ်းမြောင်းသောမျက်ဝန်းများက သွေးအေးပြီး ရက်စက်တတ်မည်ဟု ခန့်မှန်းရသည်။ သူ၏ နေလောင်ထားသောအသားအရေနှင့် တင်းတင်းစေ့ထားသောနှုတ်ခမ်းများကြောင့် ဆရာ၏မျက်နှာက မလိုအပ်ဘဲနှင့် အကျည်းတန်နေသလိုပင် . . .။

မိန်းမပျိုက လက်မှာပတ်ထားသည့်နာရီကို စိတ်မရှည်သလိုကြည့်ရင်း

"ကျွန်မ ပြန်လို့ရပြီလား . . . ဦးစိုးထွန်း"

'ဦးစိုးထွန်း' ဟု အခေါ်ခံရသောဆရာက မိန်းမပျိုဆီသို့ လှည့်ကြည့်ရင်း ,

"မင်း တောင်းပန်စကားပြောပြီးတာနဲ့ ပြန်လို့ရပြီ ဆူးမွန်"

"ဆရာ . . . ကျွန်မကို မိနစ်နှစ်ဆယ်ထက်ပိုပြီး ဒီစာသင်ခန်းထဲမှာ ထိန်းသိမ်းထားခွင့်မရှိပါဘူး"

"စကားမရှည်နဲ့ . . . မင်း ဒီအခန်းထဲရောက်တာ ဆယ့်ငါးမိနစ်ပဲရှိသေးတယ်"

စကားအဆုံးတွင် ဆရာဦးစိုးထွန်းက မတ်တတ်ထရပ်ကာ အခန်းတံခါးဝဆီသို့ လျှောက်သွား၏။ အခန်းတံခါးအရောက်တွင် သူက

www.burmeseclassic.com

www.burmeseclassic.com


'ဆူးမွှန်' ဆိုသည့် ကျောင်းသူကို တစ်ချက်လှည့်ကြည့်ပြီး

"တကယ်လို့ အချိန်စေ့တဲ့အထိ မင်း တောင်းပန်စကားမပြော ဘူးဆိုရင်တော့ ဆရာတို့လုပ်နေကျအတိုင်း ဒဏ်ပေးခံရလိမ့်မယ်၊ ကဲ . . . မော်ကွန်းထိန်းရုံးခန်းက ဒဏ်ပေးရင်ဖြည့်တဲ့ပုံစံစာရွက် သွား တောင်းလိုက်ဦးမယ်"

ဆရာ ဦးစိုးထွန်းက စာသင်ခန်းတံခါးကိုပိတ်ပြီး အပြင်ထွက် သွားစဉ် အမှောင်ရိပ်ဖုံးလွှမ်းနေသော စာသင်ခန်းအပြင်ဘက်ရှိ အမိုက် ပုံးနှစ်ခုကြားမှ လူရိပ်တစ်ခုပေါ်လာသည်။

အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်းနှင့် အနည်းငယ် ဝသော လူငယ်တစ်ယောက် . . .။ ထိုလူငယ်က ဆူးမွှန် ထိုင်နေသော စာသင်ခန်းဆီသို့ ခပ်သွက်သွက်လှမ်းလာ၏။ လူငယ်၏ ဆီလိမ်းထား သောဆံပင်လိမ်ကောက်ကောက်များက ဖရိုဖရဲဖြစ်ကာ ရှုပ်ပွနေသဖြင့် ငှက်သိုက်တစ်ခုကို ခေါင်းမှာစွပ်ထားသည်နှင့်တူနေ၏။

လူငယ်က ပြတင်းပေါက်ကို ခပ်မှန်မှန်ခေါက်လိုက်ပြီး မျက်နှာ ကို ပြတင်းပေါက်မှန်ဖြင့် ကပ်ထားလိုက်သည်။

ဆူးမွှန်က ထိုင်နေရာမှ ခုန်ထပြီး လွှတ်ခနဲအော်လိုက်၏။

"အောင်ခင်ထွန်း!"

ပြီးမှ သူမက ဆရာကြားသွားမည်ကို စိုးရိမ်သောကြောင့် ပါးစပ်ကို ကမန်းကတန်းဘရိတ်အုပ်လိုက်သည်။

ထိုလူငယ်က ခြေဟန်လက်ဟန်ဖြင့်လှမ်းပြော၏။

"ဟဲ့ . . . မြန်မြန်လုပ်လေ"

"ငါ ဒီမှာ ဒဏ်ပေးခံနေရတယ်ဟ"

"အရူးမ"

လူငယ်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ထို့နောက် သူ၏ မျက်နှာကို ပြတင်းပေါက်မှန်ဖြင့်ပြန်ကပ်ရင်း

"နင် . . . ဒီည ငါနဲ့ချိန်းထားတာမမေ့နဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်"

"ငါးနာရီခွဲဆိုရင် ဆုံနေကျကော်ဖီဆိုင်ကို ငါရောက်ပြီ။ အဲဒီဆိုင်မှာ စောင့်နေ"

အောင်ခင်ထွန်း၏စကားကို ဆုးမွန်က ပြန်မဖြေဘဲ ခေါင်းညိတ်ပြလိုက်၏။

ထိုစဉ် စာသင်ခန်းတံခါးကဝုန်းကနဲပွင့်သွားပြီး ဆရာဦးစိုးထွန်းက ခြေလှမ်းကျဲကြီးများဖြင့်ဝင်လာသည်။ သူက ဆုးမွန် ငေးကြည့်နေသောပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။

အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ဝဝဖိုင့်ဖိုင့်၊ မျက်နှာတွင် ဝက်ခြံဗရဗျစ်နှင့် လူငယ်တစ်ယောက်က အမှောင်ထုထဲသို့ ဝင်ပြေးသွားသည်ကို သူ ရိပ်ကနဲတွေ့လိုက်၏။ သူက ရှုံ့ရှာစက်ဆုပ်ဟန်ဖြင့်

"ခုနကပြေးသွားတာ အောင်ခင်ထွန်းလား၊ သူက ဒီကိုဘာလာလုပ်တာလဲ"

"ဘာမှမဟုတ်ပါဘူး"

ဆုးမွန်က ဆူဆူအောင့်အောင့်ဖြင့် ပြန်ဖြေသည်။ သူ့ဘာသာဘာပဲလုပ်လုပ် ဆရာနဲ့မှမဆိုင်တာဟု စိတ်ထဲက ကျိတ်ပြောမိ၏။

ဆရာဦးစိုးထွန်းက ဆုးမွန်၏စားပွဲရှိရာသို့ လျှောက်လာသည်။ သူက အဝါရောင်ပုံစံစာရွက်ကို သူမ၏ရှေ့သို့တင်ပေးလိုက်ပြီး လက်နှစ်ဖက်ကို တင်းတင်းပိုက်လိုက်၏။ သူက ကိုယ်ကိုငုံ့ကိုင်းကာ သေးငယ်သောမျက်ဝန်းများကို မှေးစင်းလိုက်ပြီး

"မင်းကို အနေအထိုင်၊ အပြောအဆိုတွေ ယဉ်ကျေးသိမ်မွေ့အောင်သင်ပေးဖို့ လိုအပ်တယ်. . . ဆုးမွန်၊ ပထမဦးဆုံးအချက်အနေနဲ့ မင်းရဲ့စကားအဆုံးတိုင်းမှာ 'ဟုတ်ကဲ့ပါဆရာ' လို့ ထည့်ပြီးပြောရမယ်"

"ဟုတ်ကဲ့ပါဆရာ. . . ဒါပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆူးမွန်က မေးရင်း ဆရာဦးစိုးထွန်းနှင့် မျက်လုံးချင်းဆိုင်လိုက်သည်။

ဆရာဦးစိုးထွန်းက ရင်အုံကြီးမောက်တက်လာအောင် အသက်ရှူလိုက်ရင်း

"ဒီနေ့ ငါ့စာသင်ခန်းထဲမှာ မင်းပြောခဲ့တဲ့စကားအတွက် ပြန်မတောင်းပန်သေးဘူးလား"

"ဟင့်အင်း. . . ကျွန်မ လုပ်မိတဲ့ကိစ္စတစ်ခုအတွက် ဘယ်တော့မှ နောင်တမရဘူး"

"ဒါဆို မနက်ဖြန်ကျရင် မော်ကွန်းထိန်းက မင်းကို လိုအပ်သလို အရေးယူလိမ့်မယ်"

စကားအဆုံးတွင် ဆရာဦးစိုးထွန်းက အဝါရောင်ပုံစံစာရွက်ကို စာပွဲခုံပေါ်မှ ကောက်ယူပြီး ဆူးမွန်၏မျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်၏။

ဆူးမွန်က ပုံစံစာရွက်ကို ဆတ်ခနဲဆွဲယူလိုက်သည်။ သူမ၏မျက်ဝန်းများက ဆရာဦးစိုးထွန်းကို သေချာစိုက်ကြည့်နေရင်း ပုံစံစာရွက်ကို အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်၏။

"ဟုတ်ကဲ့ပါ ဆရာ. . . ကျွန်မ သွားလို့ရပြီနော်"

ဆူးမွန်က မခိုးမခန့်ပြောရင်း ဦးစိုးထွန်း၏ဘေးမှ ဖြတ်ကာ လှူသွားစင်္ကြံဆီသို့ လျှောက်လာခဲ့သည်။

မီးလုံးများ လင်းတစ်ဝက်မှိန်တစ်ဝက်ဖြစ်နေသောကျောင်းဝင်းအတွင်း မှောင်မည်းတိတ်ဆိတ်နေ၏။ တစီစီအော်မြည်တတ်သော ပိုးမွှားပုရစ်တို့၏အသံမှတစ်ပါး အခြားမည်သည့်အသံကိုမှ မကြားရ။

ဆူးမွန်မှာ သတ္တိနည်းသောမိန်းကလေးတစ်ယောက်မဟုတ်ချေ။ သို့ရာတွင် တစ္ဆေတစ်ကောင်က ချောင်းမြောင်းကြည့်ရှုခြင်းကို ခံရသလိုမျိုး သူမ၏စိတ်ထဲ၌ လုံခြုံမှုမရှိသလို ခံစားရသည်။

သူမ ခြေလှမ်းရပ်ပြီးနောက် ကျောဘက်သို့ ဆတ်ခနဲလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ စာသင်ခန်းပြတင်းပေါက်မှနေ၍ သူမကို ရပ်ငေးကြည့်နေသော ဆရာဦးစိုးထွန်းမှလွဲ၍ တခြား ဘာကိုမျှမတွေ့ရ။

ဆူးမွန်က ရှေ့သို့မျက်နှာပြန်လှည့်လိုက်ပြီး မှောင်မိုက်တိတ်ဆိတ်သော ကျောင်းလမ်းမအတိုင်း ဆက်လျှောက်လာခဲ့သည်။ ကျောင်းဝင်းအပြင်ဘက်တွင် လမ်းမီးများလင်းနေသဖြင့်တော်သေးသည်။

သူမအား တစ်စုံတစ်ယောက်က လိုက်လံချောင်းမြောင်းကြည့်ရှုနေသလို ခံစားရမှုက ပိုမိုစူးရှပြင်းထန်လာ၏။

သူမနောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ စာသင်ခန်းများအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှ မရှိတော့. . .။ ဆရာဦးစိုးထွန်းလည်း အိမ်ပြန်သွားပြီထင်သည်။

ဆူးမွန်မှာ မပြေးရုံတမယ်ခြေလှမ်းများဖြင့် ကျောင်းဝင်းအတွင်းမှ အပြင်သို့ထွက်လာခဲ့၏။ လမ်းဘေးပလက်ဖောင်းပေါ်သို့ ဖြာကျနေသော လမ်းမီးတိုင်များ၏အလင်းရောင်အောက်သို့ရောက်မှ သက်ပြင်းနှင့်အတူ ခြေလှမ်းများ၏အရှိန်ကို သူမလျှော့ချလိုက်သည်။

ဆူးမွန်က နောက်သို့ထပ်မံလှည့်ကြည့်ခြင်းမရှိတော့။ အကယ်၍ သူမ လှည့်ကြည့်မိလျှင်လည်း မည်သည့်အရာကိုမှ မြင်ရလိမ့်မည်မဟုတ်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒေါက်တာငွေစိုးက ခေလွန်းကို စိတ်မကောင်းသလို စိုက်ကြည့်ရင်း

''အိပ်မွေ့ချပြီးကုသဖို့ တကာယ်လိုအပ်နေတဲ့ကိစ္စမျိုးမှာမှ အိပ်မွေ့ချပေးလို့ရတာ. . . မောင်ရင်''

''ကျွန်တော့်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိဘူး ဒေါက်တာ၊ ကျွန်တော့်ကို ဒုတိယနှစ်စာမေးပွဲတွေ ကောင်းကောင်းမွန်မွန်ဖြေနိုင်မယ့် ယုံကြည်မှုရအောင် လုပ်ပေးပါဗျာ''

ဒေါက်တာငွေစိုးက သူ့လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပြီး

''ဒီလိုယုံကြည်မှုမျိုးက တခြားသူတွေရဲ့ ချီးမွမ်းစကားကို မောင်ရင် ကြားရရုံနဲ့တင်ရနိုင်ပါတယ်၊ မောင်ရင့်အဖေက မောင်ရင့်ကို တစ်ခါမှ စိတ်လိုလက်ရ မချီးမွမ်းဘူးလား''

ခေလွန်းက ခေါင်းကို စိတ်ပျက်လက်ပျက်ခါယမ်းလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"အဖေက ကျွန်တော့်ကို အသုံးမကျတဲ့ကောင်လို့ပဲ အမြဲတမ်းပြောတယ်၊ မင်းလိုအသုံးမကျတဲ့ကောင်က ဘာကိုမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်မှာမဟုတ်ဘူးတဲ့"

"ဒီလိုပြောရအောင် မောင်ရင့်အဖေကိုယ်တိုင်ကရော ဘယ်လောက်တောင်အသုံးကျနေလို့လဲ"

"အဖေက ကျောင်းဆရာလေ၊ သူက အင်္ဂလိပ်စာသင်တာ"

"အထက်တန်းကျောင်းမှာသင်တာလား"

"မဟုတ်ဘူး. . .ကျွန်တော်တို့တက္ကသိုလ်က အင်္ဂလိပ်စာဌာနမှာသင်တာ"

"ဒါဆို မောင်ရင့်အဖေက မောင်ရင်တက်နေတဲ့တက္ကသိုလ်က ဆရာပေါ့၊ မောင်ရင့်ဘဝကလည်းဆိုးပါတယ်"

ခေလွန်းက ခေါင်းညိတ်ပြလိုက်ပြီး

"ဟုတ်တယ်. . . အဖေက ရိုးရိုးသာမန်ကျောင်းဆရာဆိုရင် ဒီလောက်အဖြစ်ဆိုးမှာမဟုတ်ဘူး. . . ဒါပေမဲ့. . ."

ခေလွန်းကစကားကို ပြောလက်စတန်းလန်းနှင့် ရပ်ပစ်လိုက်၏။ သူ့အဖေနောက်ကွယ်၌ မကောင်းကြောင်းပြောမိသည့်အတွက် လိပ်ပြာမလုံသလို ဖြစ်လာသည်။

ဒေါက်တာငွေစိုးက ခေလွန်း၏စကားစကို ထောက်ပေးလိုက်၏။

"ဒါပေမဲ့. . . ဘာဖြစ်လဲ"

"ဒါပေမဲ့. . . အဖေက စည်းကမ်းကြီးလွန်းတော့ ကျောင်းသားကျောင်းသူတွေက သူ့ကိုအမြင်ကတ်ကြတယ်လေ"

"သဘောပေါက်ပြီ. . . မောင်ရင့်အဖေကို ကျောင်းသားကျောင်းသူတွေ အမြင်ကတ်တဲ့ကိစ္စက မောင်ရင့်ကိုပါလာပြီး ထိခိုက်သလိုဖြစ်နေတာပေါ့၊ ဒါဆို မောင်ရင်နဲ့ သူငယ်ချင်းဖြစ်ချင်တဲ့သူ တော်တော်ရှားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အဲဒါကတော့ အဖေ့အပြစ်မဟုတ်ပါဘူး။ အဖေက စစ်တက္ကသိုလ်က ကထိကဗိုလ်မှူးဘဝကနေ အရပ်ဘက်ပြောင်းပြီး တက္ကသိုလ်ကထိကဖြစ်လာတာဆိုတော့ လူတွေကို အော်ငေါက်ပြီး ခိုင်းတတ်တဲ့ဉာဉ်ကမပျောက်ဘူး။ တကယ်တော့ သူ့စိတ်ထဲကပါလို့မဟုတ်ဘူး၊ တခြားလူတွေကို သူ ဘယ်လိုဆက်ဆံရမယ်ဆိုတာ တကယ်မသိလို့ပါ။ ကျွန်တော့်ကိုလည်း အသုံးမကျဘူးလို့ပြောပေမယ့် အဖေ့စိတ်ထဲမှာ ဒုတိယနှစ်စာမေးပွဲကိုအောင်စေချင်တဲ့ဆန္ဒရှိမှန်း ကျွန်တော် ရိပ်မိပါတယ်"

"ဒါဆို. . . မောင်ရင်က မီးကုန်ယမ်းကုန်ကြိုးစားပြီး အသုံးမကျဘူးလို့ထင်နေတဲ့ မောင်ရင့်အဖေရဲ့ ယူဆချက်မှားယွင်းတယ်ဆိုတာကို သက်သေထူရမှာပေါ့"

ဆရာဝန်၏စကားကို ခေလွန်းက ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

ဒေါက်တာငွေစိုး၏မျက်နှာက ဒေါသစိတ်ဖြင့် သွေးရောင်လွှမ်းကာ နီရဲလာ၏။ သူက လေသံတိုတိုပြတ်ပြတ်ဖြင့် ပြောလိုက်သောစကားကြောင့် ခေလွန်းမှာ ငယ်ထိပ်ကိုမြွေပေါက်ခံလိုက်ရသလိုဖြစ်သွားပြီး အလန့်တကြားထခုန်မိသည်။

"မောင်ရင့်ကို ကျုပ် အိပ်မွေ့ချပြီးကုစရာမလိုဘူး၊ တကယ်တော့ မောင်ရင့်အဖေဆီက ချိုးနှိမ်စကားတစ်ခွန်းလောက်ကြားလိုက်ရရင် မောင်ရင့်ကိစ္စက အဆင်ပြေသွားပြီ. . . များများစားစားမဟုတ်ဘူး. . . တစ်ခွန်းပဲ"

"ဒါပေမဲ့. . . အဖေ့ဆီက ချိုးနှိမ်စကားကို ကျွန်တော် ဒီတစ်သက်ကြားရမှာမဟုတ်ဘူး"

ခေလွန်းက ပြောပြောဆိုဆိုဖြင့် ရစ်ဝိုင်းလာသောမျက်ရည်စများကို လက်ခုံဖြင့်သုတ်ဖယ်ပစ်ရင်း

"ဒေါက်တာ. . . ကျွန်တော့်ကို မကူညီနိုင်ဘူးလား. . . ဟင်"

www.burmeseclassic.com

www.burmeseclassic.com


"ဒါ. . . မောင်ရင်နဲ့ မောင်ရင့်အဖေတို့နှစ်ယောက်ကြားက ပြဿနာပဲ၊ မောင်ရင့်ကို စာမေးပွဲတွေအောင်အောင် ကျုပ် လုပ်ပေးလို့ရပါတယ်၊ ဒါပေမဲ့ ပြဿနာက ဒီလိုဖြေရှင်းလို့မပြီးဘူးလေ၊ အဓိကပြဿနာက မောင်ရင့်အဖေပဲ၊ မောင်ရင် သူနဲ့သာပြေလည်အောင်ဆွေးနွေးကြည့်ပါ"

"အဖေနဲ့ ဆွေးနွေးဖို့လုံးဝမဖြစ်လို့ပါ ဒေါက်တာ၊ ကျွန်တော်စကားသွားပြောလိုက်တာနဲ့ အဖေက အလိုလိုဒေါသထွက်လာပြီး အော်ငေါက်တော့တာပဲ၊ ကျွန်တော်လည်း ဘာမှဆက်မပြောရဲတော့ဘူး၊ အဖေနဲ့ကျွန်တော် ဘယ်တုန်းကမှ အဆင်ပြေတာမဟုတ်ဘူး. . . ကူညီပါ ဒေါက်တာရယ်. . . ကျွန်တော့်မုန့်ဖိုးတွေစုထားတဲ့ပိုက်ဆံတစ်သောင်းကို ဒေါက်တာ့အတွက် ဆေးဖိုးဝါးခပေးပါ့မယ်"

ခေလွန်းက စကားအဆုံးတွင် ဂျာကင်အကျႌအိတ်ထဲသို့ လက်နှိုက်လိုက်၏။ ဒေါက်တာငွေစိုးက လက်ကာပြလိုက်ပြီး

"ကျုပ်. . . လူနာတစ်ယောက်ကို အိပ်မွေ့ချပြီးကုသခအနေနဲ့ ပိုက်ဆံနှစ်သောင်းယူတယ်၊ ဒါပေမဲ့ တကယ်လိုအပ်တဲ့ကိစ္စတွေကိုပဲ ကျုပ်က အိပ်မွေ့ချပြီးကုသပေးတာ"

ခေလွန်းက အိတ်ကပ်ထဲမှ ပိုက်ဆံများနှင့်အတူ ညပ်ပါလာသောဂျာနယ်စက္ကူစကို ငုံ့ကြည့်ရင်း

"သိပ္ပံစမ်းသပ်မှုကို အကူအညီပေးရင် အထူးနှုန်းနဲ့ ဈေးလျှော့ပေးတယ်လို့ကြော်ငြာထဲမှာ ရေးထားတယ်၊ တကယ်လို့ ဒေါက်တာ့ရဲ့ သိပ္ပံစမ်းသပ်မှုမှာ ကျွန်တော်ဝင်ကူညီမယ်ဆိုရင်ကော. . ."

ဒေါက်တာငွေစိုး၏ တင်းမာခက်ထန်နေသောမျက်နှာက အနည်းငယ်ပြေလျော့ကျသွားသည်။

"မင်း တကယ်ပြောတာလား"

"ကျွန်တော့်တစ်ကိုယ်လုံးကို အပိုင်းပိုင်း မဖြတ်ထစ်ပစ်ဘူးလို့ အာမခံရင်တော့ ကူညီမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . မောင်ရင့်ကို လက်ဖျားနဲ့တောင်တို့မှာမဟုတ်ဘူး၊ သိပ္ပံစမ်းသပ်မှုဆိုတာ အိပ်မွေ့ချပြီး မောင်ရင့်ရဲ့စိတ်ကို လေ့လာရုံပဲ၊ ဒါကို ကျုပ် သုတေသနလုပ်နေတာ နှစ်ပေါင်းငါးဆယ်နီးပါး ရှိပြီ၊ ကျုပ်ရဲ့စမ်းသပ်မှုကို 'ဘဝင်စိတ်ကျခြင်း' လို့ခေါ်တယ်၊ ဘဝင်စိတ်ကျတယ်ဆိုတာ သိစိတ်ရဲ့ညွှန်ကြားလုပ်ဆောင်ချက်မပါဘဲ ပကတိစိတ်အခြေအနေပြန်ရောက်သွားတာကိုပြောတာ မောင်ရင်ကြားဖူးလား"

"ဟင့်အင်း. . . အခုမှပဲ ကြားဖူးတော့တယ်"

ခေလွန်းက နဝေတိမ်တောင်ဖြင့် ခေါင်းကိုခါယမ်းရင်းပြောလိုက်၏။

ဒေါက်တာငွေစိုးက ဆေးတံထဲသို့ ဆေးတစ်ဆုံပြန်ဖြည့်လိုက်ရင်း

"လူမှာ 'ရုပ်ခန္ဓာ' နဲ့ 'စိတ်ဝိညာဉ်'ဆိုပြီး နှစ်မျိုးရှိတယ်။ ရုပ်ခန္ဓာသေသွားတဲ့အခါ စိတ်ဝိညာဉ်ကလည်း တစ်ခါတည်းသေသွားတယ်လို့ တချို့က ယုံကြတယ်။ ကျုပ်ကတော့ စိတ်ဝိညာဉ်က မသေဘဲ အသက်ရှင်ပြီးကျန်ခဲ့တယ်လို့ယူဆတယ်"

ခေလွန်းက စိတ်ဝင်စားစွာ ခေါင်းညိတ်ပြရင်း

"မသေဘဲ ကျန်ခဲ့တဲ့ စိတ်ဝိညာဉ်ဆိုတာ တစ္ဆေသရဲလိုဟာမျိုးကိုပြောတာလား"

"မောင်ရင်ကြိုက်သလိုယူဆနိုင်တယ်၊ ဒါပေမဲ့ ဝိညာဉ်ဆိုတာ သူတို့အသက်ရှင်ခဲ့တုန်းကနေရာတွေမှာလျှောက်သွားနေတယ်၊ လေထဲမှာလွင့်မျောနေတယ်ဆိုတာတွေကို ကျုပ် အယုံအကြည်မရှိဘူး၊ ကျုပ်ကတော့ ဝိညာဉ်တွေဟာ ရုပ်ခန္ဓာအသစ်တစ်ခုထဲဝင်သွားပြီး နောက်ထပ်လူတစ်ယောက်အဖြစ်နဲ့ ဘဝသစ်ပြန်စတယ်လို့ယုံကြည်တယ်"

ဒေါက်တာငွေစိုး၏စကားကြောင့် ခေလွန်းက မျက်မှောင်ကြုတ်လိုက်ပြီး

"ဒါ. . . ဒါဆိုရင်. . . အခု ကျွန်တော့်ကိုယ်ထဲမှာရှိနေတဲ့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဟာ အရင်တုန်းက တခြားရုပ်ခန္ဓာတစ်ခုထဲမှာ အသက်ရှင်နေခဲ့ဖူးတယ်ဆိုတဲ့သဘောပေါ့"

"မောင်ရင့်ရဲ့ရုပ်ခန္ဓာကို မော်တော်ကားတစ်စီးလိုမြင်ကြည့်လိုက်လေ၊ အဲဒီကားက ဘဝလမ်းကြောင်းအတိုင်း တရွေ့ရွေ့သွားနေတာပေါ့၊ အချိန်တန်တဲ့အခါ ကားပျက်ပြီး ထိုးရပ်သွားလိမ့်မယ်၊ အဲဒီအချိန်ကားပေါ်မှာ စိတ်ဝိညာဉ်ဆိုတဲ့ ခရီးသည်ပါလာတယ်၊ ကားပျက်သွားတာနဲ့ စိတ်ဝိညာဉ်ခရီးသည်က ကားပေါ်ကဆင်းပြီး နောက်ထပ်ကားတစ်စီးကို ပြောင်းစီးသွားတယ်လေ၊ အဲဒီလိုနည်းနဲ့ ကျုပ်တို့ရဲ့စိတ်ဝိညာဉ်တွေက ခရီးနှင်နေကြတာပေါ့"

ခေလွန်းအနည်းငယ်သဘောပေါက်စပြုလာသည်။

"ကားတစ်စီးပျက်လိုက်. . . နောက်ကားတစ်စီးပြောင်းစီးလိုက်. . . ဒါတွေပဲ ထပ်တလဲလဲဖြစ်နေတာလား၊ ဘဝခရီးလမ်းဆုံးတဲ့အထိ ဘယ်သူမှရောက်အောင်မသွားနိုင်ကြဘူးလား"

"ကျုပ်လည်း အဲဒီကိစ္စကို စမ်းသပ်မှုတွေလုပ်ပြီး အဖြေရှာနေတာပဲ၊ မောင်ရင် အခုလက်ရှိဘဝမှာ အရင်ဘဝကိုပြန်ပြီး မှတ်မိမှာမဟုတ်ဘူး၊ မောင်ရင့်စိတ်ဝိညာဉ်က ခေလွန်းရဲ့ရုပ်ခန္ဓာနဲ့ အရမ်းကိုအသားကျနေပြီ"

"အဲဒီတော့. . ."

"အဲဒီတော့. . . မောင်ရင့်စိတ်ဝိညာဉ်ကို ရုပ်ခန္ဓာနဲ့ ခဏခွဲထုတ်ရမယ်၊ ဒါဆို မောင်ရင့်ရဲ့အရင်ဘဝကို အနည်းဆုံးတစ်ခုလောက်တော့ ပြန်မှတ်မိမှာ ကျိန်းသေတယ်"

"အိပ်မွေ့ချတဲ့နည်းနဲ့ ခွဲထုတ်မှာလား ဒေါက်တာ"

"သိပ်ဟုတ်တာပေါ့. . . ဒါပေမဲ့ မောင်ရင် ဘာဝေဒနာမှမခံစားစေရပါဘူး၊ အိပ်မွေ့အချခံရပြီး ပြန်နိုးလာတာနဲ့ မောင်ရင် နဂိုပုံမှန်အတိုင်းဖြစ်နေမှာပဲ"

ခေလွန်းက ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်၏။ စိတ်လှု

www.burmeseclassic.com

www.burmeseclassic.com



ရှားမှုကြောင့် သူ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။ သူက

"ကျွန်တော့်ကိုယ်ကျွန်တော်ရော ယုံကြည်မှုရှိလာမှာလား"

ဒေါက်တာငွေစိုးက ဆေးတံကို မီးညှိလိုက်ပြီး

"စိတ်ချ. . . မောင်ရင့်ရဲ့လက်ရှိဘဝပြဿနာကို အရင်ရှင်းပေးမယ်၊ ပြီးမှ မောင်ရင့်ရဲ့အရင်ဘဝနဲ့စကားပြောမယ်. . . အိပ်မွေ့ချထားတဲ့အချိန်မှာ သိစိတ်ပျောက်နေတော့ မောင်ရင် ဘာမှသိမှာမဟုတ်ဘူး"

"ဒီအကြောင်းတွေ ကျွန်တော် ပြန်သိချင်ရင် ဘယ်လိုလုပ်ရမလဲ ဒေါက်တာ"

"မပူပါနဲ့. . . မောင်ရင့်ကို အိပ်မွေ့ချနေတဲ့အချိန်မှာ ကျုပ် အသံဖမ်းထားမှာပါ၊ မောင်ရင်ကြိုက်တဲ့အချိန် ပြန်နားထောင်ကြည့်လို့ ရတယ်"

ခေလွန်းက သေချာအလေးအနက်စဉ်းစားပြီးမှ

"ဒီလိုအိပ်မွေ့ချခံရတာ ဘာဆိုးကျိုးမှမဖြစ်ပါဘူးနော်"

"ဟား. . . ဟား. . . ကျုပ် . . . အိပ်မွေ့ချပြီး ဆေးကုလာတာ လူပေါင်းရာနဲ့ချီနေပြီ မောင်ရင်၊ တိုင်ရတောရလောက်အောင် ပြဿနာ ပေါ်တယ်ဆိုတာ တစ်ခါမှမရှိခဲ့ဖူးဘူး၊ မောင်ရင်ရှေ့ဆက်ပြီး အစမ်းသပ် ခံချင်စိတ်ရှိသေးရဲ့လား"

ခေလွန်း ချီတုံချတုံဖြင့် စဉ်းစားနေမိ၏။ သူလိုချင်သည့် ယုံကြည်မှုမျိုးမရဘဲနှင့်တော့ အိမ်မပြန်နိုင်ပါ။

တိတ်ဆိတ်သွားသောအခန်းထဲတွင် နာရီလက်တံတစ်ချက်ချက် မြည်သံကိုသာ ခပ်မှန်မှန်ကြားနေရသည်။ တစ်စက္ကန့်သာခြားနားသော နာရီသံနှစ်ခုအကြား တိတ်ဆိတ်မှုက ရှည်လျားကြာမြင့်လွန်းသည်ဟု ထင်မှတ်ရ၏။ မမြင်ရသောတစ်စုံတစ်ရာကလည်း ခေလွန်း၏ဆုံးဖြတ်ချက်ကို တိတ်ဆိတ်စွာပင့်သက်မပြီး စောင့်စားနေသလိုပင်. . .။

နောက်ဆုံးတွင် ခေလွန်းက အခိုင်အမာဆုံးဖြတ်ပြီးဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . ကျွန်တော် အိပ်မွေ့ချပြီးအစမ်းသပ်ခံမယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဆူးမွန်မှာ ကျောင်းမှနေ၍ မြို့လယ်ခေါင်ဆီသို့ ရွံ့တွန့်တွန့်ဖြင့် လျှောက်လာခဲ့၏။ မီးရောင်ထိန်ထိန်လင်းအောင် ထွန်းညှိထားသော ဆိုင်များရှိရာ မြို့လယ်ခေါင်သို့ရောက်မှ သူမ အနည်းငယ် စိတ်သက်သာရာရမိသည်။

သူမက ခေတ်မီအဝတ်အစားများ၊ နောက်ဆုံးပေါ်သီချင်းခွေများရောင်းချသည့်ဆိုင်များကို ငေးမောရင်း ဖြည်းဖြည်းချင်းလျှောက်လာ၏။ မကြာခဏဆိုသလို နောက်ကျောဘက်သို့လည်း လည်ပြန်လှည့်ကြည့်မိသေးသည်။ ယခုအခါတွင် သူမနောက်သို့ မည်သူမှ လိုက်လာခြင်းမရှိကြောင်း သေချာသွား၏။

အောင်ခင်ထွန်းက ငါ့ကို ကော်ဖီဆိုင်မှာ ကြိုစောင့်နေရင် သိပ်ကောင်းမှာပဲဟု သူမတွေးလိုက်မိသည်။ သို့ရာတွင် အောင်ခင်ထွန်းမှာ ချိန်းဆိုထားသည့်နေရာသို့ တစ်ခါမှကြိုရောက်လာခြင်းမရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲမှ သေချာသိနေ၏။

ဆူးမွန်က ခါးသီးစွာတွေးရင်း ပလက်ဖောင်းပေါ်မှ စည်သွပ်ဘူးခွံတစ်ခုကို ခပ်ဝေးဝေးလွင့်သွားအောင် ကန်ထုတ်လိုက်သည်။ ထို့နောက် ကော်ဖီဆိုင်ရှိရာသို့ ဖြည်းဖြည်းချင်းလျှောက်လာခဲ့၏။

အောင်ခင်ထွန်းနှင့်ပတ်သက်၍ ဆူးမွန်မကြိုက်တာတစ်ခုရှိသေးသည်။ အောင်ခင်ထွန်းမှာ ဆူးမွန်နှင့်လျှောက်လည်လျှင်တောင်မှ မိုက်ဖော်မိုက်ဖက်သူငယ်ချင်းများဆီသို့သာသွားတတ်၏။ ဆူးမွန်ဘယ်သွားချင်လဲဟု တစ်ခါမှ အဖက်လုပ်ပြီး မေးဖော်မရ။ ပြီးတော့ အောင်ခင်ထွန်းနှင့် အအေးဆိုင် (သို့မဟုတ်) ဆိုင်တစ်ခုခုမှာထိုင်လျှင်လည်း စားသောက်ထားသမျှကို သူမကသာ ဒိုင်ခံရှင်းရသည်။

ထိုအကြောင်းတွေပြန်ရင်ဖွင့်သည့်အခါ သူမ၏သူငယ်ချင်း 'ငယ်လေး' က တခစ်ခစ်ရယ်ရင်း

"ဒါဖြင့် နင် သူ့ကိုမချစ်ဘူးလား"

ဟု မေးဖူး၏။

'မချစ်ဘူးလား' . . . ဟင့်အင်း . . . သူမ အောင်ခင်ထွန်းကိုချစ်ဖို့ဆိုတာဝေးစွ၊ ကြိုက်ဖို့ပင် အတော့်ကို အချိန်ယူပြီး စဉ်းစားရလိမ့်မည်။ အောင်ခင်ထွန်းလို ပြိတ္တာကိုယ်လုံးနှင့် ခန္ဓာကိုယ်မှ အနံ့အသက်ပေါင်းစုံထွက်နေသောလူတစ်ယောက်နှင့် သူမ ရေရှည်လက်တွဲသွားဖို့ မဖြစ်နိုင်ရေးချမဖြစ်နိုင် . . .။

လမ်းထောင့်ချိုးတစ်ခုကို ချိုးကွေ့လိုက်ရင်း သူမ တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်သည်။

တော်ပြီ . . . ဒီည အောင်ခင်ထွန်းနှင့်တွေ့လျှင် သူနှင့်ရေ့ဆက်စရာဇာတ်လမ်းမရှိကြောင်း လမ်းခွဲစကားပြောလိုက်တော့မည်။ ညသူကမှ သူမကို ဟန့်တားနိုင်မည်မဟုတ် . . .။ ကျောင်းတွင် လူတကာကို ဗိုလ်ကျနေသည့် အောင်ခင်ထွန်းကို သူမ မကြောက်ပါ။ အောင်ခင်ထွန်းမှာ သူမအတွက်တော့ ကိုယ့်ထက်ငယ်သော ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



များနှင့် သဘောကောင်းသောဆရာ၊ ဆရာမများအပေါ်တွင်သာ အနိုင်ယူဆိုးသွမ်းနိုင်သည့် အီးပေါ်လောတစ်ယောက်သာဖြစ်သည်။

အောင်ခင်ထွန်းနှင့်အတူ ပေါးလားဟားလားလုပ်နေသည့် သူငယ်ချင်းအပေါင်းအသင်းများကြားမှ လွင့်ထွက်သွားမည်ကိုသာ သူမ စိုးရွံ့မိ၏။ တကယ်တော့ ဆူးမွန်မှာ အောင်ခင်ထွန်း၏ရည်းစားဖြစ်ရသည့်အတွက် အခြားသူများက သူမကိုပါ မဆီမဆိုင်ကြောက်ရွံ့နေရသည့်ဘဝကို သာယာပျော်ပိုက်နေခြင်းသာဖြစ်သည်။

မြို့လယ်ခေါင်တွင် တစ်နေကုန်ရောင်းချနေသည့် ဆိုင်တော်တော်များများမှာ ညနေစောင်းသည်နှင့် ဆိုင်ပိတ်ကာ အိမ်ပြန်ကုန်ကြလေပြီ။ ထိုဆိုင်များအကြားတွင် 'စာပေကမ္ဘာ' ဆိုသည့် စာအုပ်အရောင်းဆိုင်တစ်ဆိုင်သာ မပိတ်သေးဘဲ ထီးတည်းကြီးကျန်နေ၏။

ဒီလ ဘာမဂ္ဂဇင်းစာအုပ်တွေ အသစ်ထွက်သေးလဲမသိဘူးဟု တွေးရင်း ဆူးမွန်က စာအုပ်ဆိုင်တံခါးကိုတွန်းဖွင့်ကာဝင်သွားသည်။ ဘေးပတ်ပတ်လည်တွင် သပ်ရပ်စွာစီရီထားသောစာအုပ်စင်များကြောင့် သူမ၏စိတ်ထဲတွင် အနည်းငယ်လုံခြုံမှုရှိလာသလို ခံစားရ၏။ သူမက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဆွဲယူပြီး ဟိုဟိုဒီဒီ လှန်လှောဖတ်ရှုကြည့်လိုက်သည်။

မြို့လယ်ခေါင်ရှိ ဗိုလ်ချုပ်လမ်းမကြီးမှာ ထူးခြားစွာဖြင့် လူသွားလူလာရှင်းလင်းကာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဈေးဝယ်သူ နည်းပါးသဖြင့် ကျိုးတို့ကျဲတဲသာဖွင့်ထားသောဈေးကြီးလမ်းထဲမှ ဆိုင်များကို ဆူးမွန်တစ်ချက် ငေးကြည့်လိုက်မိသည်။ ဆိုင်ခန်းများကြားရှိ လူနေတိုက်ခန်းများထဲတွင် ဟောင်းနွမ်းညစ်ပေနေသောအစိမ်းပုပ်ရောင်တံခါးတစ်ချပ်ကို ဆူးမွန် အမှုမဲ့အမှတ်မဲ့ သတိထားမိ၏။

ထိုတံခါး၏နောက်ကွယ်မှ အရိပ်တစ်ခုက သူမကို လှမ်းပြီး ငေးစိုက်ကြည့်နေသလိုခံစားရသည်။

သူမက မျက်နှာပြန်လွှဲကာ ပခုံးတွန့်လိုက်ပြီး အခြားမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com


စာအုပ်တစ်အုပ်ကို ဆွဲယူပြီးဖတ်နေလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒေါက်တာငွေစိုး၏အခန်းထဲတွင်တော့ ဆရာဝန်ကြီးက ခေလွှန်းအား တိုးဖျော့ညင်သာသော်လည်း ပြတ်သားသောလေသံဖြင့် တဖွဖွ ရေရွတ်အမိန့်ပေးနေသည်။

"ထိုင်ခုံပေါ်မှာ သက်တောင့်သက်သာထိုင်ပြီး တစ်ကိုယ်လုံးက အကြောတွေကိုလျှော့ထား. . . စိတ်အေးအေးထားပြီး နံရံပေါ်ကနာရီကို လှမ်းကြည့်နေ. . . မိနစ်လက်တံက ငါးနာရီထိုးဖို့ ငါးမိနစ်ကိုရောက်နေပြီ. . . အဲဒီမိနစ်လက်တံကို အာရုံစိုက်ပြီး လက်တံရွေ့တာကို သေချာလိုက်ကြည့်နေ. . . မိနစ်လက်တံက ငါးနာရီကိုရောက်တဲ့အထိ မောင်ရင်မြင်ရမှာမဟုတ်ဘူး. . . မောင်ရင် မကြာခင်အိပ်မောကျသွားလိမ့်မယ်"

ခေလွှန်း၏စိတ်ထဲမှ တစ်စုံတစ်ရာက ဒေါက်တာငွေစိုး၏ ညွှန်ကြားချက်ကို လက်မခံဘဲ မျက်လုံးအစုံကို ပြူးပြီးတောင့်ခံထားရန် တိုက်တွန်းနေ၏။ သို့ရာတွင် ခေလွှန်း၏ကြိုးစားမှုက နေလာညပျောက်

www.burmeseclassic.com

www.burmeseclassic.com


သလိုအချည်းနှီးပင်။

ဒေါက်တာငွေစိုးက လေသံမှန်မှန်တိုးတိုးဖြင့်

"မောင်ရင့်ရဲ့ကိုယ်ခန္ဓာက ပင်ပန်းနွမ်းနယ်နေပြီ. . . ဒီနေ့ကျောင်းမှာ အလုပ်များလာလို့ မောင်ရင် ကောင်းကောင်းအနားယူဖို့လိုနေပြီ"

ဒေါက်တာငွေစိုး၏ ညွှန်ကြားချက်က ခေလွှန်းအတွက် လက်မခံနိုင်စရာမရှိ။ မိနစ်လက်တံရွေ့လျားသွားဖို့စောင့်နေရသည်ကို သူစိတ်မရှည်သလိုဖြစ်လာသည်။

"မောင်ရင့်ရဲ့ခြေထောက်တွေက ကျောက်နဲ့လုပ်ထားသလိုလေးလံလာပြီး ဘာခံစားမှုမှမရှိတော့ဘူး. . . နာရီလက်တံကို အာရုံစိုက်ကြည့်နေ. . . နာရီလက်တံရွေ့သံကို နားထောင်နေ"

ခေလွှန်းကို သိပ်တိုက်တွန်းရန်မလိုအပ်ချေ။ နာရီလက်တံရွေ့သံက သူ့နားထဲတွင် မိုးခြိမ်းသံကဲ့သို့ကျယ်လောင်တုန်ဟီးစွာမြည်နေ၏။ တစ်စက္ကန့်စီ၏အကြားမှ တိတ်ဆိတ်ငြိမ်သက်မှုက မှောင်မည်းတိတ်ဆိတ်သောသမုဒ္ဒရာထဲသို့ နစ်မြုပ်သွားသလိုခံစားရသည်။

"မောင်ရင့်ရဲ့မျက်ခွံတွေကလည်း တဖြည်းဖြည်းလေးလာပြီ၊ မကြာခင် မျက်လုံးစုံမှိတ်ပြီး အိပ်ပျော်သွားတော့မယ်"

ဒေါက်တာငွေစိုး၏စကားသံကိုနားထောင်ရင်း အခန်းတစ်ခုလုံးက တဖြည်းဖြည်းဝေသီမှုန်ဝါးလာ၏။

"မောင်ရင် အိပ်ပျော်ဖို့အချိန်ကျပြီ. . . ကျုပ်က ပြန်ထလို့မပြောမချင်း မောင်ရင် အိပ်ပျော်နေမယ်၊ မောင်ရင် အိပ်ပျော်နေချိန်မှာ ကျုပ်စကားသံကို နားထောင်ပြီး လိုက်နာရမယ်၊ အခြား ဘာသံမှ မောင်ရင် ကြားရမှာမဟုတ်ဘူး"

ခေလွှန်း၏ပါးစပ်က အနည်းငယ်ပွင့်ဟသွားပြီး သူ့အသက်ရှူသံက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသူတစ်ယောက်လို လေးလေးနှင့်မှန်မှန် ထွက်ပေါ်လာသည်။

ဆရာဝန်အိုကြီးက ကုလားထိုင်မှထလာပြီး ခေလွှန်း၏လက်

www.burmeseclassic.com

www.burmeseclassic.com


ကောက်ဝတ်ကိုကိုင်ကာ သေွးခုန်နှုန်းစမ်းသပ်ကြည့်လိုက်၏။ ပြီးမှ သူက ကျောနပ်အားရစွာခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ခေလွန်း၏လက်ကို အသာအယာလွှတ်ချလိုက်သည်။

ဒေါက်တာငွေစိုးက သွက်လက်ဖျတ်လတ်စွာ အမိန့်ပေးလိုက်ပြန်၏။

"ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပါ. . . လူလေး၊ အခု ယုံကြည်မှုက မောင်ရင့်ရဲ့အသွေးအသားထဲမှာလှည့်ပတ်ပြီး စီးဆင်းနေပြီ၊ မောင်ရင် နိုးထလာတာနဲ့ မောင်ရင့်အဖေကိုသာမကဘူး၊ တစ်လောကလုံးကို ရင်ဆိုင်ရဲလောက်အောင် ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာမယ်"

"အင်း. . ."

"နောက်ဆို မင်းအဖေကဆူရင် ဘာပြောမလဲ"

"ကိ. . . စ္စ. . . မ. . . ရှိ. . . ပါ. . . ဘူး. . ."

ခေလွန်းက အရက်မူးနေသူတစ်ယောက်လို အာလေးလျှာလေးဖြင့် ပြန်ဖြေ၏။

"ကိစ္စမရှိပါဘူး. . . ဟုတ်လား. . . ဘာကိုကိစ္စမရှိတာလဲ"

"ဘာမှမဟုတ်ဘူး၊ ဘာကိုမှကိစ္စမရှိတာ"

ခေလွန်းက ခပ်ဆတ်ဆတ်ပြန်ဖြေလိုက်သည်။ သူ့မျက်လုံးများက ဖြည်းဖြည်းချင်းပြန်ပွင့်လာ၏။ သို့ရာတွင် ခေလွန်း၏မျက်ဝန်းများက နံရံပေါ်မှနာရီကို ကြည့်နေခြင်းမဟုတ်ဘဲ အဝေးတစ်နေရာသို့ ငေးကြည့်နေသလိုမျိုး တွေလွင့်ဝေရီနေကြသည်။

ခေလွန်းက အိပ်မက်မက်နေသကဲ့သို့ ကယောင်ကတမ်းဖြင့်

"အဖေ. . . ကျွန်တော့်ကို အကြောင်းသက်သက်မဲ့ စိုးရိမ်စိတ်တွေဝင်နေတာပါ၊ အဖေ. . . ကျွန်တော့်အတွက် လုံးဝစိတ်မပူပါနဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှုအပြည့်ရှိတယ်၊ ကျွန်တော်ဟာ အဖေ ဂုဏ်ယူလောက်တဲ့သားကောင်းတစ်ယောက်ဖြစ်လာစေရမယ်"

စကားအဆုံးတွင် ခေလွန်း၏မျက်လုံးများ ပြန်မှိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ခေလွန်း၏ပုံစံက သူ့အဖေပြန်ပြောသည့် ဆုံးမစကားကို နား ထောင်နေသလိုမျိုး. . .။

အိပ်မွေ့ချဆရာဝန်က ကျေနပ်အားရစွာပြုံးရင်း . . .

"ကောင်းတယ် ခေလွန်း၊ ဒါမှ မောင်ရင့်ကိုယ်မောင်ရင် ယုံကြည်မှုရှိလာမှာ၊ ကျုပ်ပြောတာသေချာနားထောင်၊ မောင်ရင် အခက်အခဲတွေနဲ့ ရင်ဆိုင်ရပြီး ကျဉ်းထဲကျပ်ထဲရောက်တဲ့အခါတိုင်း 'ငါလုပ်နိုင်တယ်'ဆိုတဲ့စကားလေးလုံးကို အခေါက်ခေါက်အခါခါရွတ်ဖို့ ဘယ်တော့မှမမေ့နဲ့"

"ငါလုပ်နိုင်တယ်"

ခေလွန်းက သံယောင်လိုက်ပြီး ရွတ်ဆိုကြည့်လိုက်သည်။

"ကျုပ်ပြောခဲ့တာတွေအားလုံးကို မောင်ရင် ပြန်မှတ်မိမှာမဟုတ်ဘူး၊ ဒါပေမဲ့ 'ငါလုပ်နိုင်တယ်' ဆိုတဲ့စကားတစ်ခွန်းကတော့ အခက်အခဲကြုံရင် ထုတ်သုံးဖို့အတွက် မောင်ရင့်ရဲ့မသိစိတ်တစ်နေရာမှာ စွဲစွဲမြဲမြဲမှတ်မိနေလိမ့်မယ်"

ဒေါက်တာငွေစိုးက ထိုင်ရာမှထကာ အသံဖမ်းစက်ထည့်ထားသည့်အံဆွဲရှိရာဆီသို့ လျှောက်သွား၏။

သူက အံဆွဲကိုဖွင့်ကာ အသံဖမ်းစက်ကိုထုတ်ယူပြီး စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် အသံဖမ်းသည့် (record) ခလုတ်ကိုနှိပ်ရင်း . . .

"ခေလွန်း"

"ဗျာ"

ခေလွန်း၏ဦးခေါင်းက သူ့နာမည်ကိုခေါ်ငင်လိုက်သောနေရာဆီသို့ လှည့်လာ၏။ သူ့မျက်လုံးများကတော့ မှိတ်မြဲမှိတ်လျက်။

ဒေါက်တာငွေစိုးက ချောင်းဟန့်လိုက်ပြီး . . .

"ဒီဘဝမှာ မောင်ရင့်နာမည်ကခေလွန်းပေါ့၊ မောင်ရင် မမွေးသေးတဲ့ ဟိုအရင်အတိတ်ဘဝကို ကျုပ်တို့ ပြန်သွားကြရအောင်၊ အရင်

www.burmeseclassic.com

www.burmeseclassic.com



ဘဝတုန်းကတော့ မောင်ရင့်နာမည်က ခေလွန်းမဟုတ်ပါဘူးနော်"

ခေလွန်းထံမှ တုံ့ပြန်စကားသံမကြားရဘဲ အချိန်အတန်ကြာ မြင့်စွာ နှုတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအချိန်တွင် အေးစိမ့်သော အရိပ်တစ်ခုက ခေလွန်း၏နောက်ကျောမှတဆင့် သူ့ကိုယ်ခန္ဓာထဲသို့ သုစ်ကနဲပြေးဝင်သွား၏။ ရက်စက်ကြမ်းကြုတ်အေးစက်သော တစ္ဆေတစ်ကောင်က ခေလွန်း၏ခေါင်းထဲသို့ တိုးဝင်နေရာယူလိုက်သလိုမျိုး။

အဖြစ်အပျက်က မြန်ဆန်လွန်းသောကြောင့် ခေလွန်း လူရိပ် နှစ်ခုဖြစ်သွားသည်ကို ဒေါက်တာငွေစိုး သတိမထားမိလိုက်။

နောက်ဆုံးတွင် လူငယ်က . . .

"မဟုတ်ဘူး"

ထိုအဖြေကြောင့် ဒေါက်တာငွေစိုး၏မျက်လုံးများက တလက် လက်တောက်ပလာပြီး . . .

"ဒါဖြင့် အရင်ဘဝတုန်းက မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ"

လူငယ်က အိပ်မက်မှလန့်နိုးလာသူတစ်ယောက်လို ပုံစံမျိုး ဖြင့် . . .

"စိုင်း. . . ဝေ. . . ဌေ"

"ဘာ. . . ဘယ်သူ"

"စိုင်းဝေဌေ"

အေးစိမ့်သောလေပြင်းတစ်ချက်က အခန်းတစ်ခုလုံးကို ဝေ့ဝဲ တိုက်ခတ်လိုက်သည်။ လူငယ်က ချောင်းတစ်ချက်ဆိုးလိုက်စဉ် သူ့ မျက်လုံးအစုံက ဖျတ်ကနဲပွင့်လာပြီး ချက်ချင်းပြန်မှိတ်သွား၏။

လူငယ်၏နှုတ်ခမ်းထောင့်စွန်းတွင် ဖျော့တော့သောအပြုံးတစ် ခု ပေါ်လာသည်ကို ဒေါက်တာငွေစိုး သတိမထားမိချေ။

"ကောင်းပြီ. . . စိုင်းဝေဌေ၊ မောင်ရင် ဘယ်နှခုနှစ်က ကွယ်လွန် ခဲ့တာလဲ မှတ်မိသေးလား"

လူငယ်က နဖူးကြောကြီးများ ရှုံ့တွလာအောင် ဦးစားလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မှ . . .

"ဘာဖြစ်လို့လဲ မှတ်မိတာပေါ့၊ ၁၈၈၁ ခုနှစ်လေ"

■

www.burmeseclassic.com

www.burmeseclassic.com

[illegible]

## အခန်း (၆)

ဆူးမွန်က စာအုပ်ကို တန်းပေါ်သို့ပြန်တင်လိုက်၏။

ယခုတလော စာအုပ်အလစ်သုတ်သမားတွေများလွန်းသောကြောင့် စာအုပ်ဆိုင်မှ အရောင်းစာရေးမက ဆူးမွန်ကို သင်္ကာမကင်းသောမျက်လုံးများဖြင့် ဒေါက်ထောက်ကြည့်နေသည်။

ဆူးမွန်ကလည်း သူမအား စာအုပ်ဆိုင်မှအရောင်းစာရေးမက သေချာစိုက်ကြည့်နေမှန်း သတိထားမိ၏။ သို့ရာတွင် ထိုကိစ္စက သူမအတွက် မမြင်နိုင်သော အေးစိမ့်စိမ့်မျက်ဝန်းတစ်စုံက စိုက်ကြည့်ခြင်းခံရနေသည့်အဖြစ်လောက် မဆိုးဝါးလှချေ။

သူမကိုယ်သူမ မုဆိုးတစ်ယောက်၏ ချောင်းမြောင်းဖမ်းဆီးခြင်းကိုခံရတော့မည့် သားကောင်တစ်ကောင်လို ခံစားလာရသည်။

အပြင်မှာလျှောက်သွားရတာ အန္တရာယ်များတယ်၊ ဆူးအောင်ခင်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနဲ့ချိန်းထားတဲ့အချိန်ရောက်မှ ကော်ဖီဆိုင်ကိုသွားတော့မယ်ဟု ဆူးမွန် စိတ်ပိုင်းဖြတ်လိုက်၏။

ဆူးမွန်က နောက်ထပ်မဂ္ဂဇင်းစာအုပ်တစ်အုပ်ကိုဆွဲယူပြီး စိတ်မပါလက်မပါဖြင့် ဖတ်နေလိုက်သည်။ သို့ရာတွင် သူမ၏မျက်ဝန်းများကတော့ မဂ္ဂဇင်းစာအုပ်ကိုကျော်လွန်၍ ဈေးကြီးလမ်းတစ်နေရာဆီသို့ မှုန်ဝါးဝေသီစွာ စိုက်ကြည့်နေမိတော့၏။

●

ဒေါက်တာငွေစိုးက ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ပါပြီ စိုင်းဝေဠု၊ အခု မောင်ရင့်ရဲ့မျက်လုံးတွေ ဖွင့်ကြည့်လို့ရပါပြီ"

လူငယ်က သိလိုစိတ်ပြင်းပြစွာဖြင့် ဆရာဝန်စေခိုင်းသည့်အတိုင်း မျက်ဝန်းအစုံကို ဖွင့်ကြည့်လိုက်သည်။

သူက တအံ့တသြဖြင့် . . .

"ဟင် . . . ဘယ်နေရာရောက် . . ."

"စိတ်မပူပါနဲ့၊ ကျုပ်ရဲ့မေးခွန်းတွေဖြေပြီးတာနဲ့ မောင်ရင်သိချင်တာတွေ အကုန်ပြောပြပါ့မယ် . . . အိုကေ"

"ဗျာ . . . ဘာပြောတာလဲ"

"ကျုပ် နည်းနည်းမေးစရာရှိတယ်လို့ ပြောတာပါ"

"မဟုတ်ဘူး၊ ခုနက 'အိုကေ' ဆိုတာဘာစကားလဲ၊ ဘာအဓိပ္ပါယ်လဲ"

"ဟုတ်သားပဲ၊ မောင်ရင်က (၁၈၈၁)ခုနှစ်ကတည်းက ကွယ်လွန်ခဲ့တာဆိုတော့ 'အိုကေ' ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို ဘယ်နားလည်ပါ့မလဲ၊ အိုကေဆိုတာ မြန်မာလို 'သဘောတူလား၊ ဟုတ်ပြီလား' လို့မေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်ပြီ၊ ဒါနဲ့ ကျုပ် ဘယ်လိုဖြစ်ပြီး ဒီစာကြည့်ဆောင်ထဲရောက်နေရတာလဲ၊ ကျုပ်မှတ်မိတာ ကောင်း. . . ကောင်းတုံနယ်စားက ဓားနဲ့ ကျုပ်ရင်ဘတ်ထဲကို ထိုးသွင်းလိုက်တယ်၊ ကျုပ်. . . ကျုပ် နာကျင်မှုကိုခံစားရတယ်၊ ရင်ဘတ်ဒဏ်ရာက သွေးတွေပန်းထွက်လာတယ်၊ ပြီးတော့အမှောင်ထုကြီး. . ."

လူငယ်က သွေးပျက်တုန်လှုပ်စွာပြောရင်း သူ့ရင်ဘတ်ကို သူရူးတစ်ယောက်လို ငုံ့ကြည့်နေ၏။

ဒေါက်တာငွေစိုးက ရှေ့သို့ အူလျားဖားလျားတိုးလာပြီး လူငယ်၏ပုခုံးအား နှစ်သိမ့်အားပေးသလို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"စိတ်မပူပါနဲ့၊ ဒီအဖြစ်တွေကကြာခဲ့ပါပြီ"

"ဒါဆို ကျုပ်ရဲ့ဓားဒဏ်ရာ ဘယ်လိုပျောက်သွား"

"ဒီမယ် စိုင်းဝေဠု၊ ကျုပ်မေးခွန်းတွေအရင်ဖြေပါဦး။ ပြီးရင် မောင်ရင်သိချင်တာတွေ အားလုံးပြောပြပါ့မယ်"

"ကောင်းပြီလေ၊ ခင်ဗျားကလည်း ကောင်းတုံနယ်စားရဲ့ လက်အောက်ငယ်သားပဲလား"

"မဟုတ်ဘူး၊ ကျုပ်ကဆရာဝန်ပါ"

"ဟင်. . . ဆရာဝန်ဆိုတာဘာလဲ"

"ဆရာဝန်ဆိုတာ သမားတော်ကိုပြောတာ"

"ဒါဆို ခင်ဗျားက ကျုပ်ကိုဆေးကုပြီး အသက်ပြန်သွင်းပေးခဲ့တာလား"

"အဲဒီလိုမျိုးပဲဆိုပါတော့"

သူမျှော်လင့်ထားသလိုဖြစ်မလာသည့်အတွက် ဒေါက်တာငွေစိုးက စိတ်ပျက်လက်ပျက်ဖြင့် ပြန်ဖြေလိုက်၏။

ဘဝဟောင်းသို့ရောက်နေသော ခေလွန်း၏ကိုယ်ခန္ဓာက ကိုယ်ဟန်မူရာ အနည်းငယ်ပြောင်းလဲသွားသည်။ သူ့ပုံစံက ရှေးခေတ်စစ်သည်တော်တစ်ယောက်လို တောင့်တောင့်ကြီးဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေမြှုက ဒေါက်တာငွေစိုးကို သတိထားပြီးကြည့်ရင်း. . .

"သမားတော်ကြီးက ဘာသိချင်လို့လဲ"

"ကျုပ်သိချင်တာ မောင်ရင်ရဲ့ဘဝအကြောင်းပဲဆိုပါတော့"

"ကျုပ်က ကောင်းတုံနယ်စားရဲ့ လက်အောက်ငယ်သား တစ်ယောက်ပါ"

"မောင်ရင်က ကောင်းတုံနယ်စားရဲ့ သူရင်းငှားလား"

စိုင်းဝေမြှုက စိတ်တိုသွားဟန်ဖြင့် ကုလားထိုင်လက်ရမ်းတစ် ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်ပြီးမှ . . .

"ဘယ်ကသူရင်းငှားဖြစ်ရမှာလဲ၊ ကျုပ်က ကိုယ်ရံတော် တပ်မှူးဗျ"

"ဘယ်သူ့ရဲ့ကိုယ်ရံတော်တပ်မှူးလဲ"

"ထိပ်ထားလေးရဲ့ ကိုယ်ရံတော်တပ်မှူးပေါ့"

အတန်ကြာမှ စိုင်းဝေမြှုက မဖြေချင့်ဖြေချင်ဖြင့် ပြောလိုက် သည်။

ဒေါက်တာငွေစိုးမှာ ရှေ့ဆက်ပြောမည့်စကားကို သေချာ စဉ်းစားချင့်ချိန်နေရ၏။ သူသိချင်သောဇာတ်လမ်း၏ အရေးကြီးသည့် အပိုင်းသို့ ရောက်လာပြီဖြစ်ကြောင်း ရိပ်စားမိသောကြောင့်ပင်။ သူက စိုင်းဝေမြှုကို သေချာကြည့်ရင်း . . .

"ထိပ်ထားလေးဆိုတာက ဘယ်သူလဲ"

"ဘာလို့ ခင်ဗျားနဲ့မဆိုင်တာတွေ လာမေးနေတာလဲ"

စိုင်းဝေမြှု ဒေါသအိုးပေါက်ကွဲသွားပြီး ရှူးရှူးရှားရှားဖြင့် အော်လိုက်သည်။

ဒေါက်တာငွေစိုးက လေပြေလေးဖြင့် . . .

"ဟုတ်ပါပြီကွာ၊ ဒါဆိုရင်လည်း ကောင်းတုံနယ်စားက မောင်ရင့်ကို ဘာကြောင့် ဓားနဲ့ထိုးသတ်ရတယ်ဆိုတာကိုပဲ ပြောပြ ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေသိရတော့ ခင်ဗျားက ဘာလုပ်မလို့လဲ"

"မောင်ရင့်ကို အသက်ပြန်သွင်းပေးမလို့လေ၊ ကိုယ်အသက်ပြန်သွင်းပေးရမယ့်သူရဲ့အကြောင်းကို ကျုပ် သေသေချာချာသိထားမှဖြစ်မှာပေါ့"

စိုင်းဝေဠုက နဝေတိမ်တောင်ဖြင့် . . .

"ဘာ. . . ကျုပ်ကို အသက်ပြန်သွင်းပေးမလို့ ဟုတ်လား၊ ကျုပ်က ဘာဖြစ်နေလို့လဲ"

ဒေါက်တာငွေစိုးက စကားရှည်မိသော ကိုယ့်ကိုယ်ကို ကျိတ်ပြီးကျိန်ဆဲရင်း . . .

"ကျုပ်ဆိုလိုတာက မောင်ရင့်ရဲ့ရုပ်ခန္ဓာက သေဆုံးသွားပြီ၊ ဒါပေမဲ့ မောင်ရင့်ရဲ့စိတ်ဝိညာဉ်ကတော့ တခြားရုပ်ခန္ဓာတွေ တစ်ခုပြီးတစ်ခုထဲ ကူးပြောင်းပြီး အခုခေတ်အထိ အသက်ရှင်နေတုန်းပဲ"

စိုင်းဝေဠုက ဒေါက်တာငွေစိုးကို စူးရှစွာကြည့်ရင်း . . .

"အခု ကောဇာသက္ကရာဇ် ဘယ်လောက်ရောက်ပြီလဲ"

"အခု နှစ်ဆယ့်တစ်ရာစု တိတိကျကျပြောရင် (၂၀၀၇)ခုနှစ်ကို ရောက်နေပြီ"

ဒေါက်တာငွေစိုး၏စကားကြောင့် လူငယ်၏မျက်နှာက မျက်နှာဖုံးစွပ်ထားသလို အေးစက်တောင့်တင်းသွားပြီး . . .

"တော်တော်ကြာခဲ့ပြီပဲ၊ ဒါဆို အခု ကျုပ်ဝင်နေတာ ဘယ်သူ့ရုပ်ခန္ဓာလဲ"

"ခေလွန်းဆိုတဲ့ကောင်လေးတစ်ယောက်ရဲ့ ကိုယ်ခန္ဓာပါ"

"ကျုပ် အခု ခင်ဗျားနဲ့စကားပြောနေတော့ ခေလွန်းရဲ့ဝိညာဉ်က ဘယ်ရောက်သွားသလဲ"

"ခေလွန်းရဲ့စိတ်ဝိညာဉ်က အိပ်မွေ့ချခံထားရတယ်၊ မောင်ရင့်ရဲ့စိတ်ဝိညာဉ်ကို ခေလွန်းရဲ့ကိုယ်ထဲက ပြန်ထုတ်ပြီးတာနဲ့ ကျုပ် သူ့ကိုနှိုးလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေဠုက ဆတ်ကနဲဖြစ်သွားပြီး . . .

"ပြန်ထုတ်မယ်ဟုတ်လား။ ဒါဆို ခေလွန်းနိုးလာရင် ကျုပ်က ဘာဖြစ်သွားမှာလဲ"

"အင်း. . . အဲ. . . ဒါကတော့. . ."

ဒေါက်တာငွေစိုး ဘာပြန်ဖြေရမှန်းမသိဘဲဖြစ်သွားသည်။

စိုင်းဝေဠုက ဝုန်းကနဲထရပ်လိုက်ရာ ဒေါက်တာငွေစိုးက အယောင်ယောင်အမှားမှားဖြင့် နောက်သို့ တစ်လှမ်းဆုတ်လိုက်၏။ ဒေါက်တာငွေစိုးက စိတ်ပင်ပန်းနွမ်းနယ်စွာဖြင့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ သူ့မျက်နှာက လူသေတစ်ယောက်လို သွေးဆုတ်ဖြူရော်နေ၏။

စိုင်းဝေဠုက သွားချင်းစေ့ထားသောအသံဖြင့် . . .

"ကျုပ်. . . စိတ်မကောင်းပါဘူးသမားတော်ကြီး၊ ဒါပေမဲ့ ကျုပ် ထပ်မသေချင်တော့ဘူး၊ သမားတော်ကြီးက ကျုပ်ကို အသက်ပြန်ရှင်ဖို့ အခွင့်အရေးထပ်ပေးတယ်၊ ဒီအခွင့်အရေးကို ကျုပ်လက်လွှတ်ခံလို့မဖြစ်ဘူး"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

စာအုပ်ဆိုင်ထဲသို့ လူရိပ်တစ်ခု ဖျတ်ကနဲဝင်လာ၏။

ဆူးမွန်ကမော့ကြည့်ပြီး ဝမ်းသာအားရဖြင့် လှမ်းခေါ်လိုက်သည်။

"ငယ်လေး. . ..ဘယ်လေတိုက်ပြီးရောက်လာတာလဲ"

ဆံပင်ရှည်ရှည်၊ အသားဖြူဖြူ၊ မျက်လုံးမှေးမှေးနှင့် တရုတ်မလေးတစ်ယောက်က သူမကိုလှမ်းပြုံးပြရင်း . . .

"ဟယ်. . . ဆူးမွန်. . . ငါ. . . ဂျာနယ်လာဝယ်တာ"

စာအုပ်ဆိုင်အရောင်းစာရေးမက သူတို့နှစ်ယောက်ကိုကြည့်ပြီး နှာခေါင်းရှုံ့လိုက်၏။ နောက်ထပ်စောင့်ကြည့်စရာ ကောင်မလေးတစ်ယောက်တိုးလာသည်မှာ သူမအတွက် အလုပ်ပိုလာခြင်းဖြစ်သည်။

ငယ်လေးက အသံစူးစူးလေးဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com


"နင် ဒီနေ့ ကျောင်းကပြန်လာတာနောက်ကျတယ်နော်၊ ဘာတွေပြဿနာတက်နေတာလဲ"

"ဆရာဦးစိုးထွန်းက ဒဏ်ပေးထားလို့ဟ"

"နင်က ဘာသွားလုပ်လို့လဲ"

"ကျောင်းဆင်းခါနီးမှာ သူ့ကို ဝက်ဝံလို့ခေါ်လိုက်တာ ကြား သွားတယ်လေ"

ငယ်လေးက သဘောကျစွာ တခစ်ခစ်ရယ်ရင်း . . .

"နင်ကတော့ဖြစ်ရမယ်၊ ဆရာဦးစိုးထွန်းကလည်း ဘာနာ စရာရှိလဲ၊ အသားညိုညို ထောင်ထောင်မောင်းမောင်းနဲ့မို့ သူ့ကို အားလုံးက ဝက်ဝံလို့ မကြားတကြားခေါ်နေကျပဲ"

"ငါ့ကို ကြည့်မရလို့ဖြစ်မှာပေါ့"

"ထားပါတော့ဟာ၊ ဒါနဲ့ မြို့ထဲကို ဘာလာလုပ်တာလဲ"

"နောက်ဆယ်မိနစ်ကြာရင် ကော်ဖီဆိုင်မှာ အောင်ခင်ထွန်း နဲ့တွေ့ဖို့ ချိန်းထားလို့ဟ"

"ငယ်လေးက မျက်နှာကိုရှုံ့ရှာသလို ရှုံ့မဲ့ဟန်ပြုရင်း . . .

"ဟယ် . . . ဆူးမွန်တို့ကစွံတယ်တော့"

"အရှူးမ . . . နင်မနာလိုဘူးမဟုတ်လား"

"အောင်မလေး . . . ဝေးသေး . . . ဝေးသေး"

ငယ်လေး၏စကားအဆုံးတွင် နှစ်ယောက်သား စိတ်လက် ပေါ့ပါးစွာ တခစ်ခစ်နှင့်ရယ်လိုက်ကြသည်။

ထို့နောက် ဆူးမွန်နှင့် ငယ်လေးမှာ ကျောင်းတက်ချိန်မှ ကျောင်းဆင်းချိန်အထိ တွတ်ထိုးဖော်ထိုးဖက်သူငယ်ချင်းများဖြစ်သော ကြောင့် ပြောစရာအကြောင်းအရာသစ်က ရုတ်တရက်ရှာမရ၊ နှစ် ယောက်စလုံး အတန်ကြာတိတ်ဆိတ်ငြိမ်သက်သွားပြီးမှ ဆူးမွန်က ကောက်ခါငင်ခါဖြင့် . . .

"ငယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

ဆူးမွန်က လှုသူရှင်းလင်းနေသော ဈေးကြီးလမ်းကို ဝေ့ဝဲကြည့်ရင်း . . .

"ငါနဲ့ ကော်ဖီလိုက်မသောက်ချင်ဘူးလား"

"ဟင့်အင်း. . . ငါ ခဏနေရင် အိမ်ပြန်တော့မလို့"

"ငါ နင့်ကို ကော်ဖီဝယ်တိုက်ပါ့မယ်ဟာ"

"မုန့်ပါဝယ်ကျွေးရင် စဉ်းစားမယ်"

"အေး. . . ဝယ်ကျွေးမယ်. . . လိုက်ခဲ့"

"နင်. . . တစ်ယောက်တည်းသွားရမှာ ကြောက်လို့မဟုတ်လား"

"အောင်မယ်. . . ငါက ဘာကိုကြောက်ရမှာလဲ"

ငယ်လေးက ဆူးမွန်ကို သင်္ကာမကင်းသလိုစိုက်ကြည့်ရင်း. . .

"ပြီးရော၊ ဒါဆိုလိုက်ခဲ့မယ်၊ ဒါပေမဲ့ ဟိုဖက်တီးအောင်ခင်တွန်းနဲ့တော့ ငါ့ကို တူတူမထိုင်ခိုင်းနဲ့နော်"

ဆူးမွန်ကပြုံးကာ နှုတ်ခမ်းကိုဟန်လုပ်ပြီးမဲ့လိုက်ရင်း . . .

"ကောင်းပါပြီ မရွှေငယ်ရယ်၊ ကျေးဇူးတင်ပါသတဲ့ရှင်"

●

ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဒေါက်တာငွေစိုး၏လက်ချောင်းကလေးများက တဆတ်ဆတ်တုန်ယင်နေ၏။ သူက တောင်းပန်တိုးလျှိုးသံဖြင့် . . .

"မ. . . မလုပ်ပါနဲ့ စိုင်းဝေဠုရယ်၊ ခေလွန်းရဲ့စိတ်ဝိညာဉ်ကပဲ သူ့ကိုယ်ခန္ဓာကို ပြန်ပြီးပိုင်ဆိုင်ခွင့်ပေးလိုက်ပါ"

စိုင်းဝေဠုက ထွက်ပေါက်ရှာသကဲ့သို့ အခန်းသေးဘီဝဲယာကို လှည့်ပတ်အကဲခတ်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မောင်ရင့်လို (၁၉)ရာစုကတည်းက သေဆုံးပြီးသားလူတစ်ယောက်က နှစ်ဆယ့်တစ်ရာစုမှာ နေထိုင်အသက်ရှင်ဖို့မလွယ်လို့ပေါ့၊ အခုခေတ်က မောင်ရင်တို့ခေတ်ကလိုမဟုတ်တော့ဘူး၊ အရာအားလုံးက ပြောင်းလဲကုန်ပြီ"

"ဘာတွေပြောင်းလဲကုန်တာလဲ"

ဒေါက်တာငွေစိုးက ရုတ်တရက်အကြံရသွားပြီး . . .

"ဒီလိုကွာ၊ (၁၈၈၁)ခုနှစ်တုန်းကတော့ မောင့်ရင့်မှာ မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိခဲ့မှာပေါ့၊ ဒါပေမဲ့ အခု သူတို့တွေ မရှိကြတော့ဘူးလေ၊ မောင်ရင့်ရဲ့ချစ်သူလည်း ရှိတော့မှာမဟုတ်ဘူး"

"ကျုပ်ရဲ့ချစ်သူအကြောင်း မပြောပြရသေးဘဲနဲ့ ခင်ဗျားက ဘယ်လိုသိတာလဲ"

စိုင်းဝေဠု ဆတ်ကနဲဖြစ်သွားပြီး ချက်ချင်း ကမန်းကတန်း ပြန်မေးသည်။

ဆရာဝန်က သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ကားပွတ်သပ်လိုက်ရင်း . . .

"ဘာဆန်းလို့လဲ မောင်ရင်၊ လူတိုင်းမှာ ချစ်ရတဲ့သူကိုယ်စီရှိကြတာပဲ၊ ဒါနဲ့ မောင်ရင့်ချစ်သူနာမည်က ဘယ်လိုခေါ်လဲ"

စိုင်းဝေဠုမှာ ငူငူငိုင်ငိုင်နှင့် အတန်ကြာငြိမ်သက်သွားပြီးမှ . . .

"စဝ်ဝတီခင်"

"စဝ်ဝတီခင်"

ဒေါက်တာငွေစိုးက နှုတ်ခမ်းများလှုပ်ရုံ တီးတိုးရေရွတ်ကြည့်လိုက်၏။ သူက ဖျောင်းဖျောင်းဖျဖျဖြင့် . . .

"လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က မောင်ရင့်ချစ်သူ စဝ်

www.burmeseclassic.com

www.burmeseclassic.com



ဝတီခင်ဟာ အခုချိန်ထိ အသက်ရှင်နေဦးမယ်လို့ မောင်ရင်ထင်နေသလား၊ ဒီတိုက်ခန်းကနေ လမ်းမအပြင်ကိုထွက်လိုက်တာနဲ့ ဒီလောကကြီးထဲမှာ မောင်ရင်တစ်ယောက်တည်း အထီးကျန်သွားလိမ့်မယ်၊ ပြန်စရာအိမ်လည်းမရှိ၊ မိတ်ဆွေရောင်းရင်းတွေလည်းမရှိ၊ စဝ်ဝတီခင်လည်းမရှိနဲ့ မောင်ရင် ဘယ်လိုအသက်ရှင်မလဲ''

စိုင်းဝေဠုက ပြုံးယောင်သန်းသွားသော သူ့မျက်နှာကို ဒေါက်တာငွေစိုးမမြင်အောင် ငုံ့ချလိုက်သည်။ သူက စိတ်ဓာတ်ကျသွားဟန်ဆောင်လိုက်ရင်း . . .

''ခင်ဗျားပြောတာ သဘာဝကျပါတယ်သမားတော်ကြီး''

ဒေါက်တာငွေစိုးက စိတ်သက်သာရာရစွာ သက်ပြင်းခိုးချလိုက်ပြီး . . .

''ဒီလိုမှပေါ့ စိုင်းဝေဠု၊ ခေလွှန်း အသက်ရှင်ခဲ့ရတဲ့သက်တမ်းက မောင်ရင့်ထက် ပိုပြီးတိုတောင်းပါသေးတယ်၊ ဒါကြောင့် သူ့ကိုယ်ခန္ဓာကို ခေလွှန်းကိုပဲပြန်ပြီး ပိုင်ဆိုင်ခွင့်ပေးလိုက်တာ တရားအမျှတဆုံးပဲ''

စိုင်းဝေဠုက လျှို့ဝှက်နက်နဲစွာပြုံး၍ ခေါင်းညိတ်ပြလိုက်ရင်း. . .

''ဒါဖြင့် ကျုပ် အခု ဘာလုပ်ရမှာလဲ''

''ငြိမ်ငြိမ်လေးထိုင်ပြီး မျက်လုံးတွေကိုမှိတ်ထားလိုက်''

စိုင်းဝေဠုက သူ့မျက်လုံးများကို တင်းကျပ်စွာစုံမှိတ်ထားလိုက်၏။ ဒေါက်တာငွေစိုးက အိပ်မွေ့ချနေသည်ကို သူ ငြိမ်သက်စွာနားထောင်နေသည်။

တဖြည်းဖြည်းနှင့် လူငယ်အိပ်ပျော်သွားသည်ကို ဒေါက်တာငွေစိုးက စောင့်ကြည့်နေ၏။ သူက သေချာအောင် လူငယ်၏လက်ကောက်ဝတ် သွေးခုန်နှုန်းကို စမ်းသပ်ကြည့်လိုက်ပြီးမှ . . .

''ကဲ. . . မောင်ရင့်ကို လက်ရှိဘဝရောက်အောင် ပြန်ခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com


ပြီ၊ မောင်ရင့်နာမည် ပြန်ပြောပါဦး"

"ခေ. . . ခေလွန်းပါ"

လူငယ်က ဝိုးတိုးဝါးတားနှင့်ဖြေလိုက်သည်။

"ဟုတ်ပြီ. . . ခေလွန်း၊ ကျုပ် တစ် နှစ် သုံးရေတွက်ပြီး လက်ဖျောက်တီးလိုက်မယ်၊ လက်ဖျောက်တီးသံကြားရတာနဲ့ မောင်ရင် ပြန်နိုးလာပြီး အိပ်မွေ့ချခံထားရတုန်းက အဖြစ်အပျက်တွေအားလုံး ကို မေ့သွားလိမ့်မယ်၊ ကျုပ်ပြောတာနားလည်လား"

"နားလည်ပါတယ်"

"ဒါဆို စလိုက်ကြရအောင်၊ တစ်. . . နှစ်. . . သုံး"

"ဖျောက်"

လူငယ်၏မျက်လုံးများ ဖျတ်ကနဲပွင့်လာ၏။ သူက ဒေါက်တာ ငွေစိုးကို မော့ကြည့်ကာပြုံးပြရင်း . . .

"အဆင်သင့်ဖြစ်ပါပြီ"

"ဟင်. . . ဘာကိုအဆင်သင့်ဖြစ်တာလဲ"

"အိပ်မွေ့အချခံဖို့ပါ"

"မောင်ရင့်ကို အိပ်မွေ့ချပြီးသွားပါပြီ"

လူငယ်၏စကားကြောင့် ဒေါက်တာငွေစိုး အူကြောင်ကြောင် ဖြစ်သွားပြီး ပြန်ဖြေလိုက်သည်။ သူက လူငယ်ကို သေသေချာချာ အကဲခတ်ရင်း တစ်စုံတစ်ခုက တိတိကျကျမှားယွင်းနေသလို ခံစားရ၏။ သို့ရာတွင် ဘာမှားယွင်းနေမှန်းသူမသိချေ။

"ဩော်. . . တကယ်လား. . . ဒါဆို ပြန်တော့မယ်နော်"

လူငယ်က ပြောပြောဆိုဆိုနှင့် ထရပ်သည်။ သူက ထွက် ပေါက်ရှာနေသကဲ့သို့ အခန်းဘေးဘီဝဲယာကို လှည့်ပတ်အကဲခတ်လိုက် ၏။ နောက်ဆုံးတွင် တံခါးပေါက်ဆီသို့ သူလျှောက်သွားသည်။

"ခေလွန်း"

ဒေါက်တာငွေစိုး၏ခေါ်သံကို လူငယ်က မကြားဟန်ဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဖွင့်နေ၏။

ဒေါက်တာငွေစိုးက အသံမြှင့်ပြီး လှမ်းခေါ်လိုက်ပြန်သည်။

"ခေလွန်း"

လူငယ်က မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ လှည့်ကြည့်၏။ သူက မျက်နှာကို ချက်ချင်းပြန်တည်လိုက်ပြီး . . .

"ဟုတ်ကဲ့. . . ပြောပါ"

"ခေလွန်း. . . မောင်ရင် ကျုပ်ကို ပြန်လာတွေ့ပါဦး၊ ကျုပ် အိပ်မွေ့ချပြီးကုပေးလိုက်တာ အဆင်ပြေမပြေဆိုတာ သိချင်လို့"

"ဟုတ်ကဲ့. . . ကောင်းပါပြီ"

လူငယ်က ရယ်ကျဲကျဲဖြင့်ပြန်ဖြေသည်။

ထို့နောက် သူက တံခါးကိုတွန်းဖွင့်ပြီး လေလေးတချွန်ချွန်ဖြင့် လှေကားထစ်များအတိုင်း အောက်ဆင်းသွား၏။

ဒေါက်တာငွေစိုးက သူ့မြင်ကွင်းထဲမှ လူငယ်ပျောက်သွားသည်အထိ စောင့်ကြည့်ကာ ခေါင်းကိုခါယမ်းရင်း . . .

"တစ်ခုခုတော့မှားနေပြီထင်တယ်"

သူက အသံဖမ်းထားသည့်တိတ်ခွေကို ပြန်ရစ်ပြီး နားထောင်ကြည့်လိုက်သည်။ ကံဆိုးစွာဖြင့် ခေလွန်းကို အိပ်မွေ့ချရာမှ ပြန်နိုးသည့်နေရာ မရောက်ခင်မှာပင် တိတ်ခွေကကုန်သွား၏။

ဒေါက်တာငွေစိုးက စိုးရိမ်ကြောင့်ကျစွာ တီးတိုးရေရွတ်လိုက်သည်။

"ငါ့အခန်းထဲကထွက်သွားတာ ခေလွန်းမှဟုတ်ရဲ့လား မသေချာနိုင်ဘူးလေ၊ ခေလွန်းဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ"

●

ဒေါက်တာငွေစိုး ရေရွတ်နေစဉ် လူငယ်ကတော့ အောက်ထပ်

www.burmeseclassic.com



သို့ရောက်ရှိသွားပြီဖြစ်သည်။ သူက အောက်ထပ်တံခါးရှေ့တွင် ယောင်နနဖြင့်ရပ်နေသေး၏။ ပြီးမှ တံခါးကို ဖြည်းဖြည်းချင်းတွန်းဖွင့်ပြီး သတိကြီးစွာထား၍ အပြင်သို့ထွက်လာခဲ့သည်။

လူငယ်က လမ်းဘေးပလက်ဖောင်းပေါ်တွင် ခြေစုံရပ်လိုက်၏။

ထိုစဉ် သူ့နောက်ကျောမှ 'တဝေါဝေါ' နှင့်ထွက်ပေါ်လာသော မြည်ဟည်းသံကြီးကြောင့် တုန်လှုပ်ချောက်ချားသွားသည်။

ထိုတဝူးဝူးတဝေါဝေါမြည်သံကြီးက သူနှင့် လျင်မြန်စွာ နီးကပ်လာ၏။ သူ ကြောက်ကြောက်လန့်လန့်ဖြင့် နောက်သို့ မဝံ့မရဲ လှည့်ကြည့်လိုက်သည်။

"အား"

သူက ကြောက်ရွံ့ထိတ်လန့်စွာအော်ဟစ်ပြီး ဘေးသို့ ခုန်ရှောင်လိုက်ရင်း တံခါးကို မျက်နှာဖြင့်ဖိအပ်ထား၏။ သူ့တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်နေပြီး ကြောက်လန့်ရာမဲ့စွာ အော်ဟစ်ခေါ်ငင်နေတော့သည်။

"ဝတီ. . . ဝတီ. . . မင်းဘယ်မှာလဲ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ခေလွှန်းမှာ အမှောင်ထုထဲနစ်မြုပ်နေရာမှ ဖျက်ကနဲ သတိဝင်လာ၏။ ဝေါကနဲဖြတ်မောင်းသွားသော အဲယားကွန်းဘတ်စ်ကားတစ်စီးကို တုန်လှုပ်ချောက်ချားစွာ ငေးစိုက်ကြည့်နေမိသော သူ့အဖြစ်ကို သူသတိထားမိသည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်ပြီး တံခါးကိုမှီရပ်နေရသည်ကိုလည်း သတိပြုမိ၏။

ဘာတွေဖြစ်ကုန်ပြီလဲ။ သူ ဘာကိုမှကွဲကွဲပြားပြားမမှတ်မိတော့။ သူ ဘာဖြစ်လို့ ဒီတံခါးဝသို့ရောက်လာရမှန်းလည်း ခေလွှန်းသိချေ။

ထိုစဉ် . . .

"အဲ. . . အဲဒါကဘာကြီးလဲ"

သူ့ဦးခေါင်းထဲမှစကားသံကို ထူးထူးဆန်းဆန်းကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com


သည်။

ခေလွန်းမှာ အံ့အားသင့်သွားပြီး . . .

"ဟင်. . . ဘာလဲ"

ခေါင်းထဲမှအသံက . . .

"ခုနကပြေးသွားတာ ဘာကြီးလဲလို့မေးတာ"

"အဲဒါ အဲယားကွန်းဘတ်စ်လေ"

"အဲယားကွန်းဘတ်စ်ဆိုတာ ဘာလဲ"

"အမ်. . . မင်း ငါ့ကိုနောက်နေတာလား၊ အဲယားကွန်းဘတ်စ်ဆိုတာ လေအေးပေးစက်ပိတ်ပြီး ပြတင်းပေါက်တွေဖွင့်မောင်းတဲ့ ဘတ်စ်ကားဆိုတာ ကလေးကအစသိတယ်၊ ငါ့ကိုလာပြီး ဦးနှောက်ဖျက်နေတာဘယ်သူလဲ"

စကားအဆုံးတွင် ခေလွန်းက နောက်သို့လှည့်ကြည့်ရန် ကြိုးစား၏။ သို့ရာတွင် အံ့သြစရာကောင်းသည်မှာ သူ့ဦးခေါင်းက တုပ်တုပ်မျှပင်မလှုပ်။

ခေလွန်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကြည့်သည်။ သူ့မျက်ခွံများက ကျောက်ရုပ်မျက်ဝန်းများလို တောင့်တောင့်ကြီးဖြစ်နေ၏။ ခေလွန်း၏မျက်ဝန်းများမှာ ကြည့်နိုင်မြင်နိုင်သော်လည်း မျက်ခွံအဖွင့်အပိတ်ပြုလုပ်၍မရဘဲ ဖြစ်နေ၏။ ခေလွန်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် မေးလိုက်သည်။

"မင်း. . . မင်း ဘယ်သူလဲ"

သို့ရာတွင် သူ့နှုတ်ခမ်းများက လှုပ်ရှားခြင်းမရှိသည်ကို အံ့သြဝမ်းနည်းဖွယ်ရာ သိလိုက်ရသည်။ သူ့စကားသံထွက်ပေါ်လာခြင်းမရှိသော်လည်း တစ်ဖက်လူကသိနေ၏။

"ငါက စိုင်းဝေဠုပါ"

ဆိုသည့်အဖြေစကားကို ခေလွန်း၏ခေါင်းထဲမှ ပြန်ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အခု ဘယ်နေရာမှာလဲ"

"မင်းရဲ့ခေါင်းထဲမှာလေ"

ထိုစကားမှာ ခေလွန်းအတွက်တော့ အမှန်တရားဖြစ်သည်ဟု လက်ခံဖို့ အတော်ပင်ခဲယဉ်းလေသည်။ ခေလွန်းက ကြောက်ရွံ့တုန်လှုပ်မှုကိုထိန်းချုပ်ရင်း . . .

"ဩော် . . . မင်းက ငါ့ခေါင်းထဲဝင်ပြီး ငါ့ရဲ့ကိုယ်ခန္ဓာကို ထိန်းချုပ်နေတာလား"

"ဟုတ်တယ်၊ မျက်လုံးတွေမှိတ်လိုက်၊ ငါ မင်းကိုလက်တွေ့ပြမယ်"

စိုင်းဝေမြူ၏စကားအဆုံးတွင် မြင်ကွင်းတစ်ခုလုံး မှောင်အတိကျသွားသည်။ ဈေးလမ်းမကြီးနှင့် လီမွှော်ရောင်မီးလုံးများ ချိတ်ဆွဲထားသည့်လမ်းမီးတိုင်များကို မတွေ့ရတော့။

ခေလွန်းမှာ အမှောင်တွင်းနက်ကြီးထဲသို့ ဗလာဟင်းလင်းလွင့်မျောသွားသလို ခံစားလိုက်ရ၏။ ကြောက်ရွံ့မှုထဲသို့ စုန်းစုန်းမြုပ်သွားသည်။ ခေလွန်း ဗလုံးဗထွေးအော်လိုက်သော်လည်း ရေနစ်သူတစ်ယောက်ကဲ့သို့ ပါးစပ်က မည်သည့်အသံမှထွက်မလာ။

"မလုပ်နဲ့"

မျက်လုံးအစုံက ဖျတ်ကနဲပြန်ပွင့်လာသည်။ စိုင်းဝေမြူ၏စိတ်ဝိညာဉ်က သဘောကျစွာ တခွီခွီရယ်ရင်း . . .

"မင်းရဲ့စိတ်ဝိညာဉ်ကိုထိန်းချုပ်ရတာ လွယ်တော့လွယ်သား။ မျက်လုံးနှစ်ဖက်ကိုမှိတ်လိုက်ရုံနဲ့ မင်းရဲ့စိတ်ဝိညာဉ်ကို ထိန်းချုပ်ပြီးသားဖြစ်သွားတော့တာပဲ"

"မင်းက ဘာဖြစ်လို့ ငါ့ကိုယ်ခန္ဓာကို ချုပ်ထိန်းဖို့ကြိုးစားနေရတာလဲ"

"ငါ . . . မင်းရဲ့ကိုယ်ခန္ဓာကို လိုအပ်လို့ပေါ့၊ ငါ့ရဲ့ကိုယ်ခန္ဓာက လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်ကတည်းက သေသွားခဲ့ပြီ၊ မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်ကိုလည်း ငါလိုအပ်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အခု ခေတ်မှာ ငါက လူစိမ်းတစ်ယောက်လိုပဲ၊ ဒီတော့ ငါနကန်းတစ်လုံး မှမသိတော့တဲ့ ကမ္ဘာကြီးမှာ အသက်ဆက်ရှင်ဖို့အတွက် မင်းရဲ့ အတွေ့အကြုံ ဗဟုသုတတွေနဲ့ မှတ်ဉာဏ်ရှိမှဖြစ်မယ်၊ ခုနက အဲယား ကွန်းဘတ်စ်လိုဟာမျိုးဆိုရင် ဘာမှန်းငါမသိတော့ဘူး၊ ဒါတွေအားလုံး ငါသိအောင် မင်းကသင်ပေးရမယ်''

''ဘာဖြစ်လို့ ငါက မင်းကို အားအားယားယား သင်ပေးရ မှာလဲ''

ခေလွန်းက ဘုပြန်တောလိုက်၏။ သူ့ကိုယ်ခန္ဓာထဲတွင် ဝင် ပူးနေသောအခြားလူတစ်ယောက်၏ဝိညာဉ်ကြောင့် ခေလွန်း စိတ် အနှောင့်အယှက်ဖြစ်လာသည်။

''ဘာဖြစ်လို့လဲဆိုတော့ ငါခိုင်းသလိုမလုပ်ရင် မင်းကို ငါက အပြစ်ပေးမှာမို့လို့ပဲပေါ့''

စိုင်းဝေမြှကပြန်ဖြေရင်း ခြိမ်းခြောက်သကဲ့သို့ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်သည်။

စိတ်အာရုံတွေမှောင်သွားသော်လည်း ခေလွန်းက အလျှော့ မပေးဘဲ . . .

''ဒါပေမဲ့ ဘာဖြစ်လို့ မင်း ငါ့ကို ဒီလိုလာလုပ်ရတာလဲ''

''နောက်တော့ မင်းသိမှာပေါ့၊ သေချာတာကတော့ ငါ့ စိတ်ရောကိုယ်ပါကူညီလေလေ မင်းရဲ့ကိုယ်ခန္ဓာကိုပြန်ရဖို့ မြန်မြန် စပ်လေလေဆိုတာပဲ''

ခေလွန်းက နားမလည်ဟန်ဖြင့် . . .

''နေပါဦး. . . ဒေါက်တာငွေစိုးကပြောတော့ ငါ့ရဲ့ဝိညာဉ် ဟာ အရင်ဘဝက တခြားကိုယ်ခန္ဓာတစ်ခုနဲ့ အသက်ရှင်ဖူးတယ်ဆို မင်းက ငါ့ရဲ့ အရင်ဘဝကစိတ်ဝိညာဉ်လား''

''ဟင့်အင်း. . . မဟုတ်ဘူး၊ ဒေါက်တာငွေစိုးလို အရူးထ

www.burmeseclassic.com



ယောက်ရဲ့စကားကို ၁င်းမို့လို့ယုံတယ်၊ စိတ်ဝိညာဉ်တို့၊ တစ္ဆေသရဲတို့ဆိုတာ သူတို့အသက်ရှင်ခဲ့တုန်းကလို လျှောက်သွားနေတယ်၊ လေထဲမှာလွင့်မျောနေတယ်ဆိုတာကို အယုံအကြည်မရှိဘူးလို့ ဒေါက်တာငွေစိုးက မင်းကို ပြောခဲ့တယ်မဟုတ်လား။ တကယ်တော့ သူထင်နေသလိုမဟုတ်ဘူး''

''ဒါဆို မင်းက ဘယ်သူလဲ''

''ငါက (၁၉) ရာစုနှစ်တုန်းက ကွယ်လွန်ခဲ့တဲ့သူတစ်ယောက်ပေါ့''

''ဒါဖြင့် ဘာဖြစ်လို့ မင်းက ငါ့ကိုမှ ရွေးပြီးခြောက်ရတာလဲ''

''ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ကိုယ်ခန္ဓာက ငါ့အတွက် အသင့်တော်ဆုံးပဲလေ၊ ငါသေသွားတော့ မင်းအသက်နဲ့ မတိမ်းမယိမ်းလောက်ပဲရှိသေးတယ်''

''ဪ. . . မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားခဲ့ရတာလား''

ခေလွန်းက ကရုဏာသက်စွာမေးလိုက်သည်။ သူ့ဒေါသကနေရောင်ခြည်ထိတွေ့သော နှင်းခဲလို အရည်ပျော်ကျသွား၏။ သူ၏သနားကြင်နာတတ်သောစိတ်က စိုင်းဝေဠုကို တတ်စွမ်းသမျှ ကူညီရန် တိုက်တွန်းနေသည်။

ခေလွန်းက နူးညံ့ပျော့ပျောင်းသောလေသံဖြင့် . . .

''ငါ မင်းကိုကူညီပါ့မယ်၊ ပြောပါ. . . ငါဘာလုပ်ပေးရမလဲ''

''ငါ. . . နောက်ထပ်ကိုယ်ခန္ဓာတစ်ခုကို ရှာရဦးမယ်''

''ရှာတွေ့ရင် မင်းက ငါ့ကိုယ်ခန္ဓာကနေ ထွက်သွားမယ်ပေါ့ဒီလိုလား''

''မဟုတ်ဘူး၊ ငါဆိုလိုတာက စစ်ဝတီခင့်အတွက် နောက်ထပ် မိန်းကလေးကိုယ်ခန္ဓာတစ်ခု ရှာရဦးမယ်လို့ပြောတာ

www.burmeseclassic.com

www.burmeseclassic.com


"စဝ်ဝတီခင်ဆိုတာက ဘယ်သူတုံး"

"ဟိုကွာ. . .ငါ. . .ငါ့ရဲ့. . ."

"မင်းရဲ့ရည်းစားလား"

"အခုခေတ်မှာ ကိုယ်နဲ့ရည်ငံနေတဲ့သူကို ရည်းစားလို့ခေါ်တာလား၊ ဟုတ်တယ်၊ စဝ်ဝတီခင်က ငါသိပ်ချစ်ရတဲ့သူပဲ"

စိုင်းဝေမြှကပြန်ဖြေရင်း သက်ပြင်းချလိုက်သည်။ သူ၏ ကြေကွဲဆွေးမြေ့စရာကောင်းသော အတွေးများကို ခေလွန်း စကားတစ်ခွန်းမှမကြားရဘဲ နားလည်လိုက်၏။

ခေလွန်းက . . .

"ဒါဆို ငါ့ကိုယ်ထဲ မင်းဝင်နေသလိုမျိုး စဝ်ဝတီခင်ဝင်နေဖို့အတွက် မိန်းကလေးကိုယ်ခန္ဓာတစ်ခုလိုတယ်ပေါ့ ဟုတ်လား၊ ငါနားလည်အောင်ရှင်းပြပါဦး"

"ဒီလိုကွာ. . .စဝ်ဝတီခင်နဲ့ငါ ချစ်ကြိုက်နေတာကို သူ့အဖေကောင်းတုံနယ်စားကြီး စဝ်ဟုန်ဖသိသွားတော့ ယမ်းပုံမီးကျဖြစ်ပြီး ငါ့ကို ဓားနဲ့ထိုးသတ်လိုက်တယ်၊ အဲဒီအချိန်မှာ သက်ရှိလောကကြီးနဲ့ ငါ ခဏအဆက်အသွယ်ပြတ်သွားတယ်၊ ငါ ဝိညာဉ်ဖြစ်ပြီး ပြန်ရောက်လာတော့ သူ့အဖေနယ်စားကြီးကိုရော စဝ်ဝတီခင်ကိုပါ မတွေ့ရတော့ဘူး"

"ဪ. . .မင်းက စဝ်ဝတီခင်ကို အဲဒီအချိန်ကတည်းက စပြီး လိုက်ရှာနေခဲ့တာပေါ့"

"ဟုတ်တယ်"

ခေလွန်းက နားမလည်သေးဟန်ဖြင့် . . .

"ဒါဖြင့် မင်းရည်းစားအတွက် ဝင်ပူးစရာကိုယ်ခန္ဓာတစ်ခုရရင် မင်း ဘာဆက်လုပ်ရမှာလဲ"

"တွေ့ရင် သူ့ကို အဲဒီမိန်းကလေးကိုယ်ထဲ ဝင်ခိုင်းမယ်၊ ပြီးတော့ သူနဲ့ငါစကားပြောပြီးတာနဲ့ ဒီ. . .ဒီလောကကြီးကနေ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အတူစွန့်ခွာသွားကြမယ်''

စိုင်းဝေဠုက စကားကို ဗလုံးဗထွေးပြောရင်း လျှော့ချလိုက်သည်။

ခေလွန်းမှာ နားထောင်နေရင်း တစ်စုံတစ်ရာကို စိုင်းဝေဠု ဖုံးကွယ်ရန် ကြိုးစားနေသည်ကို စိတ်ထဲမှသက်ာမကင်းဖြစ်မိ၏။ ထို အတွေးကြောင့် ခေလွန်းက ရှူးတိုးရှန့်တန့်ဖြင့် . . .

''မင်းအတွက် မိန်းကလေးတစ်ယောက်ကို ငါ ဘယ်နေရာ ကသွားရှာပေးရမှာလဲ''

''ငါ ဘယ်လိုလုပ်သိမှာလဲကွ၊ ဒါ မင်းလက်ရှိအသက်ရှင် နေထိုင်နေတဲ့ လောကပဲ၊ မင်းက ငါ့ထက်ပိုသိမှာပေါ့''

စိုင်းဝေဠုက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ်ပြောလိုက် သည်။ ခေလွန်းက . . .

''ဟုတ်ပါပြီကွာ၊ ငါ့မှာလည်း ကျောင်းစာချည်းပဲဖိလုပ်နေ ရတော့ ငါနဲ့ခင်တဲ့မိန်းကလေးက ခပ်ရှားရှားပဲ''

''တကယ်တော့ မိန်းကလေးတွေနဲ့ပတ်သက်ရမှာ မင်းကြောက် နေတာမဟုတ်လား၊ အမှန်ကို အမှန်အတိုင်းဝန်ခံစမ်းပါကွာ''

''ဟုတ်တယ်. . . မိန်းကလေးတွေနဲ့စကားပြောရမှာ ငါ့ရဲ့ သလိုဖြစ်နေတာအမှန်ပဲ''

ခေလွန်းက အနည်းငယ်ရှက်ရွံ့စွာ ဝန်ခံလိုက်၏။ စိုင်းဝေဠု က အတွေ့အကြုံများသောလူတစ်ယောက်လို ဟန်ပန်မျိုးဖြင့် . . .

''အဲဒါက ပြဿနာမရှိပါဘူး၊ အခုခေတ်မှာ ယောက်ျား လေးနဲ့မိန်းကလေးတွေဆုံတတ်တဲ့ နေရာတစ်ခုကိုသာ ငါ့ကိုပြောပြ၊ ကျန်တာ ငါ့တာဝန်သာထားလိုက်''

''ငါတို့မြို့မှာတော့ ယောက်ျားလေးနဲ့မိန်းကလေးတွေ ဆုံတဲ့ နေရာက ကော်ဖီဆိုင်ပဲရှိတယ်၊ လူငယ်တွေတော်တော်များများက အဲဒီ မှာတရုန်းရုန်းပဲ''

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီဆိုင်ရှာ ဘယ်နားမှာလဲ"

"ဒီဈေးလမ်းထိပ်နားမှာပဲကွ"

ဈေးလမ်းထိပ်သို့ ရုတ်တရက်လှည့်ကြည့်လိုက်သော စိုင်းဝေဠုကြောင့် ခေလွှန်း၏ခေါင်းထဲတွင် မိုက်ကနဲဖြစ်ကာ ချာချာလည်သွားသည်။ မူးဝေသွားသောခေလွှန်းက မရည်ရွယ်ဘဲနှင့် ခေါင်းကို အလိုအလျောက်ပြန်လှည့်မိ၏။

သို့ရာတွင် စိုင်းဝေဠုထံမှ ပြင်းထန်သောအားတစ်ခုက တောင့်ခံထားသောကြောင့် သူ့ကိုယ်ခန္ဓာအတွင်း အားပြိုင်မှုတစ်ခု ဖြစ်သွားသည်။

ခေလွှန်း၏ကိုယ်ခန္ဓာက ဘေးသို့ ယိုင်ဆင်းသွားကာ စာအုပ်နံရံနှင့်ဝင်ဆောင့်မိတော့မလို ဖြစ်သွားစဉ် စိုင်းဝေဠုက ဒေါပွပွဖြင့်. . .

"မလုပ်နဲ့လေ၊ မင်းရဲ့ကိုယ်ခန္ဓာကို ငါတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်းချုပ်ထိန်းလို့ဘယ်ဖြစ်ပါ့မလဲ"

"ငါ ယောင်ပြီးထိန်းလိုက်မိတာပါကွ"

"မင်းစိတ်ဝိညာဉ်ကို မင်းမထိန်းနိုင်တော့လည်း ငါကပဲ ထိန်းပေးရမှာပေါ့"

စိုင်းဝေဠုက စိတ်မရှည်ဟန်ဖြင့်ပြောလိုက်၏။ စကားအဆုံး တွင် ခေလွှန်းကို အမှောင်ထုကြီးက ဖုံးလွှမ်းသွားပြန်သည်။

ခေလွှန်းမှာ အိပ်မွေ့ချခံထားရသူတစ်ယောက်လို ဘာမှ မသိတော့ဘဲ အိပ်ပျော်သွား၏။

စိုင်းဝေဠုက အသက်ကိုတစ်ဝကြီးရှူသွင်းလိုက်ပြီး ဈေးကြီး လမ်းထိပ်နားသို့ ထွက်လာခဲ့သည်။

ကားတစ်စီး အပြင်းမောင်းနှင်လာသည့် ဝေါကနဲအသံကြား တိုင်း စိုင်းဝေဠုမှာ နောက်ကျောမလုံစွာဖြင့် နောက်သို့လှည့်လှည့် ကြည့်မိ၏။ သူက ဆိုင်နံရံများ၏ဘေးသို့ တတ်နိုင်သမျှကပ်ပြီး သတိကြီးစွာထား၍ တစ်လှမ်းချင်းလျှောက်လာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

[redacted]

[redacted]

## အခန်း (၉)

ဆိုင်အများစု၏မျက်နှာစာများကို နီယွန်မီးများ ထိန်ထိန်ညီး နေအောင် ထွန်းညှိဆင်ယင်ထားကြသည်။ စိုင်းဝေဠုမှာ ခေတ်သစ် လူ့အသုံးအဆောင်ပစ္စည်းများ၏ တိုးတက်ဆန်းပြားပုံကိုကြည့်ရင်း အံ့သြဘနန်းဖြစ်နေ၏။

တယ်လီဗေးရှင်းအရောင်းဆိုင်တစ်ခု၏ရှေ့သို့ ရောက်သော အခါ စိုင်းဝေဠုမှာ သေတ္တာပုံစံဖန်သားပြင်ပေါ်တွင် လှုပ်ရှားနေသော ပုံရိပ်များကိုကြည့်ရင်း သူ၏အဓိကရည်ရွယ်ချက်ကိုပင် မေ့လျော့တော့ မလိုဖြစ်သွားသည်။

စိုင်းဝေဠုမှာ တခြားကမ္ဘာမှကျလာသည့် ဂြိုဟ်သားတစ် ယောက်လို ဘေးဘီဝဲယာကို ပါးစပ်အဟောင်းသားနှင့်ကြည့်လာရင်း လူစည်ကားသည့် ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်လာ၏။

စိုင်းဝေဠုက သူ့ဦးခေါင်းထက်မှ ဆိုင်းဘုတ်ကိုမော့ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ခေလ[redacted]ယ်ဟု ရော်ရမ်းမှန်းဆကြည့်လိုက်သည်။ [redacted]ဝါ၊ စိမ်း ရောယှက်နေသော တလက်လက်[redacted]ပနေသည့် နီယွန်မီးများ၏အလင်းရောင်က လမ်းဘေး [redacted] စုံးရှစွာဖြာကျနေ၏။ သီချင်းသည်များက မည်[redacted]သို့ သိဆိုနေမှန်းမသိသည့်တေးသံက သူ့နားထဲသို့ ကိုးလို့ကန့်လန့်ဝင်လာသည်။

စီးပွားရေးအချက်အချာကျသော နယ်စပ်မြို့လေးတစ်မြို့တွင်ဖွင့်ထားသည့် ကော်ဖီဆိုင်ဖြစ်သောကြောင့် အတော်အသင့်ကျယ်ဝန်းပြီး စားပွဲဝိုင်းဆယ်ဝိုင်းခန့်ရှိသည်။

အချို့စားပွဲဝိုင်းများတွင် မိန်းကလေးနှစ်ယောက်၊ သုံးယောက်စီ ဝိုင်းဖွဲ့ထိုင်နေကြ၏။ မိန်းကလေးများက ကော်ဖီသောက်လိုက်၊ စကားတွေတတွတ်တွတ်ပြောပြီး ရယ်လိုက်လုပ်နေကြသည်။

စိုင်းဝေမျှရပ်ငေးကြည့်နေစဉ် စားပွဲဝိုင်းတစ်ဝိုင်းမှ စုံတွဲတစ်တွဲက ကောင်တာဆီသို့လျှောက်သွား၏။ လျှောက်သွားသောမိန်းကလေးမှာ ပေါင်လယ်ခန့်စကတ်တိုနံ့နံ့တစ်ခုကို ဝတ်ဆင်ထားသောကြောင့် ဖြူဝင်းသွယ်ရှင်းသောပေါင်တံများကို အတိုင်းသားမြင်နေရသည်။ ထိုမြင်ကွင်းကြောင့် စိုင်းဝေမျှမှာ မျက်လုံးများပင်ပြာဝေသွားပြီး ရင်ထဲ၌ ဒိန်းကနဲမြည်သွား၏။ သူ့မျက်နှာက နီမြန်းထူအန်းလာသလိုဖြစ်သွားပြီး ခေါင်းကို ကပျာကယာငုံ့ချလိုက်မိသည်။ သည်လိုဝတ်ပုံစားပုံမျိုး သူ တစ်ခါမှမမြင်ဖူးချေ။

သူက အသက်ကိုဝအောင်ရှူသွင်းလိုက်ပြီး မှန်တံခါးကို တွန်းဖွင့်ဝင်လာခဲ့သည်။ သင်းပျံ့မွှေးကြိုင်သော ကော်ဖီရနံ့က သူ့ကို မွှေးထွေးစွာဆီးကြိုနေသော်လည်း ပြောင်လက်ခန့်ညားလွန်းသောဆိုင်အပြင်အဆင်ကြောင့် အားငယ်ချင်သလိုဖြစ်လာ၏။

ကော်ဖီဆိုင်နံရံပတ်ပတ်လည်တွင် ဝါရွှေလင်းဖျော့သောမီးရောင်မှိန်မှန်များ ထွန်းညှိထားသည်။ မျက်နှာကြက်မှတွဲလောင်းကျ

www.burmeseclassic.com

www.burmeseclassic.com



နေသည့် မီးစလောင်းများ၏ ဖြူလွပြာလဲ့သော မီးရောင်များအောက်ရှိ စားပွဲဝိုင်းများတွင်ထိုင်နေသည့် မိန်းမပျိုများအား စိုင်းဝေဠုက တစ်ယောက်ချင်းစီ၏မျက်နှာကို သေချာစေ့စပ်စွာလိုက်ကြည့်သည်။

အနည်းငယ်ရိုင်းပျသလိုဖြစ်သွားသော စိုင်းဝေဠု၏အမူအရာကြောင့် အချို့မိန်းကလေးများက ရှက်ရွံ့စိတ်ဆိုးစွာ မျက်စောင်းထိုးကြ၏။ အချို့က တခစ်ခစ်နှင့်ရယ်ကြသည်။ အများစုကတော့ သူ့ကို ကျပ်မပြည့်သူတစ်ယောက်လိုသဘောထားကာ မသိကျိုးကျွံပြုနေကြ၏။

မိန်းကလေးတစ်ယောက်ချင်းစီ၏မျက်နှာကို သေသေချာချာလိုက်ကြည့်နေသော စိုင်းဝေဠု၏မျက်ဝန်းအစုံက တစ်နေရာတွင် ရပ်တန့်သွားသည်။ စဝ်ဝတီခင်၏မျက်နှာပေါက်နှင့် ဆင်တူသလိုရှိသော မိန်းကလေးတစ်ယောက်က အခြားမိန်းကလေးတစ်ယောက်နှင့် ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

စိုင်းဝေဠုက ထိုမိန်းကလေးဆီသို့လျှောက်သွားပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် . . .

"ဒီမယ် . . . နှမကလေးတို့"

စိုင်းဝေဠု၏ ရှေးဆန်လှသောမိတ်ဆက်စကားကြောင့် မိန်းကလေးနှစ်ယောက်မှာ ဝါးကနဲပွဲကျသွားသည်။ စိုင်းဝေဠု မျက်မှောင်ကြုတ်လိုက်သော်လည်း မိန်းကလေးများက ဣန္ဒြေမဆည်နိုင်အောင် တခစ်ခစ်ရယ်နေကြ၏။

စိုင်းဝေဠုက ဖွဲမလျှော့ဘဲ ယောင်နနဖြင့် . . .

"မောင်ကြီး . . . ဒီဝိုင်းမှာထိုင်လို့ရမလားဟင်"

"ခစ် . . . ခစ် . . . မိတ်ဆက်ပုံကြီးကလည်း သူစိမ်းဆန်လိုက်တာ၊ အခုမှ အတိတ်မေ့သလို ရွှေခွက်ပျောက်သလိုနဲ့ မောင်ကြီးတွေ နှမလေးတွေလုပ်မနေပါနဲ့"

မိန်းကလေးတစ်ယောက်က ရယ်ချင်စိတ်ကိုကြိတ်မှိတ်မျိုသိပ်ရင်း အရွှန်းဖောက်လိုက်သည်။ ကျန်မိန်းကလေးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောနိုင်ဘဲ အူတက်မတတ် တခစ်ခစ်ရယ်နေ၏။

ထိုမိန်းကလေးပြောသည့်စကားကို စိုင်းဝေဠု ကောင်းစွာနားမလည်လိုက်ချေ။ သူ့ကို နောက်ပြောင်ပြောဆိုနေမှန်းလည်း မသိ။ သူ့ကို အသားလွတ်လှောင်ရယ်သလိုဖြစ်နေသောကြောင့် စိုင်းဝေဠုမှာ အနည်းငယ်စိတ်ရှုပ်ထွေးကာ ဒေါသထွက်လာပြီး . . .

"မောင်ကြီးပြောတာနားထောင်ပါဦး၊ မောင်ကြီး နှမလေးတို့ကို ရယ်စရာပြောပြနေတာမဟုတ်ပါဘူး"

". . . မောင်ကြီး နှမလေးတို့ကို ရယ်စရာပြောပြနေတာမဟုတ်ပါဘူး"

"ခစ် . . . ခစ်"

ကျန်မိန်းကလေးတစ်ယောက်က အောက်ကလိအာအသံဖြစ်အောင်လုပ်ကာ စိုင်းဝေဠုပြောသည့်အတိုင်း သံယောင်လိုက်ပြောသည်။

ဒေါသစိတ်ကြောင့် စိုင်းဝေဠုမျက်နှာတစ်ပြင်လုံး ရဲတက်လာ၏။ သို့ရာတွင် သူက စိတ်ကိုအနိုင်နိုင်ထိန်းရင်း ထိုမိန်းကလေးနှစ်ယောက်ကို ဦးညွတ်လိုက်သည်။

"နှမလေးတို့ကို မောင်ကြီးနှောင့်ယှက်မိတာ ခွင့်လွှတ်ပါ"

စိုင်းဝေဠုက ထိုစကားကိုပြောပြီးပြီးချင်း ချာကနဲလှည့်ထွက်ခဲ့၏။ သူ့တစ်ကိုယ်လုံး ရှက်ရွံ့ဒေါသစိတ်တို့ဖြင့် တုန်တုန်ရီရီဖြစ်နေသောကြောင့် နီးစပ်ရာစားပွဲဝိုင်းအလွတ်တစ်ခုတွင် ကမန်းကတန်းဝင်ထိုင်လိုက်ရသည်။

တစ်ဆိုင်လုံးက ဝိုင်းကြည့်နေသောမျက်ဝန်းပေါင်းများစွာကြောင့် သူ့တစ်ကိုယ်လုံး တငွေ့ငွေ့လောင်မြိုက်နေသလို ခံစားရ၏။

သူမိတ်ဖွဲ့မိခဲ့သောမိန်းကလေးနှစ်ယောက်က အရှိန်မသေသေးဘဲ အူတက်မတတ် ဗိုက်နှိပ်ရယ်ရင်း တံခါးဝဆီသို့လျှောက်သွားသည်ကို စိုင်းဝေဠု ခံပြင်းစွာ စိန်းစိန်းဝါးဝါးစိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းမှာပင် သူ့ကိုဝိုင်းကြည့်နေကြသူများကိုလည်း မကျေမချမ်းဖြင့် စူးစူးရဲရဲပြန်ကြည့်လိုက်၏။

စိုင်းဝေဠုက ကိုယ်ခန္ဓာ၏မူလပိုင်ရှင်ကို အတွေးဖြင့်ဆက်သွယ်ပြီး လှမ်းနှိုးလိုက်သည်။

"ခေလွန်း. . . ထပါဦးကွ၊ မင်း ငါ့ကိုကူညီမှဖြစ်တော့မယ်"

အမှောင်ထုထဲသို့ နစ်မျောနေသော ခေလွန်း၏စိတ်ဝိညာဉ်က တဖြည်းဖြည်းချင်း ပြန်သတိရလာ၏။ ခေလွန်းမှာ သတိရလျှင်ရချင်း ကော်ဖီဆိုင်ထဲသို့ရောက်နေကြောင်း သိရှိသဘောပေါက်လိုက်သည်။

ခေလွန်းက နဝေတိမ်တောင်ဖြင့် . . .

"ငါက ဘာလုပ်ပေးရမှာလဲ"

"ငါ့စိတ်ကြိုက်မိန်းကလေးတစ်ယောက် ရွေးလိုက်မယ်၊ အဲဒီကောင်မလေးကို မင်းက အခုခေတ်အသုံးအနှုန်းတွေနဲ့ လူပျိုလှည့်ပေးကွာ"

"လူပျိုလှည့်ပေး. . . ဟုတ်လား၊ ဒီလိုစကားလုံးတွေနဲ့ သွားပြောလို့ကတော့ မင်းကို ဘယ်ကောင်မလေးမှကြိုက်မှာမဟုတ်ဘူး၊ အခုတောင် မင်းကို ဝိုင်းဟားကြတယ်မဟုတ်လား"

"ဒီကောင်မလေးတွေက အမိုက်အမဲလေးတွေပါ"

ခေလွန်းကစိတ်ပျက်သွားပြီး . . .

"ငါတော့ အရှက်ကွဲပါပြီကွာ၊ သူတို့က ဘိုးတော်ဘုရားခေတ်က မင်းရဲ့စကားတွေကိုရယ်တာကိစ္စမရှိဘူး၊ လူတွေက ငါလုပ်တယ်လို့ပဲထင်ကြမှာက အရေးကြီးတယ်"

"အဲဒီတော့ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့ကို လူတကာတံတွေးခွက်ထဲ ပက်လက်မျောအောင် မင်းလုပ်နေတာပဲ၊ ဒီကိုယ်ခန္ဓာထဲကမင်းထွက်သွားချင်တောင်မှ ငါက အရှောင်သက်သက် နာမည်ပျက်ပြီးကျန်ခဲ့မှာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ငါပြောသလို မိန်းကလေးတစ်ယောက် အမြန်ရှာပေးလေ၊ မင်းလည်း ဒီအသက်အရွယ်ကြီးရောက်မှတော့ ယားဖိုးတွေ အများကြီးရှိမှာပေါ့"

"ဘာယားဖိုးလဲ၊ ရည်းစားလို့ပြောစမ်းပါကွာ၊ ငါ့မှာ ရည်းစားဆိုလို့ မူးလို့တောင်ရှူစရာမရှိဘူး၊ ကောင်မလေးတွေနဲ့စကားပြောရမှာ ငါကြောက်တယ်ကွ"

စိုင်းဝေဠုက အကြံရသွားဟန်ဖြင့် . . .

"မကြောက်နဲ့တော့လေ၊ ဒေါက်တာငွေစိုးက 'အခက်အခဲတွေနဲ့ ရင်ဆိုင်ရတိုင်း 'ငါလုပ်နိုင်တယ်' လို့ အခေါက်ခေါက်အခါခါ ရွတ်ရမယ်' လို့ ပြောထားတာ မင်းမေ့သွားပြီလား၊ ကဲ. . . ကဲ. . . သူပြောသလိုရွတ်ကြည့်"

"ငါလုပ်နိုင်တယ်"

ခေလွန်းက နှုတ်မှခပ်ဖွဖွရွတ်ဆိုကြည့်လိုက်၏။ စကားအဆုံးတွင် သူ့ကိုယ်သူ ယုံကြည်မှုအနည်းငယ်ရှိလာသလို ခံစားရသည်။

"ငါလုပ်နိုင်တယ်"

ခေလွန်းက အားမာန်ပါပါဖြင့် ရွတ်ဆိုလိုက်ရင်း စိုင်းဝေဠုအား . . .

"ငါ့ကိုယ်ခန္ဓာကို ထိန်းချုပ်ခွင့်ပေးမှ ငါ့ကိုယ်ငါ ယုံကြည်မှုရှိလာမှာပေါ့၊ ငါ့ကို ခဏပြန်ပြီးထိန်းချုပ်ခွင့်ပေး"

ဟု စောဒကတက်လိုက်၏။

"ကောင်းပြီလေ၊ ငါပြောထားတဲ့အတိုင်းလုပ်နော်"

စိုင်းဝေဠုက ထပ်မံတိုက်တွန်းရင်း ခေလွန်းကိုယ်ခန္ဓာကို ထိန်းချုပ်ထားမှုအား အလျှော့ပေးလိုက်သည်။

ခေလွန်းမှာ စိုင်းဝေဠုက သူ့စိတ်ဝိညာဉ်၏အနောက်ဘက်သို့ ရောက်အောင် တရွေ့ရွေ့နောက်ဆုတ်သွားသည်ကို ခံစားသိဖြင့်သိနေ၏။ သို့ရာတွင် စိုင်းဝေဠုက သူ့အား သတိပြီးစွာထား၍ စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြောင်းကိုလည်း သိနေသည်။

ခေလွန်း ဘောင်းဘီအိတ်ထဲသို့လက်နှိုက်ကြည့်သောအခါ ပိုက်ဆံအနည်းငယ်ထွက်လာ၏။ သူက ကော်ဖီဆိုင်နံရံတွင်ကပ်ထားသော ဈေးနှုန်းများကိုဖတ်ကြည့်ရင်း ကော်ဖီတစ်ခွက်နဲ့ ဒိုးနပ် (Do-nut) တစ်ခုတော့ ဝယ်စားနိုင်သေးတယ်ဟု တွေးလိုက်သည်။

ကော်ဖီနှင့်မုန့်ဝယ်ရန် ခေလွန်းထိုင်နေရာမှ ထလာခဲ့သည်။

တစ်ဆိုင်လုံး သူနှင့်သက်တူရွယ်တူလူငယ်များဖြင့် စည်ကားနေ၏။ ခေလွန်းတို့ ဒုတိယနှစ်မှကျောင်းသားကျောင်းသူ အချို့ကို ပင်တွေ့ရသည်။ သို့ရာတွင် သူတို့ကိုခေလွန်းမသိချေ။ သိအောင်လည်း တစ်ခါမှမကြိုးစားဖူးခဲ့။

ခေလွန်းမှာ စာတော်သောကျောင်းသားများ၏ထုံးစံအတိုင်း စာမေးပွဲတွင်အမှတ်ကောင်းကောင်းနှင့် အောင်မြင်တတ်သောကျောင်းသားအချို့ကိုသာ ခင်မင်သိကျွမ်းသည်။ စာမေးပွဲတဘုန်းဘုန်းကျပြီး ပေတေလေလွင့်နေသော ကျောင်းသားများကို သူမသိချေ။

ဤသည်မှာလည်း ခေလွန်း၏အပြစ်မဟုတ်ချေ။ ခေလွန်းကို ကျောင်းတွင် ပေတေဆိုးသွမ်းသော ကျောင်းသားကျောင်းသူများနှင့် ပေါင်းလျှင် နာဖို့သာပြင်ထားဟု ဖခင်ဖြစ်သူ ဦးစိုးထွန်းက ကြိမ်းမောင်းထားသောကြောင့်ဖြစ်သည်။ ဖခင်ဦးစိုးထွန်းမှာ ခေလွန်းတို့ တက္ကသိုလ်မှ အင်္ဂလိပ်ကထိကဖြစ်သောကြောင့် ကျန်ဆရာ၊ ဆရာမများကပါ ဝိုင်းဝန်းသွန်သင်ဆုံးမစောင့်ကြည့်ခြင်းကို ခံရနေသော ခေလွန်း၏ဘဝမှာ သနားစရာပင်ကောင်းနေသေး၏။

ခေလွန်းမှာ စဉ်းစားရင်း ဖခင်ဦးစိုးထွန်းကို သတိရသွားပြီး စိတ်ဓာတ်ပင်ကျသွားသည်။ အိမ်ပြန်နောက်ကျသည့်အတွက် ဖခင်ဖြစ်သူ၏ ဆူပူကြိမ်းမောင်းခြင်းမှလွတ်ကင်းရန် ဆင်ခြေကောင်းကောင်း တစ်ခုရှာရဦးမည်။ သူက စိတ်ညစ်ညူးစွာဖြင့် ကော်ဖီတစ်ခွက်နှင့် (Donut) တစ်ခုမှာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ဆံပင်အနီရောင်ခပ်ဖျော့ဖျော့ဆိုးထားပြီး ဒူးဆစ်ခန့် အနက်ရောင်စကတ်အတိုနှင့် တီရှပ်အင်္ကျီအနက်ကိုဝတ်ဆင်ထားသည့် အရပ်မြင့်မြင့် မိန်းကလေးတစ်ယောက်က ဂျာနယ်တစ်စောင်ကိုလိပ်ပြီးကိုင်ထားသော တရုတ်မလေးတစ်ယောက်နှင့် ရယ်ရယ်မောမော စကားပြောရင်း ကော်ဖီဆိုင်ထဲသို့ဝင်လာသည်။ ခေလွန်းမှာ သူ့အာရုံနှင့်သူဖြစ်နေသဖြင့် သူတို့နှစ်ယောက်ကို သတိမထားမိလိုက်။

ထိုမိန်းကလေးနှစ်ယောက်မှာ ဆူးမွန်နှင့်ငယ်လေးတို့ဖြစ်၏။ ငယ်လေးက ဆူးမွန်ထံမှပိုက်ဆံကိုယူပြီး ကော်ဖီနှင့်မုန့်ဝယ်ရန် ခေလွန်းနှင့်မလှမ်းမကမ်းတွင်ရပ်လိုက်သည်။

ခေလွန်းက ကော်ဖီနှင့်မုန့်ကိုဗန်းထဲထည့်ပြီး လှည့်ထွက်လာစဉ် သူ့စားပွဲဝိုင်းတွင်ဝင်ထိုင်နေသော ဆူးမွန်ကိုတွေ့လိုက်ရ၏။ ရုတ်တရက် သူ့ခေါင်းထဲမှထွက်ပေါ်လာသောစကားသံကြောင့် ခေလွန်းမှာ လန့်ဖျပ်သွားပြီး လက်ထဲမှကော်ဖီဗန်းပင် လွတ်ကျတော့မလိုဖြစ်သွားသည်။

"တွေ့ပြီ. . . ငါပြောတဲ့မိန်းကလေးက သူပဲ. . . သူပဲ"

စိုင်းဝေချို၏ အလန့်တကြားအော်သံကြောင့် ခေလွန်းက ထိုကောင်မလေးကိုစိုက်ကြည့်ပြီး အကဲခတ်လိုက်၏။ ထိုမိန်းကလေးမှာ မျက်နှာရှစ်ခေါက်ချိုးထားသော်လည်း သူမ၏အလှက ပျောက်ပျက်မသွားချေ။ သူမ၏အလှမှာ ထက်မြက်မာကျောမှုနှင့် နူးညံ့လှပမှုကို အချိုးကျကျပေါင်းစပ်ထားသော နှင်းဆီပန်းတစ်ပွင့်နှင့်တူသည်။

သူမ၏မျက်နှာကတော့ တစ်လောကလုံးကို မကျေနပ်သကဲ့သို့ ရှုတည်တည်ဖြစ်နေ၏။ ကြည့်ရတာ စဝ်ဝတီခင်ကလည်း မျက်နှာကြောတင်းပုံရတယ်။ ဒါကြောင့် စိုင်းဝေချိုက သူ့ကို သဘောကျတာဖြစ်မယ်ဟု ခေလွန်း စိတ်အချဉ်ပေါက်စွာတွေးလိုက်သည်။

ခေလွန်းမှာ သူမထိုင်နေသည့်စားပွဲဆီသို့လျှောက်သွားစဉ် 'ငါလုပ်နိုင်တယ်'ဆိုသည့်စကားကို ဆီမန်းမှုတ်သလို စိတ်ထဲမှ ထ

www.burmeseclassic.com

www.burmeseclassic.com


တွတ်တွတ်ရွတ်ဆိုနေမိ၏။

စားပွဲဘေးသို့ရောက်သောအခါ ခေလွန်းက ခပ်မြူးမြူးလေသံဖြင့် . . .

"ဪ. . . ကျွန်တော့်စားပွဲမှာ ထိုင်မယ့်သူတစ်ယောက် ထပ်တိုးလာတာကိုး"

ထိုစကားကြောင့် ကောင်မလေးက ခေလွန်းကိုမော့ကြည့်ရင်း မျက်လုံးညိုကြီးများဖြင့် ခြေဆုံးခေါင်းဖျားအထိ အကဲခတ်လိုက်သည်။ သူမ၏မျက်ဝန်းလဲ့လဲ့ထဲတွင် စိတ်ဆိုးမှု၏အရိပ်အယောင်အချို့ မသိမသာဖြတ်ပြေးသွား၏။

"ဘာလဲ. . . ဒီဝိုင်းက ရှင်အပိုင်ဝယ်ထားတာလား၊ မသိလို့နော်"

သူမက ပြောပြောဆိုဆိုဖြင့် ထရပ်ရန်ဟန်ပြင်လိုက်သည်။

ခေလွန်းက သကာရည်ဆမ်းထားသလို ချိုမြစွာပြုံးရင်း ပျာပျာသလဲဖြင့် . . .

"မဟုတ်ဘူး. . . ထိုင်ပါဗျ၊ ကျွန်တော်လည်း တစ်ယောက်တည်း ကော်ဖီသောက်ရမှာ ပျင်းနေတာနဲ့ အတော်ပဲ"

ခေလွန်း၏စကားကြောင့် ကောင်မလေးက ဝိုင်းမပြောင်းတော့ဘဲ နေရာ၌ ဆက်ထိုင်နေ၏။ ခေလွန်းက စိတ်သက်သာရာရစွာ သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်ရင်း . . .

"ငါ. . . မင်းအတွက် ကော်ဖီသွားယူပေးရမလား"

"ဟင့်အင်း. . . ရတယ်. . . ငယ်လေးက ကျွန်မအတွက် ဝယ်လာလိမ့်မယ်"

သူမက ကောင်တာရှေ့တွင်ရပ်နေသော တရုတ်မလေးဆီသို့ မေးငေါ့ပြရင်း ဖြေလိုက်သည်။ ခေလွန်းကပြုံး၍ ခေါင်းညိတ်လိုက်ရင်း. . .

"ဪ. . . အင်း. . . မင်းကို ကျောင်းမှာမြင်ဖူးသလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ငါတို့တက္ကသိုလ်ကပဲထင်တယ်"

ကောင်မလေးကရယ်ပြီး . . .

"သိပ်ဟုတ်တာပေါ့၊ ဒီမြို့လေးမှာ တက္ကသိုလ်ဆိုလို့ တစ်ခုတည်းရှိတာပဲ"

"ဒါပေမဲ့ မင်းက ဒုတိယနှစ်ကျောင်းသူတော့ ဟုတ်မယ်မထင်ဘူး"

"ကျွန်မက ပထမနှစ်အီးမေဂျာ (အင်္ဂလိပ်စာ) ကပါ"

ခေလွန်းကပြုံး၍ နူးညံ့ချိုသာသောလေသံဖြင့် . . .

"ပထမနှစ်အီးမေဂျာမှာ သိပ်လှတဲ့ မိန်းမချောလေးတစ်ယောက်ရှိတယ်ဆိုတာ အသိနောက်ကျသွားတယ်ကွာ"

"ဘာဖြစ်လို့လဲဟင်"

"ဩော်. . . အရင်ကကြိုသိခဲ့ရင် မင်းနဲ့သူငယ်ချင်းဖြစ်အောင် အစောကြီးကတည်းက ကြိုးစားမိမှာပဲ"

ခေလွန်း၏စကားအဆုံးတွင် သူမမျက်နှာက ပန်းရောင်လျှမ်းတက်လာပြီး မျက်လွှာချခေါင်းငုံ့သွား၏။ ဖြည်းဖြည်း. . . ဖြည်းဖြည်းချင်းပြော ခေလွန်း၊ သိပ်မလောနဲ့ဟု သူ့ကိုယ်သူ သတိပေးနေမိသည်။ ထိုသို့ဖြစ်နေစဉ် ကော်ဖီဗန်းကို စားပွဲပေါ်ချထားလိုက်သော ငယ်လေးကြောင့် ခေလွန်း စိတ်ကျဉ်းကျပ်မှု အနည်းငယ်လျော့နည်းသွားသည်။

ငယ်လေးက ဆူးမွန်ကို အဓိပ္ပါယ်ပါပါပြုံး၍ ကြည့်လိုက်ရင်း. . .

"အေးအေးဆေးဆေးထိုင်ကြဦးနော်၊ ငါ. . . ဟိုထောင့်ဝိုင်းကသူငယ်ချင်းတွေနဲ့ စကားသွားပြောလိုက်ဦးမယ်"

ထို့နောက် ငယ်လေးက ဆူးမွန်ကို ခေလွန်းနှင့်ထားခဲ့ပြီး ထွက်ခွာသွားပြန်၏။

ဆူးမွန်က စားပွဲကိုငုံ့ကြည့်နေရာမှ ကောက်ခါငင်ခါဖြင့်. . .

"ကျွန်မကတော့ ရှင့်ကို အစောကြီးကတည်းကသိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှင့်နာမည်က ခေလွန်း။ ကျွန်မတို့အင်္ဂလိပ်စာဆရာ ဦးစိုးထွန်းက ရှင့်အဖေ"

ဒီတစ်ကြိမ်တော့ ခေလွန်းရှက်ရမည့်အလှည့် ဖြစ်ဟန်တူသည်။ သူက လေသံတိုးတိုးဖြင့် . . .

"မင်းက အဖေ့ကိုသိနေတာကိုး"

သူမက ခေလွန်းကို ဖျစ်ညှစ်အားယူပြီးပြုံးပြရင်း . . .

"သိတာပေါ့၊ ကျွန်မကို ခုနကလေးတင်ပဲ သူဒဏ်ပေးလိုက်တာ၊ ကျွန်မဒဏ်ပေးခံရလို့ ကျွန်မရဲ့ရည်းစားကလည်း စိတ်မကောင်းဘူး၊ သူက ရှင့်အဖေကို တစ်စက်ကလေးမှကြည့်မရဘူး"

သူမ၏စကားက ခေလွန်း၏အရှိက်နှင့်မေးရိုးကို လက်သီးဖြင့်ဆင့်ထိုးလိုက်သလိုပင်။ သူမတွင် ချစ်သူရည်းစားရှိနှင့်နေသည့်အပြင် သူ့ကို တစ်ကျောင်းလုံးက မေတ္တာတုံးသည့်ဆရာ၏သားမှန်းသိနေသောကြောင့် ခေလွန်းအတွက် ကံကောင်းဖို့ရာလမ်းမမြင်တော့။

ခေလွန်းစိတ်ညစ်သွားစဉ် . . .

"သူ့လိုလူတစ်ယောက်ရဲ့သားဖြစ်ရတဲ့ ရှင့်ဘဝကလည်း မလွယ်ဘူးနော်"

ဆက်ပြောလိုက်သော ဆူးမွှန်၏စကားသံက သူမ၏မျက်နှာတဲ့သို့ ပြန်လည်နူးညံ့လာသည့်အတွက် ခေလွန်း အံ့အားသင့်သွား၏။

ခေလွန်းက စိတ်မချမ်းမြေ့စွာဖြင့် . . .

"ဟုတ်တယ်၊ ငါ့ကို ဆရာဦးစိုးထွန်းရဲ့သားက စာတော်ပြီး ကြိုးစားတယ်လို့ပဲ လူတွေကထင်နေကြတာ။ တကယ်တော့ ငါ့ရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေ နေ့တိုင်း ဆုံးရှုံးနေရတာကိုတော့ ဘယ်သူမှ သတိထားမိမှာမဟုတ်ဘူး"

"ဟုတ်တယ်နော်"

"ခက်တာက လူတွေက ကိုယ့်ကိုလိမ္မာတယ်လို့ သတ်မှတ်လိုက်ကြရင် သူတို့သတ်မှတ်ထားတာနဲ့ ထိုက်တန်အောင်ကြိုးစားပြီး

www.burmeseclassic.com

www.burmeseclassic.com



နေပြရတော့တာပဲ၊ တစ်ခုခုလုပ်ခါနီးတိုင်း လူတွေ ငါ့ကို ဘာပြော ကြမလဲလို့ တွေးနေရတာအရမ်းစိတ်ပင်ပန်းတယ်၊ တကယ်တော့ ဘယ် အရာမဆို တမင်သက်သက်လုပ်ယူရတာမကောင်းဘူး၊ သူ့ဘာသာသူ သဘာဝအတိုင်းဖြစ်လာတာပဲ ကောင်းတယ်"

ခေလွန်းမှာ ရှည်လျားစွာရှင်းပြလိုက်ပြီးမှ ဘာဖြစ်လို့ ငါ သူ့ကို ဒီအကြောင်းတွေ တရင်းတနှီးဖွင့်ပြောမိတာပါလိမ့်ဟု တွေးမိ သည်။

သူမက ခေလွန်းကို ကရုဏာသက်သွားသလို စိုက်ကြည့် လိုက်ပြီး . . .

"ကျွန်မ နားလည်ပါတယ်၊ ဒါနဲ့ ကျွန်မနာမည်က ဆုးမွန် ပါ"

"မင်းကိုမြင်မြင်ချင်းခင်မိပါတယ်၊ ငါ့နာမည်ကိုတော့ မပြော တော့ဘူးနော်"

ခေလွန်းက ရယ်ရယ်မောမောဖြင့် ပြန်ပြောလိုက်၏။ ဆုးမွန် က ခေလွန်းကိုကြည့်ရင်း လှပဖြူဖွေးညီညာသော သွားများပေါ်အောင် ပြုံးရယ်လိုက်သည်။

ခေလွန်းက ခပ်ရွှတ်ရွှတ်လေသံဖြင့် . . .

"ဘာတွေသဘောကျနေတာလဲ၊ သွားတိုက်ဆေးကြော်ငြာရိုက် လေ့ကျင့်နေတာလား"

"မဟုတ်ပါဘူး၊ ရှင့်ပုံစံက ဘဝင်မြင့်ပြီး မာနကြီးလိမ့်မယ် လို့ အရင်က ကျွန်မထင်ထားတာနဲ့ တခြားစီဖြစ်နေလို့ပါ၊ အောင် ခင်ထွန်းပြောပြခဲ့တဲ့ ရှင့်အကြောင်းတွေနဲ့လည်း တခြားစီပဲ"

"အောင်ခင်ထွန်းဟုတ်လား၊ မင်းရဲ့ရည်းစားက အောင်ခင် ထွန်းလား၊ ဟို အော်ကြောလန် အောင်ခင်ထွန်းတော့ မဟုတ်ပါဘူး နော်"

"ဟုတ်ပါတယ်၊ သူပါပဲ၊ သူကပြောတယ်၊ ရှင်က. . ."

www.burmeseclassic.com

www.burmeseclassic.com



"သူဘာပြောမယ်ဆိုတာ ငါသိပြီးသားပါ"

ခေလွန်းက ဆူးမွန်၏စကားကိုဖြတ်ပြီး ပြောလိုက်၏။ ဆူးမွန်က လိမ္မာပါးနပ်စွာဖြင့် စကားကို လမ်းကြောင်းပြောင်းလိုက်သည်။ သူမက . . .

"ရှင်နဲ့စကားပြောရတာ ပျော်စရာကောင်းတယ်၊ ရှင် ဒီဆိုင်မှာ အမြဲတမ်းကော်ဖီလာသောက်သလား"

"အရင်က တစ်ခါမှမရောက်ဖူးပါဘူး၊ ဒီနေ့မှ ဆရာဝန်လာပြရင်း ဒီဆိုင်ကိုရောက်လာတာ"

ဆူးမွန်က မေးမိသည့်အတွက် အားနာသွားဟန်ဖြင့် . . .

"ရှင် နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ နေမကောင်းဖြစ်တာကိုကုတဲ့ဆရာဝန်မဟုတ်ဘူး၊ အိပ်မွေ့ချပြီးကုတဲ့ ဆရာဝန်ဆီလာပြတာပါ"

ခေလွန်းက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်၏။

ရုတ်တရက် စိုင်းဝေမြူကခေလွန်းအား . . .

"ဒီကောင်မလေးကို အိပ်မွေ့ချတဲ့အကြောင်းပြောပြီး ဆွဲဆောင်ကွာ၊ မင်းလည်း အိပ်မွေ့ချတတ်တယ်လို့ သူ့ကိုပြောပြ"

'ငါလည်း အခု အဲဒီအတိုင်းလုပ်နေတာပဲ' ဟု ခေလွန်းက စိတ်ထဲမှ ပြန်ပြောလိုက်၏။

ထို့နောက် ခေလွန်းက ဂျာကင်အင်္ကျီအိတ်ထဲမှ ဂျာနယ်စက္ကူအပိုင်းအစကို ထုတ်ယူပြီး ဆူးမွန်၏စားပွဲရှေ့သို့ ချပြလိုက်သည်။

ဆူးမွန်က ဂျာနယ်စက္ကူစကိုကောက်ယူပြီး ဖတ်ကြည့်လိုက်၏။ သူမ၏မျက်ဝန်းများမှ စူးစမ်းသိရှိလိုခြင်းနှင့် စိတ်ပါဝင်စားခြင်းတို့ ရောယှက်ကာ တလက်လက်တောက်ပနေသည်။

သူမက စိတ်ဝင်တစားဖြင့် . . .

"အဲဒီလို အိပ်မွေ့ချနည်းနဲ့ကုတာ တကယ်ထိရောက်မှုရှိလား။ ရှင့်ရဲ့စိတ်စွမ်းအားတွေ တကယ်ပဲတိုးတက်လာသလား"

www.burmeseclassic.com

www.burmeseclassic.com


"ငါက. . . မှတ်ဉာဏ်ပိုကောင်းလာအောင် သွားကုတာပါ၊ စာမေးပွဲဖြေတဲ့အခါ အထောက်အကူဖြစ်အောင်လို့၊ မင်းသိချင်ရင် ဒေါက်တာငွေစိုး အိပ်မွေ့ချတဲ့အတိုင်း ငါ ပြန်လုပ်ပြမယ်လေ"

ခေလွန်းက လေသံကို အတတ်နိုင်ဆုံး ပုံမှန်ဖြစ်အောင်ကြိုးစားပြီး ပြောလိုက်၏။

သို့ရာတွင် သူ့စိတ်ဝိညာဉ်၏အောက်မှ စိုင်းဝေမြူကတော့ ဆူးမွန်၏တုံ့ပြန်စကားကို စောင့်ရင်း ဂနာမငြိမ်ဖြစ်နေသည်။

ဆူးမွန်က ခေါင်းကိုမော့ကာ စဉ်းစားသလိုလုပ်လိုက်ပြီးမှ. . .

"ရှင်. . . ကျွန်မကို တကယ်အိပ်မွေ့ချပြနိုင်လို့လား"

"မင်းရဲ့ဆန္ဒမပါဘဲနဲ့တော့ မရဘူးပေါ့"

"ကျွန်မက လိုလိုလားလားနဲ့ ကူညီမယ်ဆိုရင်ရော"

"ဒါဆိုရင်တော့ ရမယ်ထင်တာပဲ"

"အဲဒါဆို စမ်းကြည့်ကြရအောင်"

စိုင်းဝေမြူ မျှော်လင့်ထားသောစကားကို ဆူးမွန်ထံမှ ကြားလိုက်ရ၏။

ခေလွန်းက ဒေါက်တာငွေစိုး၏လုပ်ပုံလုပ်နည်းအတိုင်း အိပ်မွေ့ချနေသည်ကို စိုင်းဝေမြူ တထိတ်ထိတ်နှင့်စောင့်ကြည့်နေသည်။ ပျော်မြူးတက်ကြွနေသော ဆူးမွန်၏ မျက်နှာအမူအရာက တစ်စုံတစ်ရာကို အာရုံစူးစိုက်နေသကဲ့သို့ တဖြည်းဖြည်း တည်ငြိမ်လာ၏။

ဘေးလူများအမြင်တွင်တော့ သာမန်သမီးရည်းစားစုံတွဲတစ်တွဲ တွတ်ထိုးနေသည်ဟုသာ ထင်ကြပေလိမ့်မည်။ သို့ရာတွင် မကြာခင်မှာပင် ဆူးမွန်တစ်ယောက် ဘဝင်စိတ်ကျကာ အိပ်ပျော်သွားလေသည်။

ခေလွန်းက ဆူးမွန်အား မေးခွန်းများမေးရန် ဟန်ပြင်နေဆဲတွင် အမှောင်ထုကြီးက သူ့ကို ဝါးမျိုသွားပြန်၏။

"ဟင်. . . မင်းဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ခေလွန်းကအိပ်ပျော်ပြီး မျှောမသွားခင် ကသောကမျောမေး လိုက်သည်။

"အခုအချိန်ကစပြီး ငါ့တာဝန်ထားလိုက်"

ခေလွန်း မေ့မျောမသွားမီ စိုင်းဝေဠု၏စကားသံကို နောက်ဆုံးအနေဖြင့် ကြားလိုက်ရ၏။

စိုင်းဝေဠုက ဘေးဘီဝဲယာကိုကြည့်ရင်း လေသံတိုးတိုးဖြင့်. . .

"ဝတီ. . . စဝ်ဝတီခင်. . . ငါ မင်းအတွက် ကိုယ်ခန္ဓာတစ်ခု ရှာပေးထားတယ်"

●

ထောင်ထောင်မောင်းမောင်း၊ ဝဝဖိုင့်ဖိုင့်၊ ဆံပင်ကောက်ကောက်နှင့် လူငယ်တစ်ယောက်က ဈေးကြီးလမ်းအတိုင်းလျှောက်လာသည်။ သူက အေးစိမ့်စိမ့်လေပြင်းတိုက်ခတ်မှုဒဏ်ကို ခံနိုင်စေရန် လက်နှစ်ဖက်ကို ဂျာကင်အင်္ကျီအိတ်ထဲထည့်ကာ ခေါင်းကို ငိုက်စိုက်ချထား၏။

သူက အိုမင်းဟောင်းနွမ်းနေသော အစိမ်းပုပ်ရောင်တံခါးကိုလည်းကောင်း၊ စာပေကမ္ဘာစာအုပ်ဆိုင်ကိုလည်းကောင်း ကျော်လွန် ကာ ရှေ့သို့ဆက်လျှောက်လာသည်။

သူ့ခြေလှမ်းများက ဆူးမွန်ရှိရာ ကော်ဖီဆိုင်ဆီသို့ ဦးတည်နေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကော်ဖီဆိုင်ထဲတွင်တော့ လူငယ်စုတွဲတစ်တွဲက ခေါင်းချင်းဆိုင်ပြီး နှစ်ကိုယ်ကြားရရုံ တီးတိုးပြောနေကြ၏။ မည်သူမှ သူတို့နှစ်ဦးကို သတိပြုမိခြင်းမရှိကြ။

မိန်းကလေးမျက်နှာက နူတ်ခမ်းစူတူတူနှင့် ကောင်မလေးတစ်ယောက်၏မျက်နှာမှ ရင့်ကျက်တည်ငြိမ်သော လုံမပျိုတစ်ဦး၏မျက်နှာအဖြစ်သို့ မသိမသာ ပြောင်းလဲသွားသည်။ သူမက နဝေတိမ်တောင်ဖြင့် . . .

"စိုင်းဝေ့ . . . တ . . . တကယ် . . . ရှင်ပဲနော် . . . ဟုတ်တယ်နော်"

"ဝတီ . . . မင်းအခု ဆူးမွန်ရဲ့ကိုယ်ထဲ ရောက်သွားပြီလား"

"ရောက်သွားပြီ၊ ဒါပေမဲ့ ရှင့်ကိုကြည့်ရတာ ပုံပြောင်းသွားသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်. . . ငါလည်း ခေလွန်းဆိုတဲ့ကောင်လေးရဲ့ ကိုယ်ထဲမှာဝင်နေတာလေ"

ပြောပြောဆိုဆိုနှင့် စိုင်းဝေမျှက စဝ်ဝတီခင်၏လက်ကို ဖွဖွ လေးဆုပ်ကိုင်လိုက်ရင်း . . .

"မင်းကို ငါ ရှာပုံတော်ဖွင့်ရတာ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ မကြာခင်ကမှ တို့နှစ်ယောက် ပြန်ဆုံနိုင်မယ့်နည်းလမ်းတစ်ခုကို သွား တွေ့တယ်၊ အားလုံး ငါမျှော်လင့်ထားတဲ့အတိုင်းဖြစ်လာရင် တို့နှစ် ယောက် ပြန်ပေါင်းစည်းနိုင်မှာပဲ"

စဝ်ဝတီခင်က တွေးတွေးဆဆဖြင့် . . .

"ဒါပေမဲ့ ကျွန်မတို့က ဒီလိုမျိုး သူများတွေရဲ့ ကိုယ်ခန္ဓာထဲ တစ်သက်လုံးဝင်နေလို့ဘယ်ဖြစ်ပါ့မလဲ"

စိုင်းဝေမျှက သူမကို ရယ်ကျဲကျဲဖြင့်ကြည့်ရင်း . . .

"စိတ်မပူပါနဲ့ကွာ၊ သူတို့ရဲ့ကိုယ်ခန္ဓာထဲမှာ ငါတို့ဆန္ဒရှိ သလောက်နေလို့ရပါတယ်၊ ပထမဆုံး မင်းဝင်နေတဲ့ကောင်မလေးရဲ့ ကိုယ်ခန္ဓာကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတာ အရင်လေ့လာပေါ့၊ အဲဒီ ကောင်မလေးက ရုပ်ရော၊ ကိုယ်လုံးကိုယ်ပေါက်ရော လှပါတယ်"

စဝ်ဝတီခင်က စိုင်းဝေမျှကို မျက်စောင်းထိုးလိုက်သဖြင့် သူက ကပျာကယာဖြင့် ဆက်ပြော၏။

"ဒါပေမဲ့ မင်းအသက်ရှင်နေတုန်းကလှတာကိုတော့ ဘယ်မီ လိမ့်မလဲကွာ"

စဝ်ဝတီခင်က စိုင်းဝေမျှဆုပ်ကိုင်ထားသည့်လက်ကိုဆွဲယူပြီး သူမ၏မျက်နှာကို လက်ချောင်းလေးများဖြင့် ညင်သာစွာတို့ထိစမ်းသပ် ကြည့်လိုက်သည်။ ခေါင်းဆုံးခြေဖျားအထိ စမ်းသပ်ကြည့်ပြီးနောက် သူမက တုန်လှုပ်ချောက်ချားစွာ ခပ်တိုးတိုးရေရွတ်လိုက်၏

"ဒုက္ခပဲ. . . ဒီကောင်မလေးက အဝတ်အစား [illegible] ဝတ်မထားဘူး"

www.burmeseclassic.com

www.burmeseclassic.com


စိုင်းဝေမြူက ဖျောင်းဖျောင်းဖျဖျဖြင့် . . .

"အခုခေတ်မှာ ဒီလိုပဲဝတ်စားကြတော့တယ် ဝတီ၊ တို့ ကွယ်လွန်ခဲ့ရတာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီလေ၊ အရာအားလုံးပြောင်းလဲသွားကြပြီ၊ ဒီခေတ်မှာ မြင်းဆွဲစရာမလိုတော့တဲ့ စက်ရထားလုံးတွေ၊ ဆီမဖြည့်ရဘဲ လင်းတဲ့မီးအိမ်တွေ အသုံးပြုနေကြပြီ၊ ရုပ်ရှင်လို့ခေါ်တဲ့ သက်ဝင်လှုပ်ရှားနေတဲ့ ပန်းချီကားတွေလည်းရှိနေပြီ၊ အခုခေတ်အဝတ်အစားတွေက ပေါ့ပေါ့ပျောင်းပြီး လှုပ်ရှားသွားလာရတာ အရမ်းအဆင်ပြေတယ်လေ၊ ဒီတော့ လူတွေလည်း အဝတ်အစားကို သိပ်ပြီး ရှည်ရှည်လျားလျား လုံလုံခြုံခြုံဖြစ်အောင် ဝတ်စရာမလိုတော့ဘူးပေါ့"

"ကျွန်မကတော့ ဒီလိုအဝတ်အစားတွေနဲ့ လမ်းမလျှောက်ရဲပေါင်တော်"

စဝ်ဝတီခင်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောသည်။

စိုင်းဝေမြူက အေးဆေးစွာလက်ကာပြလိုက်ပြီး . . .

"မင်းဝင်ပူးနေတဲ့ဆူးမွှန်ဆိုရင် ဒီလိုပဲလျှောက်သွားနေကျပဲ၊ ဘယ်သူမှလည်း သူ့ကို ပြူးတူးပြဲတဲလိုက်ကြည့်မနေကြဘူး၊ မကြာခင် မင်းလည်း ဒီအဝတ်အစားတွေနဲ့ ကျင့်သားရသွားမှာပါ ဝတီ၊ အခွင့်အရေးကို လက်လွှတ်မခံချင်စမ်းပါနဲ့"

"ဘာအခွင့်အရေးလဲ. . . အမောင်"

"လွတ်မြောက်ဖို့အခွင့်အရေးပေါ့၊ ဒီဘဝမှာ မပြီးပြတ်သေးတဲ့ ကိစ္စတွေရှိနေတော့ တို့နှစ်ယောက်စလုံး တမလွန်ဘဝကို ကူးပြောင်းလို့မရကြဘူးလေ၊ ငါတို့နှစ်ယောက်စလုံး ကွယ်လွန်ပြီးကတည်းက မိုတွယ်နားခိုစရာမရဘဲ တဝဲလည်လည်ဖြစ်နေခဲ့ကြတယ်၊ ကဲ အခု ဆိုရင် ဘယ်လောက်ဟန်ကျသလဲ၊ တစ်ယောက်နဲ့တစ်ယောက် ထပ်ဝေးစရာအကြောင်းမရှိတော့ဘူး၊ အဝတ်အစား မလုံခြုံလို့ဆိုတဲ့ အကြောင်းကိစ္စလေးနဲ့တော့ တမလွန်ကိုသွားနိုင်မယ့်အခွင့်အရေးကို လက်လွှတ်မခံချင်စမ်းပါနဲ့ ဝတီရယ်"

www.burmeseclassic.com


စဝ်ဝတီခင်က စိုင်းဝေငြကိုကြည့်ရင်း . . .

"ဒါနဲ့ ဒီကိုယ်ခန္ဓာနှစ်ခုကို ရှင် ဘယ်ကရှာတွေ့လာတာလဲ"

"ဒီဈေးကြီးလမ်းထဲမှာ သူ့ကိုယ်သူ အိပ်မွေ့ချပညာရှင်လို့ သတ်မှတ်ထားတဲ့ ရှုးပေါ်ပေါ်ဆရာဝန်တစ်ယောက်ရှိတယ်၊ သူက လူတွေရဲ့သိစိတ်ကို ဟာလာဟင်းလင်းဖြစ်အောင်လုပ်လိုက်ပြီး တခြားစိတ်ဝိညာဉ်တစ်ခုကို အဲဒီကိုယ်ခန္ဓာထဲဝင်အောင် ဖိတ်ခေါ်တယ်၊ သူက ဒီနည်းနဲ့ လူတွေရဲ့အရင်ဘဝကို သိနိုင်တယ်လို့ထင်နေတာ၊ ဒါပေမဲ့ သူခေါ်လိုက်တဲ့ဝိညာဉ်က ပြန်မထွက်တော့ မင်းတို့ငါတို့လို ဘဝဟောင်းကသူတွေဝင်နေတဲ့လူတွေသာ တဖြည်းဖြည်းများလာတယ်၊ ဒီလိုနဲ့ ငါလည်း အသက်အရွယ်ချင်းသိပ်မကွာတဲ့ ခေလွန်းရဲ့ကိုယ်ခန္ဓာကို တွေ့တာနဲ့ ပြေးဝင်နေလိုက်တာပဲ၊ ဒါတောင် ဟိုဆရာဝန်ကို နည်းနည်းလှည့်စားခဲ့ရသေးတယ်၊ နောက်ဆုံး ခေလွန်းရဲ့ကိုယ်ခန္ဓာကို ဝင်ပူးမိသွားတော့ မင်းနဲ့သင့်တော်တဲ့ဆူးမွန်ကို အိပ်မွေ့ချခိုင်းပြီး သူ့ကိုယ်ထဲဝင်ခိုင်းလိုက်တာ"

စိုင်းဝေငြက ရှည်လျားစွာရှင်းပြပြီး မောသွားဟန်ဖြင့် သက်ပြင်းချလိုက်၏။ ဝတီကနားထောင်ရင်း ဖြည်းလေးစွာ ခေါင်းညိတ်သည်။ သူမက . . .

"ကျွန်မတို့က သူတို့ကိုယ်ခန္ဓာထဲ ဝင်ပူးနေကြတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ဒီပုံစံအတိုင်း ဘယ်လောက်ကြာအောင်နေရမှာလဲ"

"ငါတို့ရဲ့ဝိညာဉ်တွေ တမလွန်ဘဝကို အေးအေးဆေးဆေး ကူးပြောင်းနိုင်တဲ့အထိပေါ့၊ မင်းအဖေက ငါ့ကိုသတ်ပြီး အလောင်းဖျောက်ထားတော့ ငါလည်း ကွယ်လွန်ပြီးသားဘဝမှာပဲ တဝဲလည်လည် ဖြစ်နေတယ်၊ မင်းမှတ်မိသေးလား၊ ငါတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ခွဲပစ်ချင်လို့ မင်း အဖေက ငါ့ကို ဓားနဲ့ထိုးသတ်လိုက်တာလေ"

စဝ်ဝတီခင်က သူမမျက်နှာပေါ်ထင်ဟပ်လာသော နာကျင်ခါးသီးမှုအရိပ်အယောင်များကို စိုင်းဝေငြမမြင်စေရန် တစ်ဖက်သို့ မျက်

www.burmeseclassic.com

www.burmeseclassic.com


နာလှဲလိုက်၏။ သူမက တိုးဖျော့သောလေသံဖြင့် . . .

"ကျွန်မသိပြီးသားပါ"

"မင်းရော ဘယ်လိုဖြစ်တာလဲ ဝတီ၊ ငါသေပြီးတာနဲ့ မင်း အလှည့်ရောက်လာတာပဲလား"

"အခုမှတော့ ဒီအကြောင်းတွေ သတိမရချင်တော့ပါဘူး"

စဝ်ဝတီခင်က ကမ္ဘာကယာပြန်ဖြေလိုက်သည်။ စိုင်းဝေဠုက ထပ်မေးပြန်၏။

"မင်း ဘယ်လိုသေသွားတာလဲ"

"အရေးမကြီးတော့ပါဘူးလို့ဆိုနေ"

"ဘာပဲဖြစ်ဖြစ် ငါမရှိရင် မင်းလည်း ဆက်ပြီးအသက်မရှင် ချင်ဘူးမဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလိုမျိုးပဲ"

စိုင်းဝေဠုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဝေသီသောမျက် ဝန်းများဖြင့် စဝ်ဝတီခင်ကိုကြည့်ကာ . . .

"တကယ်လို့ မင်းအဖေက မင်းကို အရင်ဆုံး ဓားနဲ့ထိုး သတ်လိုက်ရင်လည်း. . ."

"ဟင်. . . ဘာပြောတာလဲ"

"ခြော်. . . မင်းအဖေက မင်းကို အရင်သတ်လိုက်ရင် ငါ လည်း မင်းနောက်ကလိုက်သေမှာပဲလို့ ပြောတာ၊ မင်းမရှိတဲ့ဘဝမှာ အသက်မရှင်ချင်ဘူး ဝတီ"

"ဒီလောက်ခါးသီးတဲ့အတိတ်ကို မေ့ပစ်လိုက်ပါတော့ အမောင် ရယ်"

"မေ့ပစ်ရမယ်၊ ဘယ်လိုမေ့ပစ်ရမှာလဲ ဝတီ"

စဝ်ဝတီခင်က ဘာမှပြန်မပြောဘဲ စိုင်းဝေဠု၏လက်ကို ဆုပ် ကိုင်ရင်း မျက်လုံးများကို တစ်ခဏတာမှိတ်ထားသည်။ စိုင်းဝေဠု အနေဖြင့် မကျွတ်လွတ်သေးသောအတိတ်ကို မေ့မနိုင်သေးသည်မှာ

www.burmeseclassic.com

www.burmeseclassic.com


သဘာဝကျပါသည်။ လူငယ်နှစ်ဦး၏ကိုယ်ခန္ဓာများကို အသုံးချပြီး နှစ်ယောက်သား လွတ်မြောက်အောင် ကြံစည်သည့် သူ့ကြိုးစားမှုကို လည်း အပြစ်မတင်ရက်။

သို့ရာတွင် အပြစ်ကင်းစင်သော လူငယ်နှစ်ယောက်၏ကိုယ် ခန္ဓာများအား ကြာမြင့်စွာ မှီတွယ်ပြီး အသုံးပြုရမည်ကို သူမ လိပ်ပြာ မသန့်ချေ။

စဝ်ဝတီခင်က မျက်လုံးများကိုဖွင့်ကာ စိုင်းဝေဠုကို မော့ ကြည့်ရင်း . . .

"ထားလိုက်ပါတော့၊ ကျွန်မတို့ ရှေ့လျှောက် လွတ်မြောက် အောင် ဘယ်လိုဆက်လုပ်ကြမယ်ဆိုတာပဲ တွေးတာပိုကောင်းပါတယ်"

"ပထမဆုံး မင်းအဖေက ငါ့ကိုယ်ခန္ဓာကို ဘယ်မှာမြှုပ်ထား သလဲဆိုတာ အရင်ရှာရမယ်။ တွေ့ရင် ငါ့ကိုယ်ခန္ဓာနဲ့ ကျန်ခဲ့တဲ့ ပစ္စည်းတွေကို သင့်တော်တဲ့နေရာတစ်ခုမှာ ပြောင်းမြှုပ်ရမယ်၊ ဒါမှ ငါ ဒီဘဝကကျွတ်ပြီး တမလွန်ကို အေးအေးချမ်းချမ်း ဘဝကူးနိုင် မှာ"

"ဒီလောက်နှစ်တွေကြာမှတော့ ရှင်ပြောသလိုဖြစ်လာဖို့ လွယ်ပါ့မလား"

"ဖြစ်အောင်တော့ကြိုးစားရမှာပေါ့ ဝတီ"

"ကြိုးစားတာကနောက်မှ၊ လောလောဆယ် ဒီခေတ်ကြီးထဲ မှာ ရှင်နဲ့ကျွန်မ ဘယ်လိုအသက်ရှင်နိုင်မှာလဲ"

ပြောရင်း စဝ်ဝတီခင်၏စကားသံ အနည်းငယ်ကျယ်လောင် သွားသည်။ အခြားဝိုင်းများက သူမကို စူးစမ်းလိုသောမျက်ဝန်းများ ဖြင့် လှမ်းကြည့်ကြ၏။

စဝ်ဝတီခင်မှာ အိုးတိုးအမ်းတန်းဖြစ်သွားပြီး စိုင်းဝေဠုဘက် ခေါင်းချင်းပြန်ဆိုင်လိုက်သည်။ စိုင်းဝေဠုက လေသံသဲ့သဲ့ဖြင့် . . .

"ငါတို့ဝင်ပူးထားတဲ့လူငယ်နှစ်ယောက်ရဲ့ အကူအညီနဲ့

www.burmeseclassic.com


အသက်ဆက်ရှင်နိုင်တာပေါ့ ဝတီ"

"သူတို့ရဲ့ဗိညာဉ်ကို ကျွန်မတို့က လှမ်းပြီးဆက်သွယ်လို့ရလား"

"အတွေးနဲ့ စကားပြောလို့ရတယ်လေ၊ စမ်းကြည့်ပါလား"

စဝ်ဝတီခင်က မျက်လုံးစုံမှိတ်လိုက်၏။ သူမ၏မျက်နှာပေါ်တွင် အရိပ်အယောင်အမျိုးမျိုး ပြောင်းလဲသွားသည်ကိုကြည့်ခြင်းအားဖြင့် စဝ်ဝတီခင်က ဆူးမွန်အား အတွေးဖြင့်ဆက်သွယ်ပြီး စကားပြောနေကြောင်း စိုင်းဝေချွရိပ်စားမိသည်။ မိနစ်အနည်းငယ်မျှ တိတ်ဆိတ်စွာလောင်ကျွမ်းသွားကြ၏။

ရုတ်တရက် စဝ်ဝတီခင်၏မျက်လုံးများ ဖျတ်ကနဲပွင့်လာပြီး. . .

"သူက ကျွန်မတို့ကိုကူညီမယ်တဲ့"

"ကောင်းတာပေါ့၊ ဒါဆို အခု ဒီနေရာကခွာကြစို့"

"နေဦး. . . ဒီမှာ ပြဿနာတစ်ခုရှိသေးတယ်"

"ပြော. . . ဘာပြဿနာလဲ၊ ဒီလောက်နှစ်တွေ အကြာကြီးစောင့်လာပြီးမှတော့ ဘာအခက်အခဲပဲတွေ့တွေ့ ရင်ဆိုင်ရမှာပဲ"

စိုင်းဝေချွစကားအဆုံးတွင် ကော်ဖီဆိုင်တံခါးက ဝုန်းကနဲပွင့်သွားသည်။ ခန္ဓာကိုယ်တုတ်ခိုင်ထွားကျိုင်းသော လူငယ်တစ်ယောက်ဝင်လာ၏။ သူ၏ တွန့်လိမ်ကောက်ကွေးသောဆံပင်များကို ဆီများရွှဲနေအောင်ဖီးထားသည်။ သူ့မျက်နှာက တစ်လောကလုံးကို ထီမထင်ဟန်ဖြင့် အေးစက်မာကျောနေ၏။

ထိုလူငယ်မှာ ခေလွန်းနှင့်ဆူးမွန်တို့ စကားပြောနေသည်ကို မြင်လိုက်ရစဉ် သူ့မျက်နှာကနီရဲလာပြီး တဖြည်းဖြည်းခရမ်းရောင်ပြောင်းသွားသည်။ သူက လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အံကို တင်းတင်းကြိတ်လိုက်သည်။

ကော်ဖီဆိုင်ထဲမှလူအားလုံးမှာ နားရွက်ကလေးပင်မခတ်ကြ

www.burmeseclassic.com



တော့ဘဲ ကျောက်ရုပ်များလို ငြိမ်ကုပ်သွားကြ၏။ မည်သူမှ လှုပ်ရှားဖို့ မဆိုထားနှင့် အသက်ရှူရန်ပင် မေ့လျော့သွားကြသည်။ သူတို့အားလုံးက ဆိုင်ထဲတွင် မကြာမီတိုက်ခတ်တော့မည့် မုန်တိုင်းတစ်ခုကို ရင်တမမဖြင့် စောင့်စားနေကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၁ ခန်း (၁၁)

"ဘာတွေဖြစ်နေတာလဲ"

စိုင်းဝေဠုက နားမလည်နိုင်စွာမေးလိုက်၏။ စဝ်ဝတီခင်က မျက်လုံးကိုခဏမှိတ်ပြီး ဆူးမွန်နှင့် အတွေးချင်းဆက်သွယ်၍ စကား ပြောလိုက်သည်။ ပြီးမှ စဝ်ဝတီခင်က စိုင်းဝေဠုအား . . .

"ဆူးမွန်က သူ့မှာရည်းစားဆိုလားဘာဆိုလား ရှိတယ်၊ သူ့ ရည်းစားက ဗလအားကိုးနဲ့ ထင်တိုင်းကြဲနေတဲ့လူမိုက်တဲ့၊ အခုလည်း ဆူးမွန်က အဲဒီကောင်လေးနဲ့ ဒီမှာတွေ့ဖို့ချိန်းထားတာ"

"အဲဒီကောင်ကို ဂရုစိုက်မနေစမ်းနဲ့ . . . လာ သွားကြစို့"

"မဖြစ်ဘူး အမောင်၊ ကျွန်မတို့ အခု ဒီနေရာကထွက် သွားရင် သူက ပြဿနာရှာလိမ့်မယ်၊ ပြီးတော့ သူက ရှင်ဝင်ပူးနေ တဲ့ခေလွှန်းကို ကြည့်မရတာကြာပြီတဲ့"

အောင်ခင်ထွန်းမှာ စဝ်ဝတီခင်နှင့် စိုင်းဝေဠု အငြင်းပွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သည်အထိ စောင့်မနေနိုင်တော့။ သူက စိုင်းဝေမျှတို့စားပွဲဆီသို့ လျှောက်လာသည်။ တစ်ဆိုင်လုံးက သူ့ကို တိတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်နေကြ၏။

"ဒီညသန်းခေါင်ယံအချိန်ကျရင် ဆိုင်နားမှာပြန်တွေ့မယ်လို့ ဆူးမွန်ကို ပြောလိုက်"

ဟု စိုင်းဝေမျှက ကမန်းကတန်းမှာလိုက်သည်။ စဝ်ဝတီခင်က ခေါင်းညိတ်ပြရင်း အောင်ခင်ထွန်းဘက်သို့ မျက်နှာမူလိုက်၏။

အောင်ခင်ထွန်းက နှုတ်ခမ်းကိုမဲ့ကာ ခေလွန်း၏ကိုယ်ခန္ဓာနှင့် စိုင်းဝေမျှကိုကြည့်ရင်း . . .

"မင်းတို့ ဘာလုပ်နေကြတာလဲ"

စိုင်းဝေမျှ ဒေါသထွက်သွားသော်လည်း စိတ်ကို အချိန်မီ ထိန်းထားလိုက်သည်။ ကော်ဖီဆိုင်ထဲတွင် ရန်ဖြစ်သောအမှုနှင့် အချုပ်ခံရလျှင် သူတို့၏အကြံအစည်အားလုံး ပျက်ပြားသွားမည်ကို စိုးရိမ်သောကြောင့်ပင်။

သူက အောင်ခင်ထွန်းကို အဖက်မလုပ်လိုဟန်ဖြင့် ကျောခိုင်းလိုက်၏။

"ငါ မင်းကိုပြောနေတာ ခေလွန်း"

စိုင်းဝေမျှက ခြေလှမ်းရပ်ကာ နောက်သို့လှည့်ကြည့်ရင်း . . .

"ဟင်. . . ဘာပြောတာလဲ၊ ငါမကြားလိုက်ဘူး"

အောင်ခင်ထွန်းက လက်မနှစ်ချောင်းကို ခါးပတ်ကြားထဲသို့ ထိုးထည့်ရင်း ရှေ့တိုးလာသည်။ သူက ခေါင်းကိုငုံ့လိုက်ပြီး ခေလွန်း မျက်နှာနှင့် ထိလုမတတ်ကပ်လိုက်၏။

အောင်ခင်ထွန်းက အံကြိတ်ပြီးသွားစေ့ထားသောလေသံသဲ့သဲ့ဖြင့် စိုင်းဝေမျှ၏နားနားကပ်ပြီး ခြိမ်းခြောက်လိုက်သည်။ သို့သော်လည်း ကော်ဖီဆိုင်က တိတ်ဆိတ်ငြိမ်သက်လွန်းသောကြောင့် သူ၏ခြိမ်းခြောက်စကားကို လူတိုင်း ပီပီသသကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ငါ့ကောင်မလေးနဲ့ စကားပြောနေတာတွေ့ရင် မင်းကို အရေခွံဆုတ်ပစ်မယ်"

အောင်ခင်ထွန်းမှာ ထိုသို့ခြိမ်းခြောက်လိုက်ရသည့်အတွက် ကိုယ့်ကိုယ်ကို ရာဇဝင်လူမိုက်ကြီးတစ်ယောက်ကဲ့သို့ သွေးနားထင်ရောက်ကာ ကျေနပ်သွားသည်။ သူ့ခန္ဓာကိုယ်ကြီးနှင့် ခြိမ်းခြောက်လိုက်တိုင်း တစ်ဖက်လူက နှုတ်လှန်မထိုးရဲဘဲ ငြိမ်ကုပ်သွားရစမြဲပင်။

သို့ရာတွင် စိုင်းဝေဠုက ဟက်ကနဲ ပမာမခန့်ရယ်ရင်း ရှေ့သို့ ပြန်လှည့်ပြီး ဆက်လျှောက်သွားသည်။ ရုတ်တရက်မို့ အောင်ခင်ထွန်းမှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်တက်တက်ဖြစ်သွား၏။

ပြီးမှ သူက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း စိုင်းဝေဠုနောက်သို့ လိုက်သွားရန်ဟန်ပြင်လိုက်သည်။ ဆူးမွန်က ဝုန်းကနဲထရပ်လိုက်ပြီး . . .

"သူ့ကို ရန်လိုက်မရှာပါနဲ့ အောင်ခင်ထွန်း"

ဆူးမွန်၏ တိုတိုပြတ်ပြတ်စကားသံကြောင့် အောင်ခင်ထွန်း၏ ခြေလှမ်းများ တုံ့ကနဲရပ်သွား၏။ သူက စားပွဲခုံကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် ဆူးမွန်ကိုလှည့်ကြည့်လိုက်သည်။

အောင်ခင်ထွန်းက ပုခုံးနှစ်ဖက်ကို ဟန်ပါပါဖြင့်တွန့်လိုက်ပြီးမှ . . .

"ဒီကောင် မနက်ဖြန် ငါအချိန်ရမှတွေ့မယ်"

မနက်ဖြန် နင့်ဘေးမှာ မိုက်ဖော်မိုက်ဖက်တွေ အများကြီးရှိတဲ့အချိန်လို့ပြောစမ်းပါ အောင်ခင်ထွန်းဟု ဆူးမွန်စိတ်ထဲမှ ကျိတ်ပြောမိ၏။ သူမက ထိုင်ခုံတွင် ဟန်မပျက်ပြန်ထိုင်လိုက်သည်။

ဆူးမွန်မှာ သူမ၏ကိုယ်ခန္ဓာကို ပြန်ချုပ်ထိန်းနိုင်ခဲ့ရပြီဖြစ်သော်လည်း စိတ်ရှုပ်ထွေးမှုနှင့် စိတ်လှုပ်ရှားမှုကိုပေါင်းပြီးကာ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်နေဆဲပင်။

ထိုစဉ် စဝ်ဝတီခင်က ဆူးမွန်အား နားမလည်နိုင်စွာဖြင့် . . .

www.burmeseclassic.com



"မိန်းကလေး. . . ညည်း ဘယ်လိုဖြစ်ပြီး ဒီလိုကောင်မျိုးကို ကြိုက်ရတာလဲ"

ဆူးမွန်၌ ပြန်ဖြေစရာစကားမရှိ။ သူမက . . .

"တကယ်အဓိပ္ပါယ်ရှိတဲ့မေးခွန်းပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်မိ၏။

●

ကော်ဖီဆိုင်ထဲမှထွက်ကာ လမ်းမပေါ်အတိုင်းလျှောက်လာသော စိုင်းဝေဥူက လေကောင်းလေသန့်ရအောင် အသက်ကို တစ်ဝကြီးရှူသွင်းလိုက်သည်။ အေးမြလတ်ဆတ်သော လေထုအစား ဖုန်မှုန့်များ၊ ကားမီးခိုးငွေ့များရောပြွန်းနေသော လေကို ရှူရှိုက်လိုက်ရသောကြောင့် သူ မူးနောက်နောက်ဖြစ်သွား၏။

စိုင်းဝေဥူက ခေလွန်းကို အိပ်မွေ့ချထားရာမှ နှိုးလိုက်ရင်း. . .

"ငါ ဒီနေရာကိုပြန်မလာခင်အချိန်တွေ အများကြီးပိုနေတယ်၊ ငါတို့ ဘယ်မှာအချိန်သွားဖြုန်းကြရင်ကောင်းမလဲ"

ခေလွန်းက အိပ်မက်ဆိုးထဲမှနိုးထလာသူတစ်ယောက်လို နွမ်းနယ်ပင်ပန်းစွာဖြင့် . . .

"အိမ်ပြန်ကြရင်ကောင်းမယ်ထင်တာပဲ"

"ဘယ်လမ်းကသွားရမှာလဲ"

"ဒီလမ်းအတိုင်း တည့်တည့်သွား၊ လမ်းဆုံးရင်ညာချိုး၊ ပြီးရင် ကားစီးရမယ်"

စကားအဆုံးတွင် ခေလွန်းက သူ့ကိုယ်ခန္ဓာအား ထိန်းချုပ်ရန်ကြိုးစားရာ စိုင်းဝေဥူမှာ လမ်းလျှောက်နေရင်း ဒယိမ်းဒယိုင်ဖြစ်သွားသည်။ စိုင်းဝေဥူက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီခန္ဓာကိုယ်ကြီးကို နှစ်ယောက်ပိုင်းပြီးထိန်းချုပ်ရတာ အဆင်မပြေပါဘူး၊ ကဲ မင်းပဲ ငါ့ကို အိမ်အထိခေါ်သွားပေတော့"

သူ့ကိုယ်ခန္ဓာကို ခဏတာမျှ နဂိုအတိုင်း ပြန်ပိုင်ဆိုင်ခွင့်ရသည့်အတွက် ခေလွန်း စိတ်သက်သာရာရမိ၏။ သူက စိုင်းဝေဠုအား. . .

"မင်း. . . ငါ့ကိုယ်ထဲက ဘယ်တော့ အပြီးအပိုင်ထွက်သွားမှာလဲ"

"သိပ်မကြာတော့ပါဘူး"

စိုင်းဝေဠုက မရေမရာပြန်ဖြေသည်။ ခေလွန်းက . . .

"ကော်ဖီဆိုင်ထဲမှာ မင်း ဘာတွေလုပ်ခဲ့သေးလဲ"

"မနက်ဖြန် မင်း ကျောင်းတက်ရင်သိရမှာပေါ့ကွာ"

စိုင်းဝေဠုက သွေးအေးအေးဖြင့် ရယ်ရွှန်းပက်ရွှန်းပြောလိုက်၏။

ခေလွန်းက ဘာမှထပ်မမေးတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ချပြီး ကားဂိတ်ဆီသို့လျှောက်လာသည်။ စိုင်းဝေဠုက မမြင်ဖူးသည့်အရာများကို တစ်ချက်တစ်ချက် ထကြည့်တတ်သည့်မှအပ သူ့ကိုယ်ထဲ ငြိမ်သက်စွာလိုက်ပါလာသည်ကို ခေလွန်း ကျိတ်ပြီး ကျေးဇူးတင်မိ၏။

အဘယ်ကြောင့်ဆိုသော် ခေလွန်းအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသောပြဿနာတစ်ခု ဖြေရှင်းစရာရှိနေသောကြောင့်ပင်။

အိမ်ပြန်ရောက်လျှင် ဖခင်ဖြစ်သူဦးစိုးထွန်းနှင့် ဘယ်လိုရင်ဆိုင်ရမလဲဆိုသည့်ကိစ္စကိုသာ ခေလွန်းဦးနှောက်ပွင့်ထွက်လုမတတ် စဉ်းစားနေမိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဒီကောင် ဘယ်တွေလျှောက်အလေလိုက်နေပါလိမ့် . . . တောက်"

ဦးစိုးထွန်းက စိတ်ပူပန်စွာရေရွတ်ရင်း တောက်တစ်ချက်ခေါက်လိုက်သည်။ သူ့မျက်လုံးထဲတွင် ခေလွန်းကို ဘယ်တုန်းကမှ စိတ်တိုင်းမကျခဲ့ဖူးချေ။

ငယ်စဉ်ကတည်းက ကျားကျားလျားလျားရှိအောင် မြန်မာ့ရိုးရာလက်ဝှေ့သင်ပေးသော်လည်း ကိုယ်တော်ချောက အေးအေးလူလူ လုပ်ရသည့် ကွန်ပျူတာကိုမှ ပိုစိတ်ဝင်စားသည်။ ဦးစိုးထွန်း၏အတင်းအကြပ်စေခိုင်းမှုကြောင့် ခေလွန်းမှာ စနေနေ့မနက်တိုင်း မြန်မာ့လက်ဝှေ့လေ့ကျင့်ရ၏။ သူတို့သားအဖလေ့ကျင့်တိုင်း ဦးစိုးထွန်းက "စောစောထပြီး သွေးပူလေ့ကျင့်ခန်းလုပ်ထားတော့ မနက်စာကို မြိန်ရည်ယှက်ရည်စားနိုင်တာပေါ့" ဟု ပြောလေ့ရှိသည်။ သို့ရာတွင် ဦးစိုးထွန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ တပ်ထဲ၌ရှိစဉ်က လက်ဖဲ့ကျော်တစ်ယောက်ဖြစ်ခဲ့ဖူးသည့်အပြင် သူ၏ မညှာတမ်းသင်ကြားမှုကြောင့် ခေလွှန်းမှာ အစာကို ကောင်းစွာ မစားနိုင်အောင် မေးရိုးတစ်ခုလုံး နာကျင်ကိုက်ခဲနေတတ်သဖြင့် ဆန်ပြုတ်သောက်ရပေါင်းမနည်းတော့။

ထိုသို့ဖြစ်နေသော်လည်း ခေလွှန်း၏ မလျှော့သောဇွဲလုံ့လကြောင့် သူ့ကိုယ်ခန္ဓာက တဖြည်းဖြည်းသန်မာထွားကျိုင်းလာသည်။ ဖခင်၏ဒူး၊ တံတောင်နှင့်လက်သီးတွဲလုံးများကိုလည်း ကောင်းစွာ ခုခံကာကွယ်လာနိုင်၏။

သို့ဖြင့် ဦးစိုးထွန်း၏ပြစ်တင်ကြိမ်းမောင်းမှုက ကျောင်းစာဘက်သို့ ခြေဦးလှည့်လာပြန်သည်။ ခေလွှန်း မည်မျှပင်ကြိုးစားစေကာမူ ဦးစိုးထွန်းက. . .

'မင်း ဒီလိုကြိုးစားပုံနဲ့ ဘယ်လိုလုပ်ပြီး စာမေးပွဲအောင်မှာလဲ' ဟု အော်ငေါက်ဆူပူလေ့ရှိ၏။

●

ဦးစိုးထွန်း ညဉ့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေစဉ် ခေလွှန်းက တံခါးဝမှ ကုပ်ကုပ်ကလေးဝင်လာသည်။

ဦးစိုးထွန်းက ခေလွှန်းကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ပြီး . . .

"ခေလွှန်း"

"ဗျာ. . . အဖေ"

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ"

"ကျွန်. . . ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့ ကွန်ပျူတာလေ့ကျင့်နေလို့ပါ"

ခေလွှန်းက အမှန်အတိုင်းဝန်မခံဘဲ လိမ်ညာလိုက်၏။ ဦးစိုး

www.burmeseclassic.com

www.burmeseclassic.com



ထွန်းက သံသယမကင်းစွာဖြင့် . . .

"မင်း ကွန်ပျူတာက သည်လောက်အထိ အချိန်တွေကြာအောင် လေ့ကျင့်ရတာလား"

"ပြီးတော့ သူငယ်ချင်းနဲ့ ကော်ဖီသွားသောက်နေလို့ ကြာသွားတာပါ"

"ဘာ. . . ကော်ဖီသွားသောက်တယ်၊ မြို့လယ်ခေါင်မှာသွားသောက်တာလား၊ တေလေကြမ်းပိုးတွေထိုင်တဲ့ဆိုင်ကိုမှ သွားရတယ်လို့ကွာ၊ အဲဒီအလေနတောတွေနဲ့ မပေါင်းရဘူးလို့ မင်းကို ငါ အတန်တန်မှာထားတာ မေ့သွားပြီလား"

"မ. . . မမေ့ပါဘူးအဖေ"

"အေး. . . မင်းအတွက် ငါ ဘာမှချက်မထားဘူး၊ ကိုယ့်ဘာသာ ရေခဲသေတ္တာထဲမှာ ရှာကြံစားပေတော့"

"မစားတော့ပါဘူး၊ ကျွန်တော် အပေါ်ထပ်တက်ပြီး စာကျက်တော့မယ်"

●

နောက်ထပ်တစ်နာရီခန့်ကြာသောအခါ ခေလွန်း စာကြည့်၍ပြီးသွားသည်။ အရေးထဲ စိုင်းဝေချူက စပ်စပ်စုစုနှင့် စာလိုက်ဖတ်နေသဖြင့် ခေလွန်းမှာ စာကို မနည်းအာရုံစိုက်ပြီး ဖတ်ရ၏။

စာကြည့်ပြီးနောက် ခေလွန်းက တီဗွီကြည့်ရန် အောက်ထပ်ဧည့်ခန်းသို့ ဆင်းလာခဲ့သည်။ တီဗွီမှလာသောသတင်းနှင့် အခြားအစီအစဉ်များကြည့်နေစဉ် စိုင်းဝေချူက သူ့အား မိုးသီးကြွေကျသကဲ့သို့ မေးခွန်းများ တရစပ်မေးတော့၏။

"ဆွဲ့အနားမကြားကျောင်းဆိုတာ ဘယ်လိုမျိုးလဲ၊ ရန်ပုံငွေဆိုတာ ဘာလဲ"

www.burmeseclassic.com


ခေလွန်းမှာ တစ်ယောက်တည်း အေးအေးလူလူတီဗွီကြည့်နေစဉ်ကတော့ စိုင်းဝေချ၏မေးခွန်းများကို ကောင်းမွန်စွာဖြေနိုင်သေးသည်။ သို့ရာတွင် ဖခင်ဖြစ်သူ ဦးစိုးထွန်းက စကားလှမ်းပြောသည့်အခါတွင် အားလုံးရှုပ်ထွေးကုန်တော့၏။

"မင်း. . . စာကြည့်လို့ပြီးပြီလား"

"ဟုတ်ကဲ့. . . အဖေ"

"တီဗွီထဲမှာ ရွှေ့နေတဲ့စက်ကြီးက ဘာကြီးလဲ"

"အဲဒါ တင့်ကား"

"ရေခဲသေတ္တာထဲမှာ ဟင်းချက်စရာသားငါးတွေရှိတယ်"

"တင့်ကားဆိုတာ ဘာလဲ"

"ဘီးတွေအများကြီးတပ်ထားတဲ့ အမြောက်ပေါ့ကွာ"

ခေလွန်းမှာ စိတ်မရှည်တော့ဘဲ အယောင်ယောင်အမှားမှားဖြင့် အော်လိုက်မိသည်။ ဦးစိုးထွန်းက သူ့ကို နားမလည်စွာကြည့်ရင်း . . .

"ဟင်. . . မင်း ဘာတွေအော်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ကျွန်တော် သွားအိပ်တော့မယ်အဖေ"

ခေလွန်း ဖခင်အနီးမှ ကပျာကယာလစ်ထွက်လာခဲ့၏။ သူက လှေကားထစ်များအတိုင်း ပြေးတက်လာခဲ့ပြီး အိပ်ရာထက်သို့ ဝုန်းကနဲ ပစ်လှဲလိုက်သည်။

စိတ်ဓာတ်ကျဆင်းမှုက သူ့ကို မြူနှင်းတိမ်တိုက်တစ်ခုလို ခွေဝန်းရစ်ဖွဲ့လာ၏။

ဖခင်နှင့်အဆင်မပြေရသည့်ကြားထဲ ယခု စိုင်းဝေချကပါ သူ့ကို ဒုက္ခပေးနေပြန်သည်။ ဒေါက်တာငွေစိုးထံမှရရှိလာသည့် ကိုယ့်ကိုယ်ကို ယုံကြည်မှုများ တဖြည်းဖြည်း လျော့ပါးလာသလိုခံစားရ၏။

"ငါ့ကျမှ ဘာလို့ ဒီလိုမျိုးဖြစ်နေရတာလဲ"

ခေလွန်း အရွေးထည့်ဝတ်ရင်း ခါးသီးစွာတွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


အိပ်လိုက်တာပဲကောင်းပါတယ်။ အိပ်ရာကနိုးလာရင် စိုင်းဝေဠုဆိုတာ တကာယ်မရှိဘဲ အိပ်မက်ဆိုးတစ်ခုဖြစ်ချင်ဖြစ်သွားမှာဟု တစ်ဆက်တည်း တွေးမိ၏။

ခေလွန်း အိပ်ရန်ဟန်ပြင်လိုက်စဉ် စိုင်းဝေဠုက နားမလည်နိုင်ဟန်ဖြင့် ခပ်ဆတ်ဆတ်မေးလိုက်သည်။

"ခေလွန်း. . . မင်း ဘာလုပ်မလို့လဲ"

"အိပ်တော့မယ်လေ"

"မင်း အိပ်လို့မဖြစ်သေးဘူး"

"ဟမ်. . . ဘာဖြစ်လို့လဲ"

"ခဏနေရင် ငါတို့ အပြင်ပြန်ထွက်ရဦးမယ်"

"အာ. . . အခုတောင် ညကိုးနာရီခွဲနေပြီ၊ မင်းက ညကြီးမင်းကြီး ဘယ်တွေလျှောက်သွားချင်သေးလို့လဲ"

"ဝတီနဲ့တွေ့ရမယ်၊ ညဆယ့်နှစ်နာရီကျရင် ကော်ဖီဆိုင်မှာ ပြန်ဆုံမယ်လို့ ငါ သူ့ကို ချိန်းထားခဲ့တယ်"

"အာ. . . သေလိုက်ပါတော့ကွာ၊ ဒါဆို ငါက ညဆယ့်တစ်နာရီခွဲလောက် အိပ်ရာကပြန်ထပြီး ကော်ဖီဆိုင်အထိ သုံးမိုင်လောက် စက်ဘီးနင်းသွားရမှာပေါ့၊ အဲဒီအချိန် ဘာကားမှမရှိတော့ဘူးကွ"

ခေလွန်းက စိတ်ပျက်စွာညည်းတွားလိုက်၏။

"စက်ဘီးဆိုတာဘာလဲ"

"နောက်တော့ မင်းသိမှာပေါ့ကွာ၊ အခုလောလောဆယ် ငါ အိပ်တော့မယ်"

"မင်း အိပ်လို့မဖြစ်ဘူး၊ တော်ကြာ အချိန်မီပြန်မနိုးလာရင် ဘယ်လိုလုပ်မလဲ"

"ဆယ့်တစ်နာရီခွဲပြန်နိုးအောင် နှိုးစက်ပေးထားလိုက်မယ်ကွာ၊ တစ်ဆက်တည်း မှတ်ထား၊ နှိုးစက်ဆိုတာ ကိုယ်အိပ်ရာထချင်တဲ့ အချိန်ကို အသံမြည်အောင်နှိုးပေးတဲ့ နာရီတစ်မျိုးပဲ. . . မှတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com


"အင်း"

စိုင်းဝေဠုက ယောင်တောင်ပေါင်တောင်ဖြင့် ပြန်ဖြေ၏။

ခေလွန်းက နာရီနှိုးစက်ပေးပြီး မီးမှိတ်ကာ အိပ်ရာဝင်ခဲ့သည်။ တစ်နေ့လုံးပင်ပန်းလာသောအရှိန်ကြောင့် သူ ချက်ချင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွား၏။

●

ဆယ့်တစ်နာရီခွဲတွင် နှိုးစက်မြည်သံကြောင့် ခေလွန်း ပြန်နိုးလာသည်။ သူက အိပ်ရာမှမထချင်ထချင်နှင့် ပြန်ထကာ ရေချိုးခန်းထဲ၌ မျက်နှာကပျာကယာသစ်ပြီး နောက်ဖေးတံခါးပေါက်မှ လစ်ထွက်ခဲ့၏။

သူက ကော်ဖီဆိုင်သို့သွားရန် စက်ဘီးကို ဂိုဒေါင်ထဲမှထုတ်နေစဉ် စိုင်းဝေဠုက စက်ဘီးကိုကြည့်ပြီး ရင်သပ်ရှုမောဖြစ်နေပြန်သည်။

ခေလွန်းမှာ စက်ဘီးကို တရကြမ်းနင်းလာခဲ့ရာ လမ်းဘေးမှ သစ်ပင်များက တရိပ်ရိပ်နှင့်ကျန်ခဲ့၏။ ကော်ဖီဆိုင်ရှေ့သို့ ခေလွန်း ရောက်သောအခါ ဆယ့်နှစ်နာရီအတိပင် ဖြစ်သည်။

အရင်ကြိုရောက်နှင့်နေသော ဆူးမွန်က မှောင်မည်းနေသည့် ဆိုင်အရိပ်အောက်မှထွက်ကာ ခေလွန်းထံ ခပ်သွက်သွက်လျှောက်လာ၏။

သူမက ညည်းတွားသံဖြင့် ...

"တော်သေးတာပေါ့ ခေလွန်းရယ်၊ ဒီက မြန်မြန်ထွက်သွားကြစို့"

ဆူးမွန်ကိုကြည့်ရသည်မှာ ညအမှောင်ထဲတွင် မိန်းကလေးတစ်ယောက်တည်း ရပ်စောင့်နေရသဖြင့် အားငယ်ထိတ်လန့်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com


ခေလွန်းက . . .

"ငါတို့ ဘယ်သွားကြမလဲ"

"တစ်နေရာရာကိုသွားကြတာပေါ့၊ ဒီမှာတော့ မနေချင်ဘူး တော်ကြာမှောင်ရိပ်ခိုနေတယ်ထင်ပြီး ပါသွားဦးမယ်၊ ခုနကလည်း အရက်မူးသမားတစ်ယောက် လာရစ်နေလို့ ကြောက်လိုက်တာမပြောပါနဲ့တော့"

"သူ့ကို မင်းရဲ့အိမ်ခေါ်သွားပါလား"

စိုင်းဝေဉျက ခေလွန်းအား ကြားဝင်အကြံပေးလိုက်သည်။ ခေလွန်းက ဆူးမွန်အား . . .

"ငါတို့အိမ်ကိုလိုက်ခဲ့မလား၊ အဲဒီမှာ အေးအေးဆေးဆေး စကားထိုင်ပြောလို့ရတယ်၊ အပြင်မှာထက်စာရင် အိမ်ထဲမှာနေရတာက ပိုပြီး နွေးနွေးထွေးထွေးရှိတာပေါ့"

ဆူးမွန်က ခေလွန်းကို အကဲခတ်သလိုကြည့်ရင်း . . .

"ရှင်က စိုင်းဝေဉျနဲ့ စဝ်ဝတီခင်တို့ အေးအေးဆေးဆေး စကားပြောနိုင်အောင် ခေါ်တာမဟုတ်လား၊ ဒါပေမဲ့ စက်ဘီးနင်းရမှာ ဝေးတယ်ခေလွန်းရဲ့"

"ဒီမြို့မှာ တခြားသွားစရာနေရာမှ မရှိတာ"

ခေလွန်း၏စကားအဆုံးတွင် ဆူးမွန်က ပုခုံးတွန့်ပြီး သူမ၏ စက်ဘီးပေါ်သို့တက်လိုက်၏။ ခေလွန်းက ရှေ့မှဦးဆောင်ပြီး စက်ဘီး နင်းထွက်လာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မတ်စောက်သောတောင်ကုန်းလမ်းအတိုင်း ဖြည်းဖြည်းချင်း နင်းတက်လာခဲ့စဉ် ဆူးမွန်က . . .

"စိုင်းဝေဠုရဲ့အကြံအစည်တွေကို ရှင်သိသလား"

"အင်း. . . သိတယ်၊ သူ စဝ်ဝတီခင်နဲ့တွေ့ချင်တာမဟုတ်လား"

"ဒါပေမဲ့ သူတို့နှစ်ယောက်ဆုံပြီးပြီလေ၊ ဘာလို့ စိုင်းဝေဠုက ဒီည ထပ်တွေ့ဖို့ချိန်းရတာလဲ၊ သူတို့နှစ်ယောက်တွေ့ပြီးတာနဲ့ တမလွန်ကို အတူတူသွားမယ်ဆိုပြီး စိုင်းဝေဠုက ဘာလို့မသွားနိုင်သေးတာလဲ"

ဆူးမွန်က သူမ၏စိတ်ထဲ၌ မရှင်းသောအချက်ကို ထောက်ပြလိုက်၏။

ခေလွန်းစိတ်ထဲတွင် ဆူးမွန်ပြောတာမှန်သားပဲ။ ငါက ဘာ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်လို့ မစဉ်းစားမိတာလဲဟု တွေးလိုက်သည်။ သို့ရာတွင် သူ ရှေ့ဆက်တွေးချိန်မရ။

အမြဲစောင့်ကြည့်နေသော စိုင်းဝေဠုက ခေလွန်းကို မိန်းမောသွားအောင်လုပ်ပြီး သူ့ကိုယ်ခန္ဓာကို ထိန်းချုပ်လိုက်၏။

ရုတ်တရက် စိုင်းဝေဠုမှာ သူ့ကိုယ်သူ ဘာလုပ်မိမှန်း သတိမထားမိလိုက်။ သူသတိဝင်လာသောအခါ တောင်ကုန်းဆင်ခြေလျှောလမ်းအတိုင်း လေကဲ့သို့ လျှင်မြန်စွာ ရွေ့လျားနေသောစက်ဘီးပေါ်သို့ရောက်နေမှန်း သိလိုက်ရသည်။

စိုင်းဝေဠု တစ်ကိုယ်လုံးထူပူသွားပြီး ခြေမကိုင်မိလက်မကိုင်မိဖြစ်သွား၏။ သူက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် စက်ဘီးလက်ကိုင်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။

ကံဆိုးစွာဖြင့် ရှေ့ဘရိတ်လက်ကိုင်ကို သွားညှစ်မိ၏။ စက်ဘီးက တုံ့ကနဲရပ်ကာ နောက်ဘီးထောင်သွားသည်။

စိုင်းဝေဠုမှာလည်း လေထဲသို့မြောက်တက်သွားပြီး မြေပြင်ပေါ်သို့ ဘုန်းကနဲ အရှိန်ပြင်းစွာကျလာ၏။

တစ်ခါမှ မြင်းပေါ်ကပြုတ်မကျဖူးသော စိုင်းဝေဠုတစ်ယောက် စက်ဘီးပေါ်မှပြုတ်ကျသည့်ဒဏ်ကြောင့် အတော်ပင် အီစလံဝေသွားသည်။ သူ ချက်ချင်းပြန်မထနိုင်ဘဲ ပြုတ်ကျသောနေရာ၌ပင် ခွေခွေကလေးလဲနေ၏။

"ဟယ်. . . ရှင် ဘာဖြစ်သွားသေးလဲ"

ဆူးမွန်က စက်ဘီးကိုပြန်ကွေ့လာပြီး ပျာပျာသလဲမေးရင်း ခေလွန်းအမှတ်နှင့် ဆွဲထူပေးရန်ဟန်ပြင်လိုက်သည်။

"ရပါတယ်. . . နှမလေး. . . ငါ. . . မင်းရဲ့အကူအညီမလိုပါဘူး"

စိုင်းဝေဠုက ရှက်ရမ်းရမ်းပြီးပြန်ပြောလိုက်၏။ သူ့စကားကြောင့် ဆူးမွန် စိတ်တိုသွားပြီး လေသံပြတ်ပြတ်ဖြင့် . . .

www.burmeseclassic.com


"ဩော်. . . စိုင်းဝေချွပဲ. . . ကောင်းပါပြီ. . . ဆရာကြီး စိုင်းဝေချွ၊ ကျွန်မရဲ့အကူအညီမလိုချင်ရင်လည်း ခေလွန်းကိုတော့ အကူအညီတောင်းဖြစ်အောင်တောင်းလိုက်၊ ရှင် စက်ဘီးမစီးဖူးမှန်း သိပ်သိသာတယ်"

စကားအဆုံးတွင် ဆူးမွန်က ချာကနဲ လှည့်ထွက်သွားသည်။

ရှက်ရွံ့ဒေါသစိတ်ကြောင့် မျက်နှာတစ်ခုလုံး လောင်ကျွမ်းပူလောင်နေသလိုခံစားရသော စိုင်းဝေချွက ခေလွန်းကို မိန်းမောနေရာမှ ပြန်နှိုးလိုက်၏။

ခေလွန်းမှာ သတိဝင်လာလာချင်း သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေကြောင်း အံ့သြဖွယ်ရာတွေ့လိုက်ရသည်။ စိုင်းဝေချွက ခေလွန်းအား စက်ဘီးပြန်နင်းရန် ဆူဆူဆောင့်ဆောင့်နှင့်ပြောပြီး ဘာမှ ထပ်မပြောတော့ဘဲ ငြိမ်သက်သွား၏။

ခေလွန်းက နာကျင်ကိုက်ခဲစွာထရပ်လိုက်ပြီး စက်ဘီးကို ပြန်ထူရင်း စစ်ဆေးကြည့်ရှုလိုက်သည်။ ထို့နောက် ဆူးမွန်နှင့်အတူ ဖြည်းဖြည်းချင်းနင်းလာခဲ့၏။ သည်တစ်ခါ ဘာမှထပ်မဖြစ်ဘဲ ခေလွန်း၏အိမ်သို့ ချောချောမောမောရောက်လာကြသည်။

အိမ်ထဲသို့ တိတ်တဆိတ်ဝင်လာရသည်မှာ အိမ်မှုခိုးထွက်စဉ်ကထက် ပိုပြီး စိတ်လှုပ်ရှားစရာကောင်း၏။ သူတို့နှစ်ယောက်၏ကိုယ်အလေးချိန်ကြောင့် နင်းလျှောက်လာသောကြမ်းခင်းသစ်သားများ၏ တကျွိကျွိမြည်သံက ပိုမိုကျယ်လောင်နေသလိုပင်။

ခေလွန်းက ဆူးမွန်ကိုဦးဆောင်ကာ ဧည့်ခန်းထဲသို့ ချွတ်နင်းလျှောက်လာခဲ့သည်။ မီးမဖွင့်ဘဲအမှောင်ထဲမှာထိုင်စကားပြောတာ အန္တရာယ်ပိုကင်းမယ်ဟု သူတွေးလိုက်မိ၏။

✱ အိမ်ရှေ့လမ်းမီးတိုင်မှ ဝါရွှေလင်းဖျော့သော မာကျူရီအလင်းနှင့် ဖြူလွှပြာလဲ့သောလရောင်တို့က ဧည့်ခန်းပြတင်းပေါက်ကိုဖြတ်သန်းကာ ဆူးမွန်၏မျက်နှာပေါ်သို့ ထိုးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆူးမွန်က နှစ်ကိုယ်ကြားတီးတိုးပြောနိုင်စေရန် နှစ်ယောက်ထိုင်ဆိုဖာခုံပေါ်မှ ခေလွန်း၏ဘေးတွင် ကပ်ထိုင်လိုက်၏။ သူမ၏မျက်ဝန်းများက အမှောင်ထဲတွင် ပိုမိုပိုင်းစက်တောက်ပြောင်နေကြ သည်။

ခေလွန်းမှာ စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း အာခေါင်တွေခြောက်လာသလို ခံစားရ၏။ ဆူးမွန်နှင့်နီးနီးကပ်ကပ်ထိုင်နေသောကြောင့် စိတ်လှုပ်ရှားပြီး အနေရအထိုင်ရခက်နေသည်။ သို့ရာတွင် စိတ်ထဲမှာတော့ ကျေနပ်နှစ်သိမ့်နေမိသလိုပင်။

ခေလွန်း စိတ်လှုပ်ရှားနေစဉ် စိုင်းဝေဠုက သူ့အား အမှောင်ထုထဲသို့ တွန်းပို့လိုက်လေသည်။

စိုင်းဝေဠုက လန်းဆန်းတက်ကြွစွာဖြင့် . . .

"ဝတီ"

"ဝတီမဟုတ်ဘူး. . . ဆူးမွန်ပါ၊ ရှင့်ကိုယ်ရှင် ဘာလုပ်နေတယ်ဆိုတာ သေချာသိရဲ့လား၊ ရှင်လုပ်တာနဲ့ ခေလွန်း စက်ဘီးပေါ်ကပြုတ်ကျပြီး မသေတာကံကောင်းတယ်၊ ပြီးတော့ ကျွန်မရဲ့ ကိုယ်ခန္ဓာကိုလည်း ရှင့်ရည်းစားအတွက် အသုံးချသေးတယ်၊ ရှင် ဘာဖြစ်ချင်နေတာလဲ၊ ဘာလို့ ကျွန်မတို့နှစ်ယောက်ကိုထားခဲ့ပြီး အေးအေးဆေးဆေးထွက်မသွားနိုင်ကြသေးတာလဲ"

ဆူးမွန်က ဘောက်ဆတ်ဆတ်ပြန်ပြော၏။

စိုင်းဝေဠု ဘာပြန်ပြောရမှန်းမသိချေ။ သူ့ဘဝတွင် မိန်းကလေးဆို၍ စဝ်စတီခင်တစ်ယောက်နှင့်သာ အကျွမ်းတဝင်ရှိခဲ့ဖူးသည်။ စဝ်ဝတီခင်ကလည်း သူ့ကို သည်လို စိတ်လိုက်မာန်ပါ ရန်စကားမဆိုဖူးချေ။

စိုင်းဝေဠုက လေသံမာမာဖြင့် . . .

"ငါ. . . ဝတီနဲ့စကားပြောချင်တယ်"

"မရဘူး၊ ရှင်ဘာတွေလုပ်နေတယ်ဆိုတာ မပြောပြချင်း ဝတီနဲ့ စကားပြောခွင့်မပေးနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေဠူ စိတ်မရှည်စွာ ဟင်းကနဲသက်ပြင်းချလိုက်၏။ သူက ဆူးမွန်အား တမလွန်ဘဝသို့ကူးပြောင်းရန် ကြံစည်ထားပုံကို အတိုချုံးပြီးရှင်းပြလိုက်သည်။

ဆူးမွန်က . . .

"ဝတီကရော ရှင့်အကြံအစည်ကိုလက်ခံရဲ့လား"

"သူက လုံးဝကျိန်းသေလက်ခံတာပေါ့"

"လုံးဝကျိန်းသေတယ်လို့ ရှင့်ဘာသာ တစ်ဖက်သတ်မဆုံးဖြတ်ပါနဲ့၊ ဝတီရဲ့ဆုံးဖြတ်ချက်ကိုလည်း ကျွန်မ မေးကြည့်ရဦးမယ်"

စကားအဆုံးတွင် ဆူးမွန်က တိတ်ဆိတ်ငြိမ်သက်သွား၏။

တစ်ချက်တစ်ချက်လှုပ်သွားသော ဆူးမွန်၏နှုတ်ခမ်းကိုကြည့်ပြီး သူမ၏ကိုယ်ထဲမှ စဝ်ဝတီခင်နှင့် စကားပြောနေကြောင်း သိရှိနိုင်သည်။ ဆူးမွန်က မျက်မှောင်ကုတ်သွားလိုက် မျက်နှာကိုပြန်တည်လိုက်လုပ်ရင်း နောက်ဆုံးတွင် သူမက ခေါင်းညိတ်လိုက်၏။

ဆူးမွန်က မျက်လုံးပြန်ဖွင့်ကာ စိုင်းဝေဠူကိုကြည့်ရင်း . . .

"အစီအစဉ်က ရှင်ထင်ထားသလောက်တော့မလွယ်ဘူး စိုင်းဝေဠူ"

"ဟမ် . . . ဘာဖြစ်လို့လဲ"

"ရှင်မယုံရင် ကျွန်မရဲ့ကိုယ်ကို စဝ်ဝတီခင်တစ်လှည့် ထိန်းချုပ်ခွင့်ပေးလိုက်မယ်၊ ရှင့်ကို သူရှင်းပြတာ ပိုကောင်းမယ်ထင်တယ်"

သို့ရာတွင် ဆူးမွန်က စဝ်ဝတီခင်ကို ထိန်းချုပ်ခွင့်လွှဲမပေးနိုင်ခင်မှာပင် ဧည့်ခန်းမီးက ဖျတ်ကနဲလင်းလာသည်။

ဦးစိုးထွန်းက ဧည့်ခန်းထဲသို့ ဝုန်းဒိုင်းကြဲပြီးဝင်လာ၏။ သူက ရှူးရှူးရှားရှားဖြင့် . . .

"မင်းတို့ ဘာလုပ်နေကြတာတုံး"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အိပ်ရေးမဝသေးသော ဦးစိုးထွန်း၏မျက်ဝန်းများက နီရဲနေကြသည်။ သူက ဧည့်ခန်းတံခါးဝမှရပ်ကာ ခေလွန်းနှင့်ဆူးမွန်ကို စိန်းစိန်းကြီးစိုက်ကြည့်နေ၏။

အခြေအနေမကောင်းမှန်းရိပ်စားမိသော စိုင်းဝေဇြက ခေလွန်းကို မိန်းမောနေရာမှ ခပ်သွက်သွက်ပြန်နိုးလိုက်သည်။

သွေးပျက်ချောက်ချားမှုက ခေလွန်းတစ်ကိုယ်လုံးကို လွှမ်းခြုံအုပ်မိုးသွား၏။ အခြေအနေကို ကပျာကယာသဘောပေါက်လိုက်စဉ် သူ့မျက်နှာက စက္ကူဖြူတစ်ရွက်လို ဖွေးဆွတ်သွားသည်။ အေးစက်သော ချွေးသီးချွေးပေါက်တွေ သူ့ခန္ဓာကိုယ်မှ ပျံ့နှံ့စိမ့်ယိုလာ၏။

ခေလွန်းက စိတ်လှုပ်ရှား တုန်လှုပ်စွာ အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

"အဖေ. . . သား. . . သားတို့. . . စကားထိုင်ပြောနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထွန်းက ခေလွန်း တုန်တုန်ရီရီဖြစ်နေသည်ကိုကြည့်ကာ အပြစ်လုပ်ထားသဖြင့် မလုံမလဲဖြစ်နေသည်ဟု ယူဆလိုက်၏။ သူက ဝမ်းခေါင်းသံကြီးဖြင့် . . .

"ညကြီးအချိန်မတော် ဘာစကားတွေပြောနေကြတာလဲ"

ဆူးမွန်က စိတ်ဆိုးမာန်ဆိုးဖြင့် ဝုန်းကနဲထရပ်သည်။ သူမဘက်က ရိုးသားလျက်နှင့် လူမိပြီး အရှက်ကွဲရခြင်းအတွက်လည်းကောင်း၊ ဆရာဦးစိုးထွန်းက ဘာမှမစဉ်းစားဘဲ ရမ်းသန်းစွပ်စွဲခံရခြင်းအတွက်လည်းကောင်း၊ ဒေါသတွေအလိပ်လိုက်တက်လာ၏။ သူမက စိတ်တိုတိုဖြင့် . . .

"ဆရာဦးစိုးထွန်း. . . ရှင်ထင်ထားသလိုမဟုတ်. . ."

"တကယ်လား၊ မင်းလိုမိန်းကလေးတစ်ယောက်ကို ငါ့သားနဲ့ ဆိုဖာပေါ်မှာ ညနက်သန်းခေါင်ကြီး ပက်ပင်းမိတာ ငါက ဘယ်လိုထင်ရမှာလဲ"

ဆူးမွန်၏ဒေါသက အဆုံးစွန်ထိပေါက်ကွဲသွားပြီး . . .

"ရှင့်လိုဆရာတစ်ယောက်အနေနဲ့ ကိုယ့်သားရဲ့ဖြေရှင်းချက်ကို အရင်နားထောင်သင့်တယ်၊ ပြီးတော့ ကျွန်မက ရှင်ပြောသလို အတန်းအစား. . ."

"အောင်ခင်ထွန်းလိုကလေကဝနဲ့ပေါင်းမှတော့ မင်း ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ လူတိုင်းသိတယ်၊ ငါ့သားကို မင်းလိုမိန်းကလေးတစ်ယောက်နဲ့ မပတ်သက်စေချင်ဘူး၊ နားလည်လား"

"ကျွန်မနားလည်ပါပြီ ဦးစိုးထွန်း၊ ခေလွန်းမှာ ရှင့်လိုလူကို အဖေတော်ရတာ ဘယ်လောက်ကံဆိုးတယ်ဆိုတာ နားလည်ပါပြီ"

ဆူးမွန်၏ကတ်ကတ်လန်ရန်တွေ့မှုကြောင့် ဦးစိုးထွန်း၏မျက်နှာက နီရာမှ တဖြည်းဖြည်းညိုလာသည်။ သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း လက်တစ်ဖက်ကိုမြှောက်ယမ်းကာ . . .

"သွား. . . သွား. . . မင်း အခု ငါ့အိမ်ထဲကထွက်သွား၊ မနက်

www.burmeseclassic.com

www.burmeseclassic.com


ဖြန်ကျမှ မင်းနဲ့ငါ ကျောင်းမှာတွေ့မယ်"

ဆူးမွန်က ဦးစိုးထွန်း၏စကားကို မကြားဟန်ပြုပြီး ခေလွန်း ဘက်သို့လှည့်ကာ နှုတ်ဆက်လိုက်၏။

"ငါသွားတော့မယ်. . . ခေလွန်း"

ထို့နောက် သူမက ဦးစိုးထွန်းကို ရန်လိုမုန်းတီးစွာကြည့်ရင်း ဧည့်ခန်းထဲမှ ထွက်ခွာသွားသည်။

ဦးစိုးထွန်းမှာ ရှေ့သို့ဒေါပွပွနှင့်လျှောက်လာပြီး ခေလွန်း၏ မျက်နှာကို လက်သီးဖြင့်ထိုးချလိုက်၏။

"ခွပ်"

ခေလွန်းခမျာ နောက်သို့လန်သွားပြီး ထပ်အထိုးမခံရစေရန် လက်နှစ်ဖက်ကို ကယောင်ကတမ်းမြှောက်ပြီး ကာလိုက်သည်။

သို့ရာတွင် ဖခင်ဖြစ်သူ၏ ဆူလောင်ထစ်ချုန်းသော ကြိမ်း မောင်းသံကိုသာကြားရတော့၏။

"ခေလွန်း. . . မင်း ဘာလို့ အိမ်ပြန်နောက်ကျတယ်ဆိုတာ ငါသိပြီ၊ မင်းက စာကျက်ချိန်မှာမကျက်ဘဲ အလေလိုက်နေပြီး ငို့ကိုလည်းလိမ်ပြောတယ်၊ မနက်ဖြန်ကစပြီး ကျောင်းဆင်းရင် ငါနဲ့ အတူတူအိမ်ပြန်ရမယ်၊ အိမ်ပြန်ရောက်တာနဲ့ ညကိုးနာရီထိုးတဲ့အထိ အခန်းအောင်းပြီး စာကျက်နေရမယ်၊ နားလည်လား"

ခေလွန်းမှာ ရှက်ရွံ့ဒေါသထွက်မှုကြောင့် မျက်ရည်များပင် ရစ်ဝိုင်းလာသည်။

သူက ဘာမှပြန်မပြောနိုင်ဘဲ ဖခင်ဖြစ်သူကို ခေါင်းညိတ်ရုံ သာညိတ်ပြလိုက်၏။

ဦးစိုးထွန်းက ခေလွန်းကိုကျောခိုင်းလိုက်ပြီး ဧည့်ခန်းထဲမှ ထွက်ခွာသွားသည်။

ခေလွန်းမှာ ဧည့်ခန်းထဲ၌ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ မိ၏။

www.burmeseclassic.com

www.burmeseclassic.com


စဝ်ဝတီခင်နှင့် စကားမပြောလိုက်ရသဖြင့် ဒေါပွနေသော စိုင်းဝေဠုက ခေလွန်းအား . . .

"မင်းမှာအပြစ်မှမရှိဘဲ ဘာလို့ ပြန်မရှင်းပြတာလဲ"

"မင်းပါးစပ်ပိတ်ထားကွာ"

ခေလွန်းက ခါးသီးနာကျင်စွာအော်ငေါက်လိုက်သဖြင့် စိုင်းဝေဠု ငြိမ်သွား၏။

ယခုအခါ ခေလွန်း၏ ဒူးနှင့်တံတောင်ဆစ်များသာမက ဦးခေါင်းပါ နာကျင်ကိုက်ခဲနေသည်။ သူက ကုလားထိုင်ပေါ်မှ အနိုင်နိုင်ထရပ်လိုက်ပြီး ဧည့်ခန်းထဲမှထွက်လာခဲ့၏။

ဒီညသည် သူတွေ့ကြုံခဲ့ဖူးသမျှညများထဲတွင် အဆိုးရွားဆုံးနှင့် စိတ်ဓာတ်ကျစရာအကောင်းဆုံးညပင် ဖြစ်တော့သည်။

ခေလွန်း အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ်ပစ်လှဲလိုက်စဉ် မနက်ဖြန် ဘာမှ ဆိုးဆိုးဝါးဝါးထပ်မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။

သို့ရာတွင် ဆုတောင်းတိုင်းပြည့်မည်ဆိုလျှင် အကောင်းသားပင်။

●

ခေလွန်း မနက် အိပ်ရာမှနိုးလာသောအခါ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်အပြင် အိပ်ရေးမဝမှုကြောင့် တစ်ကိုယ်လုံး နုန်းချိနွမ်းနယ်နေ၏။ သူ အိပ်ရာမှကုန်းရုန်းထပြီး ရေချိုးလိုက်မှ အနည်းငယ်လန်းဆန်းလာသည်။

မနက်စာစားသောအခါ ဖခင်ဦးစိုးထွန်းက ခေလွန်းအား ညက ဘာမှမဖြစ်ခဲ့သလို စကားကောင်းကောင်းမွန်မွန်ပြောသည်။ ခေလွန်းကလည်း ဖခင်ဖြစ်သူကို ပုံမှန်လေသံအတိုင်းဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီးပြန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေမျှကတော့ ခေလွန်း၏ကိုယ်ထဲမှထွက်ခွာသွားပြီလားဟု ထင်မှတ်ရလောက်အောင်ပင် ငြိမ်ချက်သားကောင်းနေသည်။

မနက်စာစားပြီးနောက် ကျောင်းသို့ သားအဖနှစ်ယောက်ထွက်လာခဲ့၏။ ကျောင်းရောက်သောအခါ ခေလွန်းက ဖခင်ဖြစ်သူကိုနှုတ်ဆက်ပြီး သူ့စာသင်ခန်းဆီသို့ ထွက်လာခဲ့သည်။

ထိုစဉ် စိုင်းဝေမျှက ခေလွန်းကို အမှောင်ထုထဲသို့တွန်းပို့ပြီး ကိုယ်ခန္ဓာကို ထိန်းချုပ်လိုက်သည်။

စိုင်းဝေမျှက ဟိုငေးဒီငေးဖြင့် စာသင်ဆောင်များအတိုင်းလျှောက်လာခဲ့၏။ သူ့စိတ်ထဲတွင် ခေတ်မီဆန်းပြားသော ယခုခေတ်တွင် ခေလွန်း၏ကိုယ်ခန္ဓာဖြင့် နှစ်ပေါင်းအနည်းငယ် အသက်ရှင်လိုသောဆန္ဒနှင့် တမလွန်ဘဝသို့ အေးအေးဆေးဆေးကူးပြောင်းလိုသော ဆန္ဒနှစ်ခုက လွန်ဆွဲနေကြသည်။

အချိန်ရတုန်း ခေလွန်းရဲ့ကိုယ်ခန္ဓာကိုစီးထားပြီး ကျောင်းဝင်းထဲလျှောက်ကြည့်ရဦးမယ်ဟု သူတွေးလိုက်မိ၏။ မျက်မှောက်ခေတ်တွင် သူဆက်လက်ရှင်သန်နေလိုလျှင် ခေတ်မီတိုးတက်သော ပတ်ဝန်းကျင်နှင့် အကျွမ်းတဝင်ဖြစ်အောင် လေ့လာထားသင့်ကြောင်းကို သူ ကောင်းစွာသဘောပေါက်သည်။

မှန်များ၊ ကြွေပြားများဖြင့် ပြောင်လက်တောက်ပနေသောကျောင်းအဆောက်အအုံများကို စိုင်းဝေမျှလျှောက်ကြည့်ရင်း အံ့ဩဘနန်းဖြစ်နေ၏။ ခေလွန်း တစ်ခါမှမရောက်ဖူးသော ချောင်ကြိုချောင်ကြားနေရာများသို့လည်း သူရောက်သည်။

ယခုအခါ ခေတ်မီစွာဝတ်စားဆင်ယင်ထားသော မိန်းကလေးများကို တွေ့မြင်နေရသော်လည်း စိုင်းဝေမျှ ထူးထူးခြားခြား တုန်လှုပ်ခြင်းမရှိတော့။ ထိုမိန်းကလေးများမှာ စိုင်းဝေမျှအတွက် ပြောင်လက်တောက်ပသော ကျောင်းအဆောက်အအုံများနှင့် ကျောင်းရှေ့ကတ္တရာလမ်းမတွင် ဥဒဟိုဖြတ်သန်းသွားလာနေသော မော်တော်ကားများ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပင် ဆွဲဆောင်နိုင်ခြင်းမရှိ။

စိုင်းဝေဠုမှာ ပတ်ဝန်းကျင်၏ဆွဲဆောင်မှုတွင် နစ်မျောနေသောကြောင့် သူ့နောက်ကျောမှ တရွေ့ရွေ့ချဉ်းကပ်လာသော လူငယ်တစ်စုကို သတိမပြုမိလိုက်ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

[redacted]

## အခန်း (၁၅)

အောင်ခင်ထွန်းမှာ ခေလွှန်းကို မမျှော်လင့်ဘဲတွေ့လိုက်သောကြောင့် အံ့ဩလွန်းသဖြင့် သူ့မျက်ဝန်းများကို သူမယုံနိုင်ချေ။

အောင်ခင်ထွန်းက အခွင့်အရေးကိုလက်လွှတ်မခံဘဲ လူသူခြောက်သွေ့တိတ်ဆိတ်သောနေရာများသို့ လျှောက်သွားနေသည့် ခေလွှန်းနောက်သို့ ခိုးကြောင်ခိုးဝှက်လိုက်လာခဲ့သည်။

လူသူပြတ်လပ်သော အားကစားကွင်းအနောက်ဘက်တွင် ရပ်လိုက်သောခေလွှန်းကို ဝိုင်းထားရန် အောင်ခင်ထွန်းက သူ့လူခြောက်ယောက်ကို အချက်ပြလိုက်၏။ စက္ကန့်နှစ်ဆယ်အတွင်း သူတို့ခုနစ်ယောက်စလုံးက ခေလွှန်းကို ပတ်ပတ်လည်ဝိုင်းရံပြီးသားဖြစ်သွားသည်။

သူတို့၏အပြုအမူက စိုင်းဝေဠုကို စိတ်ကူးအိပ်မက်ထဲမှ လှုပ်နှိုးလိုက်သလိုဖြစ်သွား၏။ စိုင်းဝေဠုက သူ့ကို တိတ်ဆိတ်စွာစိုက်ကြည့်နေကြသော လူငယ်ခုနစ်ယောက်အား ပမာမခန့်ဖြင့်ကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ. . . အလှူခံဆိုရင်ကန်တော့ပါသေးရဲ့၊ ဆွဲ့အနား မကြားရုံပုံငွေဆိုရင်တော့ ထည့်ပြီးသွားပြီ"

ထိုစကားကြောင့် သူ့နောက်ကျောတည့်တည့်မှ အောင်ခင် ထွန်းက ရှေ့သို့တိုးလာပြီး . . .

"ဘာကွ. . . မင်း သေချင်နေပြီလား"

အသံထွက်ပေါ်လာရာဆီသို့ စိုင်းဝေဠု ဖျတ်ကနဲလှည့်ကြည့် လိုက်စဉ် အောင်ခင်ထွန်းကိုတွေ့ပြီး မှတ်မိသွားသည်။

"ဩော်. . . ဘယ်သူများလဲလို့ မင်းက သချိုင်းမှာအလုပ် အကိုင်မကောင်းတာနဲ့ လူတွေ ဘယ်တော့သေကြမလဲလို့လိုက်မေးနေ တဲ့ သုဘရာဇာလား"

စိုင်းဝေဠုစကားကြောင့် သူ့ကိုခေလွန်းဟုထင်မှတ်နေသော အောင်ခင်ထွန်း၏မျက်နှာက မည်းကနဲဖြစ်သွား၏။ သူ့ကို ကြောက် ရွံ့ပုံမရသည့်အတွက် အောင်ခင်ထွန်းစိတ်ထဲတွင် နားမလည်နိုင်ဘဲ ဇဝေဇဝါဖြစ်သွားသည်။ ခေလွန်း၏လေသံကလည်း တစ်မျိုးဖြစ်နေ သလို ခံစားရ၏။ သို့ရာတွင် သူက လေသံမာမာဖြင့် . . .

"တယ်သတ္တိကောင်းနေပါလားကွာ၊ ပြီးမှ မင်းအဖေကို ငို ကြီးချက်မနဲ့ သွားမတိုင်နဲ့နော်"

စကားအဆုံးတွင် အောင်ခင်ထွန်းက စိုင်းဝေဠုကို စက်ဝိုင်း ပုံစံပတ်လိုက်၏။

စိုင်းဝေဠုမှာ သူ့ကို ဝိုင်းကြီးပတ်ချာလှည့်နေသော လူစက် ဝိုင်းကြောင့် ခေါင်းထဲတွင် မူးနောက်ရီဝေလာသည်။ သူက ကြောက် ရွံ့စိတ်ကို မျက်နှာတွင်မပေါ်အောင်ဖုံးဖိရင်း ရှေ့တည့်တည့်သို့ ခပ်တည်တည်ဖြင့် စိုက်ကြည့်နေ၏။

အောင်ခင်ထွန်းက . . .

"မင်း. . . ဆူးမွန်နဲ့ခပ်ကင်းကင်းနေ၊ သူ့ကို လုံးဝစကား မပြောရဘူး၊ ကုန်ကုန်ပြောမယ်ကွာ၊ သူ့ကိုတွေ့ရင် ကြည့်တောင်

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဘူး. . . အိုကေ"

"အိုကေဆိုတာ သဘောတူလား၊ ဟုတ်ပြီလားလို့မေးတာလား"

ထင်မှတ်မထားသော စိုင်းဝေဠု၏မေးခွန်းကြောင့် အောင်ခင်ထွန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ဒီကောင် ငါ့ကို လှောင်နေတာလားဟု သံသယဝင်လာ၏။

သူက ရှေ့သို့ခြေတစ်လှမ်းတိုးပြီး စိုင်းဝေဠု၏အင်္ကျီကော်လံကို ဆောင့်ဆွဲလိုက်သည်။

စိုင်းဝေဠုက ကသောကမျောငုံ့ရှောင်လိုက်၏။

အောင်ခင်ထွန်း၏လက်များက လေကိုသာဖမ်းဆုပ်မိသည်။ ရန်ဖြစ်လျှင် လက်သွက်သူကအနိုင်ရသည့်ထုံးစံကိုသိထားသော အောင်ခင်ထွန်းက စိုင်းဝေဠု၏မျက်နှာတည့်တည့်သို့ နဖူးဖြင့် ဆောင့်တိုက်လိုက်၏။

ကံဆိုးစွာဖြင့် စိုင်းဝေဠုမျက်နှာပြန်အမော့နှင့် ပက်ပင်းတိုးသွားသည်။

အောင်ခင်ထွန်း၏နဖူးက စိုင်းဝေဠုနဖူးဖြင့် ခွပ်ကနဲဆောင့်မိ၏။

စိုင်းဝေဠုမှာ မျက်လုံးများပင်ပြာဝေသွားပြီး မြေပြင်ပေါ်သို့ ဖင်ထိုင်လျက်လဲကျသွားသည်။ သူ့စိတ်ဝိညာဉ်မှာလည်း ခေလွန်း၏ ကိုယ်ခန္ဓာနှင့် ခေတ္တ အဆက်အသွယ်ပြတ်ချင်သလိုဖြစ်သွား၏။ ထို့ကြောင့် စိုင်းဝေဠု၏ထိန်းချုပ်ထားမှုမှ လွတ်မြောက်လာသောခေလွန်းမှာ မိန်းမောနေရာမှ ဖျတ်ကနဲသတိပြန်ဝင်လာသည်။

ခေလွန်းမှာ သတိပြန်ရလာလာချင်း အခြေအနေအားလုံးကို ကသောကမျော သဘောပေါက်လိုက်၏။ သူ့နဖူးက တစ်ခုခုနှင့်ထိခိုက်ထားသလို နာကျင်နေပြီး အမြင်အာရုံတစ်ခုလုံးဝေဝါးနေသည်။ သူ့ကိုငုံ့ကြည့်ပြီး ဝိုင်းရယ်နေကြသော လူငယ်တစ်စုကိုမှုံဝါးဝါး

www.burmeseclassic.com



မြင်ရ၏။

အောင်ခင်ထွန်းမှာလည်း နဖူးချင်းဆောင့်မိသောအရှိန်ကြောင့် အနည်းငယ်မူးဝေသွားသဖြင့် ခေလွှန်းကံကောင်းသွားသည်။

ခေလွှန်းက မြင်ကွင်းတစ်ခုလုံး သဲသဲကွဲကွဲမြင်ရအောင် ခေါင်းကိုခါယမ်းလိုက်ပြီး လဲကျနေရာမှခုန်ထလိုက်၏။ သူ့ကိုဝိုင်းရံထား သူများနှင့် သူတင်ကိုယ်တင်ထိုးကြိတ်ရတော့မည်ဖြစ်ကြောင်း ခေလွှန်း နားလည်လိုက်သည်။

အောင်ခင်ထွန်းက အတင့်ရဲစွာ ရှေ့သို့တိုးလာ၏။ ခေလွှန်း က ဘယ်ဝိုက်လက်သီးဖြင့်ထောက်လိုက်ရာ အောင်ခင်ထွန်း၏ ဘယ် ဖက်မျက်လုံးတည့်တည့်ကို ဖောက်ကနဲ ထိမှန်သွားသည်။

အောင်ခင်ထွန်း၏မျက်နှာက အံ့အားသင့်သွားရာမှ နာကျင် လာပြီး ဒေါသထွက်လာသည့်ခံစားမှုသို့ အဆင့်ဆင့်ပြောင်းလဲသွား၏။ အောင်ခင်ထွန်းက သူ့လူများကို အားကိုးတကြီးကြည့်ရင်း . . .

"သူ ငါ့ကိုထိုးနေပြီကွ!"

"ပြန်ချကွာ. . . အောင်ခင်ထွန်း"

ဝိုင်းရံထားသောလူတစ်ယောက်က ပြန်အော်လိုက်သည်။ ကျန်လူများကလည်း သူတို့အမြင်ကတ်သောဆရာ၏သား အထိုးခံရ အောင် တစ်ယောက်တစ်ပေါက် မြှောက်ပေးကြ၏။

"ဒီကောင့်ကို ပညာပေးလိုက်ကွာ"

"ချကွာ!"

"သတ်ပစ်. . . ချ. . . ချ. . . !"

သို့ရာတွင် အောင်ခင်ထွန်းမှာ ရှေ့သို့စွတ်မတိုးရဲတော့ သူက ခေလွှန်းလက်လှမ်းမမီနိုင်သည့်နေရာတွင်ရပ်ရင်း အခွင့်ကောင်း ကို ချောင်းနေသည်။

"ကဲ. . . သေဖို့သာပြင်ပေတော့"

အောင်ခင်ထွန်းကကြုံးဝါးရင်း ဘယ်ခြေကိုကွေးကာ ညာခြေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဆန့်တန်းပြီး ဗွီဒီယိုထဲကလို မြှားဦးစိုက်ပုံစံခုန်ကန်လိုက်၏။ ခေလွန်းက ကိုယ်ကိုယို့၍ ရှောင်ပေးလိုက်သည်။ အောင်ခင်ထွန်းမှာ အရှိန်လွန်ပြီး မြေပြင်ပေါ်သို့ ဘုန်းကနဲပြုတ်ကျလာ၏။

ခေလွန်းက ခွေးကျဝက်ကျပြုတ်ကျလာသော အောင်ခင်ထွန်း၏နံကြားသို့ ညာခြေဖြင့် အရှိန်ပြင်းစွာ အားရပါးရကန်ထည့်လိုက်သည်။

"ဒုတ်!"

"အ့!"

ဘေးမှရပ်ကြည့်နေသူအားလုံးကိုယ်တိုင် နံကြားသို့ အကန်ခံလိုက်ရသလို အသက်ရှူကျပ်သွား၏။ ကာယကံရှင်အောင်ခင်ထွန်းကတော့ အသည်းခိုက်မတတ် နာကျင်ကာ မိုက်ကနဲဖြစ်သွားသည်။

ယခုအခါ အောင်ခင်ထွန်းမှာ နဖူး၊ မျက်လုံးနှင့် နံကြား တစ်ခြမ်းလုံး နာကျင်နေ၏။ သူ့မာနကို ထိခိုက်နာကျင်သွားသည်ကတော့ အဆိုးဆုံးပင်။

အောင်ခင်ထွန်းက တောဝက်တစ်ကောင်လိုနှာမှုတ်ရင်း လဲကျနေရာမှ ကုန်းရုန်းထလိုက်သည်။ သူ့မျက်ဝန်းထဲတွင် ခေလွန်းကို သဲသဲကွဲကွဲမမြင်ရတော့။ ထိုသို့ဖြစ်နေသော်လည်း အောင်ခင်ထွန်းက တစ်ကိုယ်လုံး ရှိသမျှအားကုန်စုစည်းပြီး ခေလွန်း၏ရင်ဝကို ခေါင်းဖြင့် ပြေးဆောင့်၏။ ထိုခေါင်းတိုက်ချက်သာထိသွားပါက နှစ်ယောက်စလုံး အရိုးတွေကျိုးကြေကုန်ပြီး ဆေးရုံတင်ရမည့် သူသေကိုယ်သေတိုက်ကွက်ပင်။

ခေလွန်းက ကိုယ်ကို ညာဘက်သို့တိမ်းပြီး ရှောင်ထွက်သွားသဖြင့် နှစ်ယောက်စလုံး ဒုက္ခရောက်မည့်ဘေးမှ လွတ်ကင်းသွားသည်။

အောင်ခင်ထွန်းက အရှိန်လွန်ပြီး ရှေ့သို့ ငိုက်ဆင်းလာ၏။ ခေလွန်းက အောင်ခင်ထွန်း၏ခေါင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာတည့်တည့်ဆီသို့ ညာဒူးဖြင့်ဆွဲတိုက်လိုက်သည်။

"ဒုတ်!"

"အွတ်!"

အောင်ခင်ထွန်းမှာ မသဲမကွဲညည်းညူရင်း မျက်နှာကို လက်ဖြင့်အုပ်ကာ ပက်လက်လန်လဲကျသွား၏။ သူ ကြိုးစားပမ်းစား ပြန်ထသော်လည်း မရတော့။ သတိမေ့မျောကာ ဖွဲအိတ်ကြီးတစ်ခုလို ငြိမ်သက်သွားသည်။

ဘေးမှဝိုင်းကြည့်နေသူအားလုံး ငြိမ်ကျသွား၏။ အကုန်လုံး ရှုံသွားပြီး မေ့မျောနေသောအောင်ခင်ထွန်းကို ကျောခိုင်းကာ ခေလွန်း နှင့် ဝေးရာသို့ ခပ်သွက်သွက်ထွက်သွားကြသည်။

သတ္တိအနည်းငယ်ကောင်းပုံရသော လူငယ်တစ်ယောက်က သာ ခေလွန်းကို နောက်ပြန်လှည့်ကြည့်ရင်း. . .

"ကောင်းတယ်. . . ခေလွန်း. . . အောင်ခင်ထွန်းကို အခုလို ဆုံးမတဲ့သူ ပေါ်ဦးမှပဲ"

စကားအဆုံးတွင် ထိုကောင်လေးက ခေလွန်းအား သူ တစ်ခါမှမမြင်ဖူးသော သူရဲကောင်းတစ်ယောက်ကိုတွေ့ရသကဲ့သို့ ရှိသေလေးစားစွာစိုက်ကြည့်ပြီး လှည့်ထွက်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အောင်ခင်ထွန်းကို အလဲထိုးအနိုင်ယူလိုက်ရသော်လည်း ခေလွန်း ဝမ်းမသာနိုင်ချေ. . .။ စိတ်ဓာတ်ကျခြင်းနှင့် ဒေါသထွက်ခြင်းများကိုသာ ခံစားနေရ၏။

ခေလွန်းမှာ လူမုန်းများသော သူ့ဖခင်ကိုလည်းကောင်း၊ အောင်ခင်ထွန်းနှင့် သူ့အပေါင်းအသင်းများကိုလည်းကောင်း၊ စိုင်းဝေဠုကိုလည်းကောင်း ဒေါသထွက်မိသည်။

ပြဿနာအားလုံးမှာ စိုင်းဝေဠုထံမှ မြစ်ဖျားခံလာခြင်းဖြစ်၏။ စိုင်းဝေဠုနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်မှဖြစ်တော့မယ်ဟု ခေလွန်း တွေးလိုက်မိသည်။

"စိုင်းဝေဠု"

ခေလွန်းက စိုင်းဝေဠုအား တိတ်ဆိတ်စွာ လှမ်းခေါ်လိုက်၏။

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . ငါ့ကိုယ်ထဲက အမြန်ဆုံးထွက်သွားရင်ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့. . . မကြာခင် မင်းလက်ချက်နဲ့ ငါ သေလိမ့်မယ်"

စိုင်းဝေဠုက ဟက်ကနဲရယ်လိုက်ပြီး

"ဒါများအဆန်းလုပ်လို့ကွာ. . . ငါလည်း သေဖူးပါတယ်. . . သေရတာ မင်းထင်ထားသလောက်မဆိုးပါဘူး။ မင်းရဲ့ အခုလက်ရှိ ဘဝထက်တောင် ပိုကောင်းဦးမယ်"

"ဒါတွေ ငါမသိချင်ဘူး၊ ငါသိတာက အေးချမ်းတည်ငြိမ်နေတဲ့ ငါ့ဘဝဟာ မင်းရောက်လာမှ ပျက်စီးတော့တာပဲ။ စက်ဘီးပေါ်က ပြုတ်ကျတာ ဖက်ကျိုးပြီးသေတော့မလို့. . .။ ညကလည်း အဖေက စိတ်ဆိုးပြီး အိမ်ပေါ်က နှင်ချတော့မလို့. . .။ အခုလည်း အောင်ခင်ထွန်း ဆိုတဲ့ လူမိုက်နဲ့ထိုးရတာ ကံကောင်းလို့ဆေးရုံမရောက်တယ်. . ."

"ဟုတ်ပါပြီ. . . မင်းပြောတာ မှန်ပါတယ်"

စိုင်းဝေဠုက ခပ်ငေါ့ငေါ့လေသံဖြင့် ပြန်ပြောသည်။ သူ့စကား ကြောင့် ခေလွန်း ဒေါသပိုထွက်လာပြီး

"မှန်တယ်လို့ ပြောရုံနဲ့မပြီးသေးဘူး။ ငါပြောတာ မင်းလက်ခံ ရမယ်. . . အခုခေတ်မှာ မင်းအသက်ရှင်ဖို့ လုံးဝအခွင့်ကျ မဖြစ်ဘူး။ ပြီးတော့ မင်းရဲ့ စဝ်ဝတီခင်ကို ငါ ကူရှာပေးပြီးသွားပြီ။ မင်းနဲ့ငါ ရှေ့ ဆက်ပတ်သက်စရာအကြောင်းမရှိတော့ဘူး။ ဒီတော့ ငါ့ကိုယ်ခန္ဓာကို ပြန်ပေး. . . မင်းလည်း တမလွန်ဘဝကို သွားပေတော့"

ခေလွန်း၏ စကားအဆုံးတွင် စိုင်းဝေဠု အချိန်ကြာမြင့်စွာ တိတ်ဆိတ်ငြိမ်သက်သွား၏။ တစ်စုံတစ်ရာကို သူ လေးလေးနက်နက် စဉ်းစားနေပုံရသည်။ အတန်ကြာမှ စိုင်းဝေဠုက

"မသွားနိုင်ဘူး"

"ဘာ. . . တမလွန်ဘဝကို မသွားနိုင်သေးဘူး. . . ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



. . . ဘာကြောင့်မသွားနိုင်သေးတာလဲ"

"ငါက အသက်ခံရပြီး ဒီဘဝကို ရောက်လာတာဆိုတော့ မြှုပ်ထားတဲ့ ငါ့ကိုယ်ခန္ဓာကို မတွေ့မချင်း တမလွန်ဘဝကို မသွားနိုင်သေးဘူး။ ဒီတော့ ငါ ဘဝကူးကောင်းစေချင်ရင် မင်း ငါ့ကို ကောင်းတုံဟော်နန်းဆီရောက်အောင် လိုက်ပို့မှဖြစ်မယ်"

"ဘာလို့ ငါက ကောင်းတုံဟော်နန်းကို လိုက်ပို့ရမှာလဲ"

"ငါက အဲဒီဟော်နန်းနားမှာ အသတ်ခံရတာမို့လို့ပဲ"

"ကောင်းပြီ. . . ကောင်းတုံဟော်နန်းက ဘယ်နားမှာတုန်း"

"ငဆောင်ချမ်းနားမှာလေကွာ"

"ဒါဆို ငါတို့မြို့နဲ့ မိုင်နှစ်ဆယ်လောက်ဝေးတာပေါ့၊ ငါတို့ အဲဒီကိုရောက်အောင် ဘယ်လိုသွားမလဲ။ တကယ်လို့ ရောက်သွားပြီဆိုရင်တောင် မင်းပြောတဲ့ ကောင်းတုံဟော်နန်းဆိုတာ ရှိနေဦးမှ။ ငါတော့ အဲဒီနာမည် တစ်ခါမှ မကြားဖူးဘူး"

စိုင်းဝေချုက အရေးတကြီးလေသံဖြင့်

"ဘာပဲဖြစ်ဖြစ်. . . ငါတို့ကြိုးစားကြည့်ရမှာပဲ"

"ငါက ဘာလို့ကြိုးစားရမှာလဲ"

ခေလွန်း ခါးသီးစွာ ပြန်မေးလိုက်၏။ စိုင်းဝေချု ကြိုးဆွဲရာကနေရသောဘဝကို သူ စိတ်ပျက်ငြီးငွေ့နေပြီဖြစ်သည်။ စိုင်းဝေချုက အကျပ်ကိုင်သောလေသံဖြင့်

"ရတယ်. . . မင်း မကြိုးစားလည်း ငါက မင်းကိုယ်ခန္ဓာကို ထိန်းချုပ်ပြီး လုပ်မှာပဲ"

"မလုပ်နဲ့. . . စိုင်းဝေချု. . . မင်းအတွက် ငါ တတ်နိုင်သလောက် လုပ်ပေးပြီပြီ။ မင်းက ငါ အိပ်မွေ့ကျတဲ့အချိန်မှာလည်း ငါ့ကိုယ်ထဲ နိုးဝင်လာသေးတယ်၊ ငါ့ကိုလည်း ဒုက္ခပေါင်းစုံပေးသေးတယ်. . . မင်းသွားတော့"

"ကြည့်ကြသေးတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေဠုက ပြောပြောဆိုဆိုဖြင့် အေးစိမ့်နက်ရှိုင်းသောအမှောင်ထုကြီးကို ခေလွန်း၏စိတ်ဝိညာဉ်ပေါ်သို့ လွှားတင်လိုက်၏။ သို့ရာတွင် သည်တစ်ကြိမ်တွင်တော့ ခေလွန်းက အာရုံရှုးစိုက်ပြီး ရှိသမျှ အားကုန်သုံး၍ သူ့အပေါ်သို့ အမှောင်ထုကြီးကျမလာအောင် တောင့်ခံထားသည်။

သူတို့နှစ်ယောက်၏အဖြစ်က လက်ရည်ညီသောလူနှစ်ယောက် အားကုန်သုံးပြီး လက်မောင်းလုံပြိုင်နေသကဲ့သို့ပင်. . .။ မိန်းမောရီဝေစေသော အေးစိမ့်စိမ့်အမှောင်ထုကြီးက ခေလွန်းပေါ်သို့ ကျလာလိုက်၊ စိုင်းဝေဠုဆီသို့ ရောက်သွားလိုက် ဖြစ်နေ၏။ မည်သူမျှ ပြတ်ပြတ်သားသား အနိုင်ရခြင်းမရှိချေ. . .။

"ရပ်လိုက်တော့!"

စိုင်းဝေဠုဖက်မှ တွန်းကန်အားလျော့ပါးသွားစဉ် ခေလွန်းက မောပန်းနွမ်းနယ်စွာအော်လိုက်သည်။ သူက တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်ဟန်ဖြင့်. . .

"စိုင်းဝေဠု. . . အခုလိုအားပြိုင်နေတာထက်စာရင် ငါတို့ အပေးအယူလုပ်ကြရင်မကောင်းဘူးလား၊ ဒါဆို မင်းပြဿနာလည်း မြန်မြန်ရှင်းနိုင်မယ်၊ ငါလည်း ငါ့ခန္ဓာကိုယ်ကို မြန်မြန်ပြန်ရမယ်"

စိုင်းဝေဠုက စိတ်ဝင်စားသွားဟန်ဖြင့် . . .

"မင်းက ဘယ်လိုအပေးအယူလုပ်ချင်တာလဲ"

"ကျောင်းတက်နေရတဲ့အချိန်တွေမှာ ငါ့ကိုယ်ခန္ဓာကို ငါပဲထိန်းချုပ်ခွင့်ပေးရမယ်၊ မင်းဝင်စီးပြီး မထိန်းချုပ်ရဘူး"

"ကောင်းပြီလေ၊ မင်းပြောသလိုငါနေပေးမယ်၊ မင်းကရော ငါ့အတွက် ဘာပြန်လုပ်ပေးမှာလဲ"

"ဒီတစ်ခါ လုံခြုံစိတ်ချရမယ့်တစ်နေရာရှာပြီး မင်းတို့ စဝ်ဝတီခင်၊ ဆူးမွန်တို့နဲ့တွေ့လို့ရအောင် စီစဉ်ပေးမယ်၊ ပြီးရင် မင်းနဲ့ စဝ်ဝတီခင် တမလွန်ဘဝကို အမြန်ဆုံးရောက်နိုင်မယ့်နည်းလမ်းကို ပိုင်းစဉ်းစားပြီးကူညီပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


စိုင်းဝေငြူက တစ်ခဏမျှစဉ်းစားပြီးနောက် သူကြားဖူးနေကျ စကားတစ်ခွန်းဖြင့် သဘောတူလိုက်လေသည်။

"ကေ. . . အို. . . ကေ. . . အို"

"ဟား. . . ဟား. . . ဟား"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟား. . . ဟား. . . ဟား"

ခေလွန်းက သဘောကျစွာရယ်လိုက်၏။ သူရောစိုင်းဝေပြေပါ အနည်းငယ် စိတ်လက်ပေါ့ပါးသွားသလိုခံစားရသည်။ သူက စာသင်ခန်းဆီသို့ ပြုံးပြုံးကြီးလုပ်ရင်း ပြန်လျှောက်လာခဲ့၏။

သို့ရာတွင် ခြေလှမ်းဆယ်လှမ်းခန့်သာလျှောက်ရသေးသည်။ သူ့ရှေ့တည့်တည့်တွင်ရပ်ကာ စိုက်ကြည့်နေသော အင်္ဂလိပ်စာဆရာ ဦးမြတ်သူကို ဘွားကနဲတွေ့လိုက်ရ၏။ ခေလွန်း၏ခြေလှမ်းများ တုံ့ကနဲရပ်သွားစဉ် ဆရာဦးမြတ်သူက တည်ငြိမ်သောလေသံဖြင့် . . .

"ဩော် ခေလွန်းက ဒီရောက်နေတာကိုး၊ ဒါကြောင့် ဆရာမင်းကို စာသင်ခန်းထဲမှာသွားရှာလို့မတွေ့တာ"

ဆရာဦးမြတ်သူ၏မျက်နှာက သိပ်ပြီးစိတ်ချမ်းသာပုံ ပေါ်ထွက်နေခြင်း မရှိသဖြင့် ခေလွန်း အနည်းငယ်စိတ်သက်သာရာရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေလွန်းက ရှုံ့တွန့်တွန့်ဖြင့် . . .

"ကျွန် . . . ကျွန်တော်ခေါင်းကိုက်နေလို့ စာသင်ချိန်အမီ အတန်းထဲပြန်မလာနိုင်တာပါဆရာ၊ ဆရာမဒေါ်ဝါဝါကို ခွင့်တောင်းဖို့လည်း"

"ရပါတယ် . . . ပါမောက္ခက မင်းကိုတွေ့ချင်တယ်ဆိုလို့လာခေါ်တာ၊ ဆရာနဲ့ ရုံးခန်းခဏလိုက်ခဲ့"

စကားအဆုံးတွင် ဦးမြတ်သူက ချာကနဲလှည့်ထွက်ပြီး ပါမောက္ခ ရုံးခန်းဆီသို့ ခြေလှမ်းကျဲကျဲကြီးများဖြင့်လျှောက်သွား၏။ ခေလွန်းမှာ ဆရာဦးမြတ်သူ၏နောက်သို့ ကသောကမျောလိုက်လာခဲ့သည်။

လူသွားစင်္ကြံများအတိုင်း လျှောက်လာခဲ့စဉ် အခြားကျောင်းသားကျောင်းသူများ၏မျက်ဝန်းများက ခေလွန်းကိုယ်ထဲသို့ နစ်မြုပ်သွားတော့မတတ် ဝိုင်းကြည့်နေကြ၏။ ခေလွန်းမှာ ခြေလှမ်းမမှားအောင် သတိထားရင်း ဆရာဦးမြတ်သူနောက်သို့ ရင်တထိတ်ထိတ်ဖြင့် လိုက်ခဲ့သည်။ ကျောင်းထုတ်ခံရရင် အဖေ ငါ့ကိုသတ်တော့မှာပဲဟု တွေးလာမိ၏။

ယခင်က ပါမောက္ခရုံးခန်းထဲသို့ ခေလွန်း တစ်ခါမှမရောက်ဖူးချေ။ အင်္ဂလိပ်စာပါမောက္ခရုံးခန်းရှေ့သို့ ရောက်သောအခါ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ခုနကရန်ပွဲမှာ တစ်ခါတည်းပွဲချင်းပြီးသေသွားတာကမှကောင်းဦးမယ်ဟု သူတွေးလိုက်မိ၏။

ရုံးခန်းထဲ၌ ပါမောက္ခ၏ဘေးတွင်ထိုင်နေသော ဖခင်ကိုတွေ့လိုက်ရသောကြောင့်ပင်။ ခေလွန်း ရုံးခန်းထဲသို့ မဝံ့မရဲလှမ်းဝင်လိုက်သည်။

ဆရာဦးမြတ်သူက ပါမောက္ခကိုနှုတ်ဆက်ပြီး စာသင်ရန်ပြန်ထွက်သွားစဉ် ခေလွန်းက ပါမောက္ခဦးငြိမ်းလှိုင်၏ရှေ့တည့်တည့်ခုံတွင် ဝင်ထိုင်လိုက်သည်။

ခေလွန်းထိုင်ပြီးသည်နှင့် ပါမောက္ခက ရေဘယ်ပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်. . .

"ကဲ. . . မင်းနဲ့အောင်ခင်ထွန်းရဲ့ရန်ပွဲအကြောင်း ဆရာ့ကို အစအဆုံးပြောပြပါဦး"

ထိုစကားကြောင့် ရန်မဖြစ်ကြောင်းဘူးကွယ်ငြင်း၍မရတော့ဟု ခေလွန်း သဘောပေါက်လိုက်၏။ ထို့ကြောင့် ခေလွန်းက ပါမောက္ခဦးငြိမ်းလှိုင်အား အဖြစ်အပျက်အားလုံးကို အမှန်အတိုင်းရှင်းပြလိုက်သည်။

ခေလွန်းရှင်းပြ၍ပြီးသွားသောအခါ ပါမောက္ခဦးငြိမ်းလှိုင်က ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ ထိုစဉ် ဖခင်ဖြစ်သူမေးလိုက်သော စကားကြောင့် ခေလွန်း တုန်လှုပ်သွားသည်။

"နေပါဦး. . . မင်းတို့က ဘာကိစ္စနဲ့ရန်စဖြစ်ကြတာလဲ"

ခေလွန်းက ရှက်ရှက်ဖြင့်ခေါင်းငုံ့ရင်း . . .

"အဲ. . . ဟို. . . သူ့ရည်းစားကို ကျွန်တော်ကကြိုက်နေတယ် ထင်လို့ပါ"

ပါမောက္ခက . . .

"မင်းကရော သူ့ရည်းစားနဲ့ တကယ်ကြိုက်နေလို့လား"

"ဟင့်အင်း. . . မဟုတ်ပါဘူးဆရာ"

ခေလွန်းက ခပ်သွက်သွက်ပြန်ဖြေလိုက်၏။ ဖခင်ဖြစ်သူ ဆရာ ဦးစိုးထွန်းက စကားဝင်ထောက်လိုက်၏။

"ဒါပေမဲ့ မင်းက သူ့ရည်းစားနဲ့ တွဲသွားတွဲလာလုပ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ခေလွန်းက စိတ်ကသိကအောက်ဖြင့် ပြန်ဖြေသည်။

အခန်းထဲတွင် ဘာမှဆက်မပြောဖြစ်ဘဲ အချိန်ကြာထိ ဆိတ်ငြိမ်သက်သွား၏။ သူ့ဖြေရှင်းချက်ကို စောင့်နေမှန်းသိသော်လည်း ခေလွန်းက ဆူးမွန်နှင့်ပတ်သက်ပြီး ဘာမှဆက်မရှင်းပြရန်ဆုံးဖြတ်

www.burmeseclassic.com


သား ဖြစ်သည်။ သူရှင်းပြလည်း ယုံမည်မထင်။

ခဏအကြာတွင် ပါမောက္ခဆရာဦးငြိမ်းလှိုင်က . . . .

"အောင်ခင်ထွန်းကတော့ တက္ကသိုလ်ဆေးရုံမှာ ဆေးစစ်ခံနေရတယ်၊ မင်းရော ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူးဆရာ"

"ဆရာတို့ မင်းကိုခေါ်မတွေ့ခင် လိုအပ်တဲ့မျက်မြင်သက်သေတစ်ယောက် နှစ်ယောက်ကို ခေါ်မေးပြီးသွားပြီ၊ ဒီတော့ ဘယ်သူလွန်သလဲဆိုတာ ဆရာတို့သိတယ်၊ ဒါပေမဲ့ နောက်ထပ်ရန်ထပ်မဖြစ်ကြနဲ့တော့၊ မိန်းကလေးတစ်ယောက်အတွက် ရန်ဖြစ်ရတယ်ဆိုတာ လူကြားလို့လည်းမကောင်းဘူး၊ ဒီတော့ . . ."

"ကျွန်တော် ဆူးမွန်နဲ့ နောက်ထပ် တစ်ခါနှစ်ခါလောက်စကားပြောပြီးရင် ကိစ္စပြတ်ပါပြီဆရာ"

"ခေလွန်း၏စကားကြောင့် ဆရာဦးငြိမ်းလှိုင်က သေချာစဉ်းစားပြီးမှ ဖြည်းလေးစွာခေါင်းညိတ်လိုက်၏။

ခေလွန်းက သူ့ကိုသွားခွင့်ပြုလိုက်ပြီထင်ပြီး နေရာမှထရပ်ကာ လှည့်ထွက်မည်ပြုစဉ် ဆရာဦးငြိမ်းလှိုင်က . . .

"ခေလွန်း. . . နောက်တစ်ခါ အောင်ခင်ထွန်းက မင်းကိုရန်စရင် မင်းရဲ့ဆရာ ဦးမြတ်သူကိုဖြစ်ဖြစ် မင်းအဖေ ဦးစိုးထွန်းကိုဖြစ်ဖြစ် အသိပေးနော်၊ ကိုယ့်သဘောနဲ့ကိုယ် မဖြေရှင်းပါနဲ့၊ အမှားတစ်ခုကို နှစ်ခါကျူးလွန်ရင်တော့ ဆရာတို့ခွင့်လွှတ်မှာမဟုတ်ဘူး၊ ကဲ. . . မင်းသွားလို့ရပြီ"

ဆရာဦးငြိမ်းလှိုင်၏စကားအဆုံးတွင် ဖခင်ဖြစ်သူကလည်းထိုင်နေရာမှထရပ်လိုက်သည်။ ခေလွန်းမှာ အပြစ်ပေးမခံရသည့်အတွက် ဝမ်းသာသွားပြီး ခပ်သွက်သွက်ဖြင့် . . .

"ဟုတ်ကဲ့ပါဆရာ"

ခေလွန်းက အခန်းထဲမှလှည့်ထွက်လိုက်စဉ် ဖခင်ဖြစ်သူ၏

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာအရိပ်အကဲကို လှမ်းကြည့်လိုက်၏။ သူ့ဖခင်၏မျက်နှာအမူအရာမှာ တစ်ခါမှမမြင်ဖူးဘဲ ထူးခြားနေသဖြင့် ခေလွန်း အံ့အားသင့်သွားသည်။ ခေလွန်း ပိုမိုအံ့သြသွားရသည်မှာ ရှေ့မှဖြတ်လျှောက်စဉ် ဖခင်ဖြစ်သူ တီးတိုးပြောလိုက်သောစကားပင်ဖြစ်၏။

"မင်း. . . တော်တယ်"

မမျှော်လင့်သောစကားကြောင့် ခေလွန်းမှာ ကိုယ့်နားကိုပင်ကိုယ်မယုံနိုင်။ ထိုရိုးစင်းသော 'မင်းတော်တယ်' ဆိုသည့် ချီးမွမ်းစကားလေးသုံးလုံးကို ဖခင်ထံမှကြားရဖို့အတွက် ငယ်စဉ်က သူမည်မျှအပင်ပန်းခံကြိုးစားခဲ့ရသည်ကို ရုပ်ရှင်အနေးပြကွက်များလို မျက်စိထဲ၌ တရေးရေးပြန်မြင်လာသည်။

လူမှန်းသိတတ်စအရွယ်မှစ၍ ကျောင်းစာတစ်ခုတည်းကို အာရုံစိုက်ပြီး ရှုပ်ရှုပ်ချွံချွံကြိုးစားခဲ့၏။ သို့ရာတွင် ဒုတိယနှစ်ရောက်သည်အထိ ယခုလို 'မင်းတော်တယ်' ဟု တစ်ခါမှချီးမွမ်းမခံရဖူးခဲ့။

ယခုကျတော့လည်း ဘာမဟုတ်သည့်ရန်ပွဲလေးတွင် အနိုင်ရလိုက်သည်ကို ချီးမွမ်းခန်းဖွင့်နေသည့်ဖခင်ဖြစ်သူကို ခေလွန်း နားမလည်နိုင်တော့။ ငယ်စဉ်က ကြိုးစားခဲ့ရသည်များကို ပြန်တွေးမိပြီး ဖခင်ဖြစ်သူကို စိတ်နာချင်သလိုပင်ဖြစ်လာသည်။

ကျန်သည့်စာသင်ချိန်တစ်လျှောက်လုံး ခေလွန်းမှာ စိတ်ဓာတ်ကျစွာ ငူငူငိုင်ငိုင်ဖြင့်ထိုင်နေ၏။ အတန်းဖော်များက သူ့အားအထင်ကြီးသလို လှမ်းကြည့်နေကြသည်ကိုလည်း ခေလွန်း သတိမပြုမိချေ။ အောင်ခင်ထွန်းကို သူအလဲထိုးလိုက်သည့်သတင်းမှာ တစ်ကျောင်းလုံးသို့ တောမီးပမာပျံ့နှံ့သွားပြီဖြစ်သည်။

●

နေ့လည်ခင်း ထမင်းစားချိန်ရောက်သောအခါ လူသူဆူညံ

www.burmeseclassic.com

www.burmeseclassic.com


လျက်ရှိသော ကင်တင်း၏ချောင်ကျကျစားပွဲတစ်လုံးတွင် ခေလွန်း ထိုင်နေ၏။ သူက ထမင်းပေါင်းတစ်ပွဲကို မစားချင်စားချင်နှင့် တစ်ဇွန်း ချင်းခပ်စားနေသည်။

ခေလွန်း အာရုံလွင့်ပျံ့နေသဖြင့် ထမင်းချိုင့်တစ်လုံးကိုကိုင် ကာ သူ့ရှေ့ခုံတွင်ဝင်ထိုင်လိုက်သော မိန်းကလေးတစ်ယောက်ကို သတိ မထားလိုက်မိချေ။

မိန်းကလေးက ခေလွန်း၏မျက်နှာကို သေချာအကဲခတ်ကြည့် လိုက်ပြီး . . .

"ခေလွန်း"

"ဟင် . . . ဆူးမွန်"

ခေလွန်း ဖျတ်ကနဲသတိဝင်လာပြီး ပြန်ထူးရင်း ဘေးပတ် ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက်လှမ်းကြည့်လိုက်၏။ ပျာပျာသလဲ ဖြစ်သွားသော ခေလွန်း၏ အမူအရာကိုကြည့်ကာ ဆူးမွန်က ခစ် ကနဲရယ်ရင်း . . .

"ခစ် . . . အောင်ခင်ထွန်းနဲ့ပတ်သက်ပြီး ဘာမှစိတ်ပူစရာ မလိုတော့ပါဘူး ခေလွန်းရဲ့၊ အခုဆို ဆေးရုံမှာ သူ့ခေါင်းကို အိတ်ခ်စ်ရေး (X-Ray) အရိုက်ခံနေရလောက်ပြီ၊ ဒါပေမဲ့ သူ့ခေါင်းကို (X-Ray) ရိုက်ကြည့်ရင် အခွံပောင်းလောင်းပဲတွေ့ရမယ်ထင်တယ် . . . ခစ်ခစ်"

ဆူးမွန်ကအရွှန်းဖောက်လိုက်သော်လည်း ခေလွန်းက မရယ် နိုင်ဘဲ . . .

"အောင်ခင်ထွန်းအတွက် ငါစိတ်မကောင်းပါဘူး ဆူးမွန်၊ ငါ့မှာ သူနဲ့ရန်ဖြစ်ဖို့ စိတ်ကူးလည်းမရှိပါဘူး။ အဲဒီပြဿနာက စိုင်းဝေဠု စတာ"

"စိတ်မပူပါနဲ့၊ အောင်ခင်ထွန်းက ဒီလိုဖြစ်သင့်နေတာကြာ ပြီ၊ သူ့ကို အခုလိုဆုံးမမယ့်သူမပေါ်လည်း တစ်နေ့နေ့တော့ ငါလက်ချက်မိမှာပဲ"

"ဟင် . . . နင်နဲ့သူနဲ့က သမီးရည်းစားတွေမဟုတ် . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အောင်ခင်ထွန်းကိုဖြစ်ပစ်ဖို့ စဉ်းစားနေတာ ကြာလှပြီ။ သူနဲ့စတွဲကတည်းကပဲ၊ အချိန်ကြာလာလေလေ အောင်ခင်ထွန်းအကြောင်း ပိုသိလာလေလေပဲ၊ ပြီးတော့ ငါနဲ့ပတ်သက်ပြီး လူတကာကို လိုက်ခြိမ်းခြောက်နေတဲ့သူ့အကျင့်ကို ငါမကြိုက်ဘူး၊ အရမ်းကလေးဆန်လွန်းတယ်၊ အောင်ခင်ထွန်းအကြောင်း ခေါက်ထားလိုက်ပါဟာ၊ ငါတို့မှာ သူ့ထက်အရေးကြီးတဲ့ပြဿနာတွေ ရှင်းရဦးမယ်"

ခေလွန်းက ညည်းတွားသံဖြင့် . . .

"ပြဿနာတွေရှင်းရလွန်းလို့ ငါ တော်တော်စိတ်ပျက်နေပြီ"

သူက ဆူးမွန်အား ရုံးခန်းထဲ၌ ပါမောက္ခနှင့်ဖခင်ဖြစ်သူ သတိပေးလိုက်ကြောင်း ပြန်ပြောပြလိုက်၏။ စိုင်းဝေဠုနှင့်သူ အပေး အယူလုပ်ထားသည့်ကိစ္စကိုလည်း သူမအား အသိပေးလိုက်သည်။ ခေလွန်းက သက်ပြင်းချရင်း . . .

"ငါ သူ့ကိုကူညီမယ်လို့ ကတိပေးလိုက်တယ်၊ နင်လည်း ဝိုင်းကူပါဦး"

ဆူးမွန်က ခေါင်းကိုခါယမ်းရင်း . . .

"ခေလွန်း. . . နင်ဘာမှလည်း သေသေချာချာမသိပါလား နော်"

"ဟင်. . . ဘာဖြစ်လို့လဲ"

ဆူးမွန်က ခေလွန်း၏နားနားကပ်ပြီး လေသံတိုးတိုးဖြင့်. . .

"အခု နင်တစ်ယောက်တည်းလား၊ စိုင်းဝေဠုရော နား ထောင်နေလား"

"နားမထောင်ဘူးထင်တာပဲ"

ဆူးမွန်က မျက်မှောင်ကြုတ်လိုက်သည်။ မျက်နှာထဲတွင် စိုး ရိမ်ပူပန်မှုအရိပ်အယောင်များ ယှက်သမ်းနေသော သူမက . . .

"သေသေချာချာနားထောင် ခေလွန်း၊ နင် ဒုက္ခရောက်တော့

www.burmeseclassic.com



မယ်၊ ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

[redacted]

## အခန်း (၁၈)

ခေလွန်းမှာ ပင်ပန်းနွမ်းနယ်နေပြီး နဖူးချင်းဆောင့်မိထားသော ဦးခေါင်းတစ်ခုလုံးလည်း နာကျင်ကိုက်ခဲနေ၏။ ဆူးမွန်၏မျက်ဝန်းများမှာလည်း မှိုင်းမှုန်ဝေရီနေကြသည်။

ခေလွန်းက နားမလည်နိုင်ဟန်ဖြင့် . . .

"ငါက ဘယ်လိုဒုက္ခကြုံရမှာလဲ"

ဆူးမွန်က ထမင်းချိုင့်ကို ဘေးသို့တွန်းဖယ်လိုက်ပြီး ကိုယ်ကိုငုံ့ကိုင်း၍ . . .

"ငါ. . . စဝ်ဝတီခင်နဲ့ စကားအကြာကြီးပြောဖြစ်တယ်၊ ဝတီက စိတ်ထားအရမ်းကောင်းတဲ့မိန်းကလေးဟ၊ ငါတို့ရဲ့ကိုယ်ခန္ဓာတွေကို သူနဲ့စိုင်းဝေဠုက ဝင်ပူးထားရတာကို ဝတီက ရှက်လည်းရှက် စိတ်မကောင်းလည်းဖြစ်နေတယ်"

"ဒါဆို သူတို့က ဘာလို့ဝင်ပူးထားကြသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ. . . စိုင်းဝေဠုလက်ချက်၊ ဝတီကို သူပဲပြန်ခေါ်လာ တာ"

"ဟုတ်တယ်လေ. . . သူတို့ တမလွန်ဘဝကို ကောင်းကောင်း မွန်မွန်သွားနိုင်အောင် ကူညီလိုက်ကြမယ်"

"အရင်ကတော့ နင်ပြောတဲ့အတိုင်းပဲ၊ ဒါပေမဲ့ အခု စိုင်း ဝေဠုက နင့်ကိုယ်ခန္ဓာကို အပိုင်စီးဖို့ကြိုးစားနေတယ်လို့ ဝတီက ပြောတယ်"

"သူလုပ်ချင်တိုင်းလုပ်လို့မရပါဘူး၊ ငါ သူ့ကို ခံချမှာပေါ့"

ခေလွန်း၏စကားအဆုံးတွင် ဆူးမွန်က ခေါင်းကိုခါယမ်းလိုက် ရင်း . . .

"နင့်အနေနဲ့ စိုင်းဝေဠုငြိမ်အောင် ဟန့်တားထားလို့ပဲရမယ်၊ ဒါပေမဲ့ နင့်ကိုယ်ခန္ဓာကို စိုင်းဝေဠုစိတ်တိုင်းကျ ထိန်းချုပ်ခွင့်ပေး လိုက်တာနဲ့ သူက နင့်ကို ပြန်ပေးတော့မှာမဟုတ်ဘူး၊ စိုင်းဝေဠုက တမလွန်ဘဝကိုသွားနိုင်အောင်တော့ ကြိုးစားနေတယ်၊ ဒါပေမဲ့ သူ မအောင်မြင်ရင် နင့်ကိုယ်ထဲကပြန်မထွက်ဘဲ တစ်သက်လုံး နေသွား လိမ့်မယ်"

ဆူးမွန် အမှန်အတိုင်းပြောပြနေခြင်းဖြစ်ကြောင်း ခေလွန်း ရိပ် စားမိသည်။ သူက အကြံအိုက်စွာဖြင့် . . .

"ဒီတော့. . . ငါတို့ဘာလုပ်ကြမလဲ"

"စိုင်းဝေဠုနဲ့စဝ်ဝတီခင်ကို ကောင်းတဲ့ဟော်နန်းရောက်အောင် လိုက်ပို့ရုံကလွဲပြီး ငါတို့မှာ တခြားရွေးစရာနည်းလမ်း မရှိတော့ဘူး ခေလွန်း"

"အေးလေ. . . ငါ နင့်ကိုပြောနေတာလည်း အဲဒီကိစ္စပဲ"

ဆူးမွန်က မျက်လုံးများကို တစ်ခဏမျှမှိတ်ထားလိုက်၏။ ထို့ နောက် သူမက မျက်လုံးပြန်ဖွင့်ကာ ခေလွန်းကိုစိုက်ကြည့်ရင်း . . .

"ဒီလိုကူညီတဲ့အတွက် ငါတို့နှစ်ယောက်ရဲ့ဘဝက တစ်ရက် လောက်ပဲ အချိန်ပေးရမှာပါ၊ ဒီအချိန်လေးက စိုင်းဝေဠုနဲ့စဝ်ဝတီခင်

www.burmeseclassic.com

www.burmeseclassic.com


ဝေးကွာနေရတဲ့ နှစ်ပေါင်းတစ်ရာကျော်နဲ့စာရင် ဘာမှမပြောပလောက်ပါဘူး"

ခေလွန်းက နူးညံ့တိုးဖွစွာရယ်ရင်း . . .

"နင်ပြောတာမှန်တယ်၊ ဒါပေမဲ့ နင်နဲ့ငါ နှစ်ယောက်စလုံး ပျောက်သွားရင် အဖေက ငါ့ကိုသတ်လိမ့်မယ်"

ထိုစကားကြောင့် ဆူးမွန်၏ဒဏ်ရာဟောင်းကို တုတ်နဲ့ဆွသလိုဖြစ်သွားပြီး . . .

"ငါလည်း အိမ်က တံခါးမရှိဓားမရှိထွက်လာလို့ရတယ်မထင်နဲ့ ခေလွန်း၊ မနေ့ညက နင့်အဖေနဲ့ရန်ဖြစ်ပြီး အိမ်ပြန်ရောက်တော့ ငါခိုးထွက်တာ အမေသိသွားလို့ ဆူပူလိုက်တာ နားကိုငြီးနေတာပဲ၊ ဒီည အပြင်ထပ်ထွက်ရင် ငါ့ခြေထောက်တွေကို ကုတင်မှာ သံနဲ့ရိုက်ထားမယ်လို့လည်း ကြိမ်းခံရသေးတယ်"

ခေလွန်းက စိတ်မကောင်းဖြစ်သွားဟန်ဖြင့် . . .

"ကြားရတာ စိတ်မကောင်းပါဘူးဟာ"

ဆူးမွန်က ခေလွန်းကို မျက်စောင်းထိုးလိုက်ရင်း . . .

"တောင်းပန်နေလို့မပြီးသေးဘူး၊ ငါ့ကို တစ်ခုကူညီဦး"

"ပြော. . . ဘယ်လိုကူညီရမှာလဲ"

"ငါပြောမယ်၊ သေချာနားထောင် ခေလွန်း၊ ငါတို့နှစ်ယောက် ကျောင်းဆင်းတာနဲ့ အိမ်ကိုတန်းပြန်ကြမယ်၊ ပြီးရင် အိမ်ကပြန်ခိုးထွက်ပြီး ကောင်းတုံကိုသွားကြမယ်၊ မနက်ဖြန် မိုးမလင်းခင် အိမ်ပြန်ရောက်ရင် ငါတို့ တစ်ညလုံးပျောက်သွားတာ ဘယ်သူမှသတိထားမိမှာမဟုတ်ဘူး"

"အဲဒါကောင်းတယ်၊ ငါက ဘာလုပ်ထားရမှာလဲ"

"နင်က ကောင်းတုံကို ဘယ်လိုရောက်အောင်သွားရမလဲဆိုတာ စုံစမ်းထားရမယ်"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ငါတို့ ဒီအတိုင်းသွားလို့မဖြစ်ဘူး၊ လမ်းစရိတ်လိုသေးတယ်၊ လောလောဆယ်တော့ ငါ့လက်ထဲမှာ တစ်သောင်းလောက်ပဲရှိတယ်"

ခေလွန်းက စဉ်းစားဟန်ပြုရင်း . . .

"ငါ့မှာစုထားတဲ့ပိုက်ဆံ သုံးလေးသောင်းလောက်တော့ရှိတယ်၊ ဒါဆို ငါတို့လောက်မယ်ထင်တာပဲ"

"အေး. . . ရှိသမျှပိုက်ဆံ အကုန်ယူခဲ့ဟာ၊ ပြီးတော့ ကောင်းတုံပေါ်နန်းနဲ့ပတ်သက်ပြီး နည်းနည်းပါးပါးစုံစမ်းထား၊ ကောင်းတုံရောက်မှ ဟိုမေးဒီမေးလုပ်ရရင် ငါတို့ကို လူတွေ သတိထားမိကုန်လိမ့်မယ်"

"ဒီကိစ္စ ငါတို့ဖြစ်အောင်လုပ်နိုင်ပါ့မလား"

ခေလွန်း၏စကားအဆုံးတွင် ဆူးမွန်က မျက်နှာကြက်ကို မော့ကြည့်ရင်း . . .

"ဟိုအသုံးမကျတဲ့ အိပ်မွေ့ချဆရာဝန်က နင့်ကိုယ်နင် ယုံကြည်မှုရှိအောင် လုပ်မပေးလိုက်ဘူးလား"

ခေလွန်း၏မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခုပေါ်လာပြီး . . .

"ငါလုပ်နိုင်တယ်"

ဆူးမွန်က ခေါင်းကို ချစ်စဖွယ်ခါယမ်းကာ ခေလွန်းကိုစိုက်ကြည့်ရင်း . . .

"မဟုတ်သေးဘူး၊ နင်ပြောရမှာက. . . ငါတို့လုပ်နိုင်တယ်. . . ငါတို့ လုပ်နိုင်တယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မှောင်မိုက်တိတ်ဆိတ်နေသော အဝေးပြေးကားလမ်းမကြီးပေါ်တွင် ကုန်တင်ကားကြီးတစ်စီးထိုးရပ်လိုက်၏။ ထိုကားပေါ်မှ ခေါင်းအုံးနှင့်စောင်ထည့်ထားသည့် ကျောပိုးအိတ်တစ်လုံးစီလွယ်ထားသော ခေလွှန်းနှင့်ဆူးမွှန်တို့ ဆင်းလာကြသည်။

သူတို့နှစ်ယောက် ဘယ်ဆက်သွားရမှန်းမသိဘဲ ကြောင်တက်တက်ဖြစ်နေကြ၏။ ဆူးမွှန်က ဘာဆက်လုပ်ကြမလဲဆိုသည့်အမူအရာဖြင့် ခေလွှန်းကိုမေးငေါ့ပြသည်။ ခေလွှန်းက ခပ်လှမ်းလှမ်းတွင်မြင်တွေ့နေရသော မီးရောင်လက်လက်နှင့် ဆိုင်လေးတစ်ဆိုင်ဆီသို့ လာ ညို့းညွှန်ပြရင်း . . .

"ဟိုရှေ့မှာ ဘာဆိုင်လေးလဲမသိဘူး၊ အဲဒီမှာ နည်းနည်းပါးပါးစုံစမ်းကြည့်ရအောင်"

ဆူးမွှန်က နှာခေါင်းရှုံ့ပြလိုက်သော်လည်း သူမက ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ထပ်မပြောဘဲ ခေလွန်း၏ဘေးမှ တိတ်ဆိတ်စွာလိုက်လာ၏။

ထိုဆိုင်လေးမှာ ကွမ်းယာနှင့် အခြားတိုလီမုတ်စများရောင်းသောဆိုင်လေးတစ်ဆိုင် ဖြစ်သည်။ ခေလွန်းက ကွမ်းယာဆိုင်ရှေ့တွင်ရပ်ကာ ဆိုင်ရှင်ကိုကြည့်ရင်း . . .

"ဟို. . . အဲ. . . ကောင်းတုံဟော်နန်းကို ဘယ်လိုသွားရလဲဗျာ"

ကွမ်းယာဆိုင်ရှင် ခေါင်းစားသွားပုံရ၏။ သူက ခေါင်းကုတ်ကာ ခေလွန်းနှင့်ဆူးမွန်ကို သေချာအကဲခတ်ရင်း . . .

"ကောင်းတုံဟော်နန်းဟုတ်လား၊ တစ်ခါမှမကြားဖူးဘူးဗျ"

"ဒုက္ခပါပဲ"

"သေပြီကွာ"

ဆူးမွန်နှင့်ခေလွန်းက စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

ဆိုင်ရှင်က မေးစေ့ကိုပွတ်ကာ ခဏစဉ်းစားဟန်ပြုပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် . . .

"နေဦး. . . ဒီနားမှာ ဟော်နန်းလား ဘာလားတော့မသိဘူး၊ အဆောက်အအုံပျက်ကြီးတစ်လုံး ရှိခဲ့ဖူးတယ်၊ အခုတော့ ပြိုကျသွားလို့ အခွံဟောင်းလောင်းပဲကျန်တော့တယ်"

ခေလွန်းနှင့် ဆူးမွန်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး . . .

"ဟုတ်လား. . . အဲဒါ ဘယ်နားမှာလဲဟင်"

ဆိုင်ရှင်က ခပ်လှမ်းလှမ်းတွင်မြင်နေရသော လမ်းတစ်ခုဆီသို့ ညွှန်ပြရင်း . . .

"အဲဒီလမ်းအတိုင်းတည့်တည့်သွား၊ ပြီးရင်ညာကွေ့၊ နောက်ဘယ်ပြန်ကွေ့ပြီး ရှေ့ဆက်လျှောက်သွားရင် တွေ့လိမ့်မယ်"

"ဩော်. . . ဟုတ်ကဲ့. . . ကျေးဇူးပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ခေလွန်းတို့က ဆိုင်ရှင်ကို ကျေးဇူးတင်စကားပြောပြီး လှည့်ထွက်လာခဲ့သည်။

ဆိုင်ရှင်က ခေလွန်းနှင့် ဆူးမွန်အား မြင်ကွင်းထဲမှပျောက်သွားသည်အထိ ငေးကြည့်ရင်း . . .

'ဩော် . . . အခုခေတ်ကလေးတွေများ တယ်စိတ်မြန်လက်မြန်ရှိကြတာကိုး' ဟု ရေရွတ်ရင်းကျန်ခဲ့၏။

●

ကောင်းကင်ထက်တွင် လမင်းက ပြည့်ရွှန်းဝိုင်းစက်ကာ ဝင်းဝင်းပပသာနေသည်။ ဖြူသွယ်ဝင်းပသောလရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ထင်ရှားရှားမြင်တွေ့နေရ၏။ မြေပြင်ပေါ်သို့ထိုးကျနေသော သစ်ပင်ကြီးများ၏အရိပ်က လေလာတိုင်း တရွရွနှင့် လှုပ်ယိမ်းသွားကြပုံမှာ မကောင်းဆိုးဝါးကြီးများလားဟု ထင်မှတ်မှားချင်စရာ။

ခေလွန်းနှင့်ဆူးမွန်မှာ လက်နှိပ်ဓါတ်မီးကိုယ်စီဖြင့် ရှေ့သို့စမ်းတဝါးဝါး လျှောက်လာခဲ့သည်။ ခေလွန်းက စနောက်ချင်စိတ် ပေါ်လာသဖြင့် . . .

"ဆူးမွန် . . . ခုနက ကွမ်းယာဆိုင်ရှင်က ငါတို့ကို ခိုးပြေးလာတဲ့ သမီးရည်းစားလို့ထင်သွားပုံရတယ်"

ခေလွန်း၏စကားကြောင့် ဆူးမွန်က ရှက်သွားပြီး . . .

"ခေလွန်း . . . နင်နော် စကားပြောရင် ကောင်းကောင်းပြောပွဖောက်မလာနဲ့"

"အလကားစတာပါဟာ၊ ငါက အခွင့်အရေးရရင် လိုသလောက်ယူတတ်တဲ့လူစားမျိုး မဟုတ်ပါဘူး"

ဆူးမွန်က မျက်နှာလေးကိုမှုန်လိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်ပြီးရော၊ ထပ်မနောက်နဲ့တော့"

ခေလွန်းမှာ ထပ်နောက်ချင်သော်လည်း ဆူးမွန်စိတ်ဆိုးသွားမည်စိုးသဖြင့် ထပ်မစတော့ချေ။ ဆူးမွန်က တွေးတွေးဆဆဖြင့် . . .

"အဲဒီလူကြီးက ငါတို့ကို သေသေချာချာတော့ အကဲခတ်နေသလိုပဲ"

"အေး. . . ဟုတ်တယ်၊ အဲဒါကြောင့် ငါလည်း စကားစ ဖြတ်ပြီး ခပ်သွက်သွက် ထွက်လာတာ"

ထို့နောက် သူတို့နှစ်ယောက် ဘာမှထပ်မပြောဖြစ်တော့ဘဲ လျှောက်လာခဲ့ရာ နှစ်နာရီနီးပါးခန့်ကြာသွား၏။ မညီညာသော ခလုတ်ကန်သင်းရိုးများနှင့် သိပ်သည်းထူထပ်သော သစ်ပင်ချုံနွယ်များကြားမှ သတိကြီးစွာထား၍ သူတို့ ဖြတ်သန်းလာခဲ့ကြသည်။

တစ်ခါတစ်ရံ ညဘက်အစာရှာထွက်သော သားရဲတိရစ္ဆာန်များ၏ ဟိန်းဟောက်သံများကိုလည်း ကြားရ၏။ များမကြာမီ ပြိုပျက်ဟောင်းနွမ်းနေသော အုတ်ရိုးများရှေ့သို့ ခေလွန်းတို့ ရောက်လာကြသည်။

ဆူးမွန်က ခေလွန်းကို အားကိုးတကြီးကြည့်ရင်း . . .

"အခု ငါတို့ ဘာဆက်လုပ်ကြမလဲ"

"ငါတို့ရဲ့တာဝန်ကို စိုင်းဝေချွန်နဲ့ စဝ်ဝတီခင်ဆီ ပုခုံးပြောင်းပေးလိုက်ရင် ကောင်းမယ်။ သူတို့ကို ကတိပေးထားတဲ့အတိုင်း ကောင်းတုံဟော်နန်းအထိ ရောက်အောင်လာခဲ့ပြီးပြီဆိုတော့ ငါတို့တာဝန်ကျေပြီ"

"ညကြီးမင်းကြီး သူတို့က ဘယ်လိုရှေ့ဆက်စခန်းသွားကြမှာလဲ"

"အဲဒါ ငါတို့တာဝန်ထားစမ်းပါ"

စိုင်းဝေချွန်က ငြိမ်သက်နေရာမှ ကောက်ခါငင်ခါ နိုးထလာပြီး ဝင်ပြောလိုက်၏။ သူ့စကားသံက စိတ်လှုပ်ရှားမှုဖြင့် တက်ကြွနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆူးမွန်က ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ . . .

"ဩော် . . . အခုပြောနေတာ စိုင်းဝေမြူဖြစ်သွားပြီလား"

"အင်း . . . ဟုတ်တယ်၊ ငါ . . . ဝတီနဲ့ စကားပြောချင်တယ်"

"စိုင်းဝေမြူ မပြောမဆိုနဲ့ ဖွတ်လုပ်တတ်တဲ့ ရှင့်အကျင့်က မပျောက်သေးပါလား"

ဆူးမွန်က ဘုပြောပြောလိုက်၏။ စိုင်းဝေမြူက အနည်းငယ် စိတ်ညစ်သွားဟန်ဖြင့် . . .

"အေးပါ . . . အခု ငါတို့ နေရာဟောင်းကိုရောက်ပြီ၊ ကျန်တဲ့ ကိစ္စ ငါတို့လက်ကိုသာ ဝကွက်အပ်လိုက်တော့"

"ဒီအတိုင်းတော့မရဘူး၊ ခေလွန်း ကောင်းကောင်းမွန်မွန် ရှိသေးတယ်ဆိုတာသိရမှ လွှဲပေးမယ်"

စိုင်းဝေမြူက ခေလွန်းအား သူ့ကိုယ်ခန္ဓာကို ပြန်ထိန်းချုပ်ခွင့် ပေးလိုက်ရပြန်၏။ ခေလွန်းက . . .

"စိုင်းဝေမြူတို့လက်ထဲကိုသာ ပြန်လွှဲပေးလိုက် ဆူးမွန်၊ သူတို့ ရှာနေတာကို အမြန်ဆုံးတွေ့ပြီး ကိစ္စပြတ်မှ ငါတို့ အမြန်ဆုံး အိမ် ပြန်ရမှာ"

စကားအဆုံးတွင် ခေလွန်းက ဆူးမွန်၏လက်ကလေးကို ဆွဲ ယူကာ အားပေးနှစ်သိမ့်သလို ဖျစ်ညှစ်လိုက်သည်။ ဆူးမွန်ကလည်း ခေလွန်း၏လက်ကို အသာအယာပြန်ဖျစ်ညှစ်ရင်း . . .

"ဒါဆို သူတို့ကိစ္စပြီးမှ ငါတို့ ပြန်တွေ့ကြမယ်ခေလွန်း"

သူတို့လက်ချင်း မြဲမြဲဆုပ်ကိုင်မိကြ၏။ သူမ၏ကိုယ်လေးက အနည်းငယ်မတ်လာပြီး ခေါင်းကိုမော့ကာ စဝ်ဝတီခင်၏အသံဖြင့် . . .

"အကုန်လုံး ယိုယွင်းပျက်စီးနေတဲ့ ညအမှောင်ထဲမှာတောင် ကိုယ့်အိမ်ကိုယ့်ယာကို ပြန်ရောက်လာသလို ခံစားရတယ်နော် . . . အမှောင်"

"ဟုတ်ပ၊ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်ကလည်း အခုလို

www.burmeseclassic.com

www.burmeseclassic.com


အမှောင်ထဲမှာ ပျောက်သွားဖူးကြတာပဲ။ ဒါက အဆန်းမှမဟုတ် တော့တာ''

စိုင်းဝေမြှကြ စဝ်ဝတီခင်၏စကားကို ထောက်ခံလိုက်သည်။ စဝ်ဝတီခင်က သူ့ကို ပြုံးပြုံးလေးစိုက်ကြည့်နေစဉ် သူက ဆက်ပြော၏။

''ကဲ. . . သွားကြစို့''

''ဘယ်ကိုသွားရမလဲဆိုတာ ရှင်သိတယ်မဟုတ်လား''

''ရေကန်ဘေးနားက ယုဇနပင်ကြီးဆီကိုလေ''

''ဒီလောက် နှစ်တွေအများကြီးကြာမှတော့ ယုဇနပင်ကြီး ရှိပါ့တော့မလား။ ရေကန်ကြီးလည်း အခုဆို ကောနေလောက်ပြီ၊ အဲဒီ နေရာကို မှတ်မိနိုင်မယ်လို့ ရှင့်စိတ်က ယုံကြည်နေတုန်းပဲလား''

စိုင်းဝေမြှကြ ခိုင်မာပြတ်သားသောလေသံဖြင့် . . .

''သေချာတာပေါ့ စဝ်ဝတီခင်၊ ငါးတစ်ကောင်က သူမွေးဖွား ကြီးပြင်းခဲ့တဲ့ မြစ်အကြောင်းကို ကောင်းကောင်းနားလည်သလိုပဲ ခေတ် တွေဘယ်လိုပြောင်းပြောင်း ဒီနေရာက ငါနဲ့ ကောင်းကောင်းရင်းနှီး နေတုန်းပဲ''

''ဒါဆို ကျွန်မတို့ အခု ဘာလုပ်ကြမလဲ''

''အရင်ဆုံး မင်းရဲ့အုတ်ဂူကို လိုက်ရှာကြမယ်လေ၊ မင်းကို ကောင်းတုံတော်ဝင်မိသားစုသင်္ချိုင်းမှာ မြှုပ်ထားတာမဟုတ်လား''

''မဟုတ်ဘူး၊ ကျွန်မကို ဘယ်မှာမြှုပ်ထားတယ်ဆိုတာ ရှင် သိသင့်. . .''

''ဟင်. . . မင်း ဘာပြောလိုက်တာလဲ''

''ဘာမှမဟုတ်တော့ဘူး''

''ပြောပြပါကွာ၊ မင်း ဘယ်လိုသေသွားသလဲဆိုတာ ငါ့ကို တစ်ခါမှ မပြောပြဖူးဘူး''

''ရှင်ကကော ဘယ်တုန်းကမေးဖူးလို့တုန်း၊ အချိန်ရှိသရွေ့ ခမည်းတော်က ရှင့်ကို ဘယ်လိုသတ်လိုက်တယ်ဆိုတာပဲ တဖျစ်

www.burmeseclassic.com


တောက်တောက် ပြောမဆုံးဘူး၊ အသေဆိုးနဲ့သေရတာ ရှင်တစ်ယောက်တည်းလို့ ထင်နေသလား"

စံဝတီခင်၏စကားလုံးများက စိုင်းဝေမြ၏နှလုံးသားကို ဖြတ်ရိုက်လိုက်သလို နာကျင်သွားစေသည်။ စိုင်းဝေမြက စံဝတီခင်ကို စိတ်ရှုပ်ထွေး နာကျင်စွာ ပါးစပ်အဟောင်းသားဖြင့်ကြည့်ရင်း . . .

"ဝတီ. . . မင်း. . . မင်းက ဘယ်လိုသေခဲ့ရတာလဲ"

"ကျွန်မအတွက်က အရေးမကြီးတော့ပါဘူး၊ ရှင့်ရဲ့ခန္ဓာကိုယ်ကိုပဲ လိုက်ရှာကြစို့"

"အဓိပ္ပါယ်မရှိတာ၊ တမလွန်ကိုမင်းမလိုက်ရင် ငါလည်းမသွားတော့ဘူး၊ ငါတို့ဝင်ပူးတဲ့ခန္ဓာကိုယ်တွေနဲ့ပဲ သေတစ်ပန်သက်တစ်ဆုံးနေသွားကြမယ်လေ"

"သူတစ်ပါးရဲ့ကိုယ်ခန္ဓာကို လုယူတယ်ဆိုတာ အရက်စက်ဆုံးနဲ့ အဆိုးဝါးဆုံး မကောင်းမှုပဲ၊ ကျွန်မကတော့ မလုပ်နိုင်ဘူး"

"ဘယ်ဘဝပဲဖြစ်ဖြစ် မင်းမရှိရင် ဘာအဓိပ္ပါယ်မှရှိမှာမဟုတ်ဘူး"

"ဒါတွေက စကားလုံးတွေပါအမောင်၊ ရှင်တစ်ယောက်တည်း တမလွန်ဘဝကိုသွားကြည့်ပါ၊ ကျွန်မကို ခဏလေးနဲ့မေ့သွားလိမ့်မယ်"

စကားအဆုံးတွင် စံဝတီခင်က စိုင်းဝေမြကို ချာကနဲကျောခိုင်းကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား၏။ စိုင်းဝေမြက ကြောင်ပြီးရပ်ငေးကြည့်နေရာမှ သတိဝင်လာပြီး စံဝတီ၏နောက်သို့ ကသောကမျော ပြေးလိုက်သွားသည်။

"ဝတီ. . . ဝတီ. . . နေပါဦး"

စံဝတီခင်က လှည့်မကြည့်ချေ။ သူမက တောအုပ်စပ်နားသို့သွားပြီးမှ ခြေလှမ်းရပ်လိုက်၏။

ထိုနေရာတွင် ဆင်ခြေလျှောပုံမြက်ခင်းကွင်းရေကန်စပ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



နိမ့်ဆင်းသွားသည်။ ရေကန်၏တစ်ဖက်တွင် အနက်ရောင်ကျောက်တုံးများဖြင့် တည်ဆောက်ထားသော အဆောက်အအုံကြီးက ထီးထီးမားမား။

ကျောက်တုံးအဆောက်အအုံ၏ အချို့ပြတင်းပေါက်များတွင် တံခါးရွက်များပင်မရှိတော့ဘဲ ဟောင်းလောင်းပွင့်ဟနေ၏။ ဖြူလွှပြာလဲ့သော လရောင်မျှင်တန်းက ခေါင်မိုးအပေါက်များကိုဖြတ်သန်း၍ ကြမ်းပြင်ပေါ်သို့ ထိုးကျနေသည်။ အဆောက်အအုံအတွင်းဘက်တွင် သစ်ပင်ငယ်များက ဟိုနားတစ်စသည်နားတစ်စ ပေါက်နေကြ၏။

စံဝတီခင်က ထိုမြင်ကွင်းကို မယုံကြည်နိုင်စွာငေးကြည့် ရင်း တိုးဖွဖွညှံ့သက်သောလေသံဖြင့် . . .

"ကောင်းတုံဟော်နန်း၊ ဘယ်လိုဖြစ်ပြီး ဒီဘဝရောက်သွားတာလဲ"

"အချိန်က ပြောင်းလဲပေးလိုက်တာပေါ့၊ လောကမှာ မပြောင်းလဲနိုင်တဲ့အရာဆိုလို့ မတည်မြဲခြင်းတစ်ခုတည်းရှိတာပဲ"

သူမ၏ဘေးသို့ရောက်လာသော စိုင်းဝေချိုက ပြောလိုက်သည်။ စံဝတီခင်က စိုင်းဝေချိုကို မျက်လုံးဝင့်ကြည့်ရင်း . . .

"တွေ့ပြီလားအမောင်၊ အင်မတန်လှပခမ်းနားတဲ့ ကောင်းတုံဟော်နန်းကိုတောင် ပျက်စီးယိုယွင်းသွားစေတဲ့ ဒီလောကမှာ ကျွန်မတို့ မနေသင့်ပါဘူး၊ ခေလွန်းနဲ့ဆူးမွန်တို့ကို ထားရစ်ခဲ့ပြီး ကျွန်မတို့ သွားကြဖို့အချိန်တန်ပြီထင်တယ်"

စိုင်းဝေချိုက စံဝတီခင်၏လက်ကလေးကို အသာအယာ ဖွဖွလေးအုပ်ကိုင်လိုက်၏။

သူက နူးညံ့ညင်သာသောလေသံဖြင့် . . .

"ဝတီ. . . မင်း ဘယ်လိုသေသွားခဲ့တာလဲ၊ ငါ့ကို မပြောပြရသေးဘူးနော်"

"ဟုတ်တယ်. . . မပြောပြရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါသေသွားပြီး မင်း ဘယ်လောက်ကြာကြာ အသက်ရှင်သေးလဲ"

"မရှေးမနှောင်းပဲ"

"ဒီကောင်းတုံပေါ်နန်းမှာပဲ သေသွားတာလား"

"ဟုတ်တယ်"

"မင်းကို မိသားစုတော်ဝင်သင်္ချိုင်းမှာ သင်္ဂြိုဟ်တာလား"

"ဟင့်အင်း. . . ကျွန်မကို မိသားစုသင်္ချိုင်းမှာ မြှုပ်ထားတာ မဟုတ်ဘူး"

စကားအဆုံးတွင် ငွေရောင်မျက်ရည်ဥများက စဝ်ဝတီခင်၏ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်။ သူမက မျက်ရည်ပိတ်ဖုံးနေသော မျက်ဝန်းများဖြင့် စိုင်းဝေဠုကို စိုက်ကြည့်လိုက်၏။ သူမ၏ပါးနှစ်ဖက်က မျက်ရည်များဖြင့် စိုစွတ်နေသော်လည်း နှုတ်ခမ်းများတွင် အပြုံးရိပ်တစ်ခု တွဲလဲခိုနေသည်။

ယခင်က တစ်ယောက်နှင့်တစ်ယောက် စိတ်ချင်းရင်းနှီးခဲ့ကြသော စိုင်းဝေဠုနှင့် စဝ်ဝတီခင်မှာ ယခုအခါတွင်လည်း တစ်ယောက်နှလုံးသားကို တစ်ယောက် အကြွင်းမဲ့နားလည်သွားကြတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အရှေ့ဘက်မိုးကောင်းကင်တွင် လိမ္မော်ရောင်အလင်းပျို့ပျို့ ယှက်သန်းစပြုလာ၏။ ရွှေရောင်အလင်းမျှင်စအချို့က ကန်ရေပြင်ပေါ်သို့ ထိခတ်လွှင့်စင်သွားကြသည်။ အမြဲတစေ ကြည်လင်သန့်ရှင်းခဲ့သော ရေကန်မှာ ယခုအခါ ရေညှိရေမှော်များပြည့်နှက်ကာ နောက်ကျိလျက် ရှိ၏။

စဝ်ဝတီခင်၏ဘဝကို နားလည်သဘောပေါက်သွားသောကြောင့် စိုင်းဝေဠု၏စိတ် တည်ငြိမ်မှုရလာသည်။ သူက ရေကန်ကို ငေးငေးရီရီကြည့်ရင်း . . .

"မင်းအဖေရဲ့အင်းခွေးတွေက တောအုပ်အစပ်အထိ ငါတို့နှစ်ယောက်ကို အနံ့ခံပြီး လိုက်လာကြတယ်၊ အဲဒီတောင်ကုန်းပေါ်ကနေ ကောင်းတံ့ပေါ်နန်းဘက်ကိုပြန်ပြေးမိတာ ငါတို့အမှားပဲ"

"အဲဒီရေကန်ကိုဖြတ်ပြေးရင် အင်းခွေးတွေက ကျွန်မရဲ့

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်နဲ့မရတော့ဘဲ မျက်ခြည်ပြတ်သွားလိမ့်မယ်လို့ ရှင်ထင်နေတာကိုး''

စဝ်ဝတီခင်က နူးညံ့ကြင်နာစွာ ပြန်ပြော၏။ စိုင်းဝေချူက ပခုံးတွန့်ပြရင်း . . .

''ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး၊ ခွေးတွေက ငါတို့ကိုတွေ့သွားတယ်လေ၊ လူနှစ်ယောက်လုံးကို မြင်နေရမှတော့ အင်းခွေးတွေ အနံ့ခံဖို့ ဘယ်လိုတော့မှာလဲ''

''ဒါကလည်း ရှင့်အကြံပဲလေ၊ ကျွန်မကို လွတ်ရာကျွတ်ရာ သစ်ပင်ပေါ်တင်ပေးပြီး ရှင်ကတော့ အင်းခွေးတွေအလယ်မှာ ချောင်ပိတ်အမိခံမယ်လို့ ဆုံးဖြတ်လိုက်တာကိုး''

''ငါ့စိတ်ထဲမှာ အဲသလိုလုပ်ရင် မင်းလွတ်မယ်လို့ထင်ထားတာ''

''ရှင့်ကိုဖမ်းမိရင် သတ်ပစ်မယ်ဆိုတာသိရဲ့သားနဲ့ ကျွန်မကို အသက်စွန့်ပြီး ကယ်ခဲ့တယ်၊ ရှင်က အရမ်းချစ်စရာကောင်းတာပဲ''

''မင်းအတွက်ဆို ဆယ်ခါပြန်သေလည်း ငါမမှုပါဘူးဝတီ''

စဝ်ဝတီခင်က ပြုံးရင်း . . .

''ကျွန်မယုံပါတယ်. . . အမောင်''

''အဲဒီတုန်းက ကိုယ့်ကိုယ်ကို သေမယ်လို့လည်းမထင်မိဘူး၊ အင်းခွေးတွေက သွေးဆာနေတဲ့ အမဲလိုက်ခွေးတွေဆိုပေမယ့် အရင်ကတည်းက ငါနဲ့ အကျွမ်းတဝင်ရှိပြီးသားလေ၊ တကယ်လည်း ဝိုင်းပြီး မာန်ဖီနေတဲ့ခွေးတွေက ငါ့အသံကြားတာနဲ့ ငြိမ်ကုန်ကြတယ်''

''သိတယ်၊ ကျွန်မ သစ်ပင်ပေါ်ကကြည့်နေတယ်လေ''

စဝ်ဝတီခင်က စိုင်းဝေချူကို သတိပေးလိုက်၏။ စိုင်းဝေချူက. . .

''ဒါပေမဲ့ သူ့ရဲ့အမဲလိုက်ခွေးတွေလိုသွေးဆာနေတဲ့ မင်းအဖေရောက်လာတယ်၊ သူက ဝတီဘယ်ရောက်သွားလဲလို့ ငါ့ကိုမေးတယ်၊ ငါက မင်း မြင်းစီးပြီး ချိန်းထားတဲ့နေရာကို ထွက်ပြေးသွား

www.burmeseclassic.com

www.burmeseclassic.com


ပြီလို့လိမ်လိုက်တယ်"

"အင်း. . . ရှင်ပြောတာ ကျွန်မကြားလိုက်တယ်"

"ဒါပေမဲ့ မင်း သူ့ကိုမမြင်လိုက်ဘူး၊ သူ့လည်ပင်းသွေးကြော မကြီးတွေက ပေါက်ကွဲတော့မလိုထောင်ထပြီး ခရမ်းရောင်သန်းနေတယ်။ မျက်လုံးတွေကလည်း နီရဲပြီး ချာချာလည်လို့၊ သူက ဝတီဘယ်မှာလဲပြောစမ်းလို့ ငါ့ကို ဝမ်းခေါင်းသံကြီးနဲ့ ကြိမ်းဝါးတယ်၊ တစ်ကနေသုံးအထိရေလို့မပြောရင် ငါ့ကိုသတ်ပစ်မယ်တဲ့၊ ငါ သူ့ကို တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်တယ်၊ သူ ငါ့ကိုသတ်လိုက်ရင် မင်းကို ရှာလို့တွေ့တော့မှာမဟုတ်ဘူးလို့ ရယ်ပြီးပြန်ပြောလိုက်တယ်၊ ငါ ရယ်လိုက်လို့ သူ့ဒေါသက အဆုံးစွန်ထိ ပေါက်ကွဲသွားပုံရတယ်၊ မကြာပါဘူး။ ဓားရောင်လက်ကနဲမြင်လိုက်ရပြီးတော့ ရင်ညွှန့်ဆီက အောင့်တက်လာတယ်။ နောက်ဆုံး မြင်ကွင်းတစ်ခုလုံး သွေးရောင်လွှမ်းသွားပြီး တဖြည်းဖြည်းချင်း မှောင်သွားတော့တာပဲ"

"ရှင်က သတ္တိအရမ်းကောင်းတာပဲ"

စိုင်းဝေဠုက သက်ပြင်းချလိုက်ပြီး . . .

"မင်းရဲ့အသက်ကို ကယ်နိုင်မယ်ထင်လို့လုပ်လိုက်တာ၊ ဒါပေမဲ့ အရာမရောက်ဘူးဖြစ်သွားတယ်"

စဝ်ဝတီခင်က ဘာမှပြန်မပြောသေးဘဲ ရေကန်စပ်မှ မြေပုံမို့မို့လေးပေါ်တွင် ဒူးထောက်ထိုင်ချလိုက်၏။ ထိုမြေပုံမှာ တစ်ချိန်က ယုဇနပင်ကြီးရှိခဲ့ခြင်း၏ အမှတ်အသားဖြစ်သည်။

သူမက အိပ်မက်မက်နေသူတစ်ယောက်လို ကန်ရေပြင်ကို ငေးငေးရီရီကြည့်ရင်း . . .

"ရှင် ကျွန်မကို ကယ်နိုင်ခဲ့ပါတယ်"

"ဟုတ်ပြီလေ၊ အချိန်ဘယ်လောက်ကြာအောင် ကယ်နိုင်ခဲ့တာလဲ၊ ဘာလို့ ငါ့ကို ရှင်းမပြသေးတာလဲ"

"မိနစ်ပိုင်းလေးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


"အင်းခွေးတွေက မင်းကို ကိုက်သတ်လိုက်ကြတာလား၊ ငါ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘူးပေါ့"

စိုင်းဝေချူက မချင့်မရဲညည်းတွားလိုက်၏။

စဝ်ဝတီခင်က နူးညံ့သောလေသံဖြင့် . . .

"ဒါတွေအားလုံး ကျွန်မအပြစ်ပါ၊ ရှင် မားနဲ့ထိုးခံရတဲ့ အော်သံကြားတော့ ကျွန်မလည်း သတိလက်လွတ်အော်လိုက်မိတယ်၊ ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားပြီး ကိုယ်ဟန်ချက်မထိန်းနိုင်တော့ဘဲ သစ်ကိုင်းပေါ်ကနေ ကျွန်မအဖေရှေ့တည့်တည့်ကို ပြုတ်ကျသွားတယ်၊ ကျွန်မ ရှင့်ကို ပွေ့ထူလိုက်ပြီးတော့ ရှင့်မျက်လုံးတွေကို စိုက်ကြည့်နေမိတယ်၊ ရှင့်မျက်လုံးတွေက အံ့သြသလို ပြူးကျယ်နေပေမယ့် အသက်မရှိတော့ဘူး၊ အဲဒါနဲ့ ကျွန်မရဲ့အဖေကို ပြန်ရန်တွေ့ပစ်လိုက်တယ်"

"ဟင် . . . မင်းက ကောင်းတုံနယ်စားကြီးကိုပြန်ရန်တွေ့ရဲတယ်၊ ဟုတ်လား"

"အင်း . . . ရှင်သေသွားရင် ကျွန်မလည်း အသက်ဆက်မရှင်ချင်တော့ဘူး၊ ကျွန်မကိုသတ်ပစ်လိုက်လို့ အော်ပြောလိုက်တယ်"

စိုင်းဝေချူက တုန်လှုပ်သွားဟန်ဖြင့် . . .

"ဒါပေမဲ့ နယ်စားကြီးက ကိုယ့်သမီးအရင်းကိုတောင် ကိုယ်ပြန်သတ်ပစ်ရက်တယ်နော်"

"ဒါဘာဆန်းသလဲ၊ သူ့အတွက် သမီးဆိုတာ အလကားပဲ၊ သူက သားတွေကိုပဲ အရေးပေးအားကိုးတာ၊ ကျွန်မတို့နှစ်ယောက်ရဲ့နောက်ကို လိုက်လာရတာကလည်း သူ့ဂုဏ်သိက္ခာကျမှာစိုးလို့ ဟန့်တားဖို့သက်သက်ပဲ၊ ကျွန်မကိုသိပ်ချစ်ပြီး ဂရုစိုက်လွန်းလို့တော့ မထင်နဲ့"

စိုင်းဝေချူက ခေါင်းကိုခါယမ်းရင်း . . .

"သူ ငါ့ကို ဒေါသထွက်ပြီးသတ်ပစ်လိုက်တာက ထားပါတော့၊ သူ့သမီးအရင်းကိုတောင် သွေးအေးအေးနဲ့သတ်ပစ်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



နော်''

''အဲဒီအချိန်တုန်းက သူ့မှာ လူစိတ်မရှိတော့ဘူး၊ ရူးသွားပြီ၊ တစ် သက်လုံးခံမပြောဖူးတဲ့သမီးကလည်း သူ့ကိုပြန်အော်တော့ သူ့ ပုံစံက ဘီလူးသဘက်တစ်ကောင်လို ရှုးရှုးရှားရှားဖြစ်သွားတယ်၊ သူ ဓားကို မြှောက်လိုက်တယ်၊ ကျွန်မလည်း ရင့်ဘေးနားမှာ ပုံလျက်သား လဲကျသွားတော့တာပဲ၊ အသက်မရှင်ချင်တော့တဲ့ ကျွန်မရဲ့ဆန္ဒ ပြည့် သွားတာပေါ့''

စကားအဆုံးတွင် စဝ်ဝတီခင်က ပြုံးလိုက်သည်။ စိုင်းဝေဠု က သူမ၏ဘေးနားတွင် ဒူးထောက်ထိုင်ချလိုက်ရင်း . . .

''ပြီးတော့ ဘာတွေဆက်ဖြစ်သေးလဲ''

''ကျွန်မတစ်ကိုယ်လုံး ငှက်မွေးလိုပေါ့ပါးပြီး လေထဲမှာ လွင့် မျောနေတယ်၊ အောက်ကိုငုံ့ကြည့်လိုက်တော့ အသက်မရှိတော့တဲ့ ကျွန်မတို့ရဲ့ကိုယ်ခန္ဓာတွေကို မြင်ရတယ်၊ တဖြည်းဖြည်း ပတ်ဝန်းကျင် တစ်ခုလုံးက မှုန်ဝါးပြီးမှောင်လာတယ်၊ ကျွန်မလည်း ဆက်ပြီး တောင့်ခံ မထားနိုင်တော့ဘဲ အမှောင်ထုထဲကို လွင့်မျောသွားတယ်''

''ဒါဖြင့် ငါတို့ရဲ့ရုပ်အလောင်းတွေကို မင်းအဖေ ဘာလုပ် ပစ်သလဲဆိုတာ မတွေ့လိုက်ရဘူးပေါ့. . . ဟုတ်လား''

စဝ်ဝတီခင်က မျက်လုံးများကိုမှိတ်လိုက်ပြီး နူးညံ့စိုစွတ်သော မြေပြင်ကို လက်ဖြင့်အသာအယာတို့ထိစမ်းသပ်ကြည့်လိုက်၏။ သူမက သတိရသွားဟန်ဖြင့် . . .

''ဒီနေရာကမြေကြီးတွေကို ကျွန်မအဖေတူးနေတာတော့ မြင် လိုက်တယ်၊ ကျွန်မအထင်ပြောရရင် ရှင့်အလောင်းဟာ ကျွန်မတို့ အောက်တည့်တည့်ကမြေကြီးထဲမှာ ရှိလိမ့်မယ်''

စိုင်းဝေဠုက မြေပြင်ကိုငုံ့ကြည့်ရင်း . . .

''ဒါဆို မင်းရဲ့အလောင်းကရော''

''မပြောတတ်ဘူး၊ ရှင့်အလောင်းနဲ့အတူ ရှိမယ်ထင်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



အမောင်"

"တကယ်လို့ မရှိခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဒါဆိုလည်း တမလွန်ဘဝကို ကျွန်မ မလိုက်နိုင်တော့ဘူးပေါ့၊ ရှင်တစ်ယောက်တည်းပဲ သွားရတော့မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူတို့ခြေထောက်အောက်မှ မြေကြီးက စိုစွတ်ပြီး ပွယောင်းယောင်းဖြစ်နေသဖြင့် သိပ်ပြီး ခက်ခက်ခဲခဲ မတူးဆွလိုက်ရချေ။ နယ်စားကြီးစဝ်ဟုန်ဖကလည်း အလောင်းများကို တွင်းနက်နက်တူးပြီး မြှုပ်နိုင်ခဲ့ပုံမရ။

စိုင်းဝေဠုနှင့် စဝ်ဝတီခင်မှာ မြေကြီးများကို တိတ်ဆိတ်ငြိမ်သက်စွာ တူးဖော်ရင်း သူတို့တွေ့ရှိသမျှကို တုန်လှုပ်စွာ ငေးကြည့်နေမိကြသည်။ မိနစ်အနည်းငယ်တူးပြီးနောက် လည်ပင်းတွင် ကနုတ်ပန်းများကို လက်ရာမြောက်စွာထွင်းထုထားသော အသည်းပုံငွေဆွဲပြားနှင့် ဆွဲကြိုးကို ဆင်မြန်းထားသည့် ဖြူလွလွ အရိုးစုတစ်ခု ပေါ်လာ၏။

စဝ်ဝတီခင်က ငွေဆွဲပြားနှင့်ဆွဲကြိုးကို တုန်ယင်နေသော လက်များဖြင့် ဖြုတ်ယူရင်း. . .

www.burmeseclassic.com

www.burmeseclassic.com


"ဒါ. . . ရှင် ကျွန်မကို မွေးနေ့လက်ဆောင်ပေးထားတဲ့ ဆွဲကြိုးနဲ့ ဆွဲပြားလေးပဲ"

"ဟုတ်တယ်၊ ဆွဲပြားပေါ်မှာ ကိုယ့်နာမည်ထိုးထားတယ်လေ"

စဝ်ဝတီခင်က စိုင်းဝေဠုနာမည်ထိုးထားသော အသည်းပုံဆွဲပြားနှင့် ဆွဲကြိုးလေးကို ရင်ဘတ်တွင် အမြတ်တနိုးအပ်ထားလိုက်သည်။ ထိုစဉ် သူမ၏တစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံရသလို တုန်သွား၏။ သူမက အရေးတကြီးလေသံဖြင့် . . .

"အို. . . အမောင် ဒီဆွဲကြိုးလေးက ကျွန်မကို ကျွတ်လွတ်အောင်လုပ်ပေးမယ့် ဆွဲကြိုးလေးပဲ"

စိုင်းဝေဠုက ထိတ်ထိတ်ပျာပျာဖြင့် . . .

"ဝတီ နေဦးလေ၊ ငါက ဘယ်လိုလုပ်မလဲ၊ ငါ့အတွက် အထိမ်းအမှတ်ပစ္စည်းတစ်ခုခုကို မြန်မြန်ရှာရအောင်"

စဝ်ဝတီခင်က မျက်ဝန်းများကိုမှိတ်လိုက်ပြန်သည်။ သူမက ဆူးမွှန်၏ကိုယ်ထဲမှ ပျံဝဲထွက်လာပြီး လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကလိုမျိုး လေထဲတွင် လွင့်မျောကာ မြေပြင်ကိုငုံ့ကြည့်လိုက်၏။

စိုင်းဝေဠုက စိုးရိမ်ပူပန်စွာဖြင့် . . .

"ဝတီ. . . နေဦးလေ. . . ငါ့ကိုစောင့်ဦး"

စဝ်ဝတီခင်က ဆူးမွှန်၏ကိုယ်ထဲသို့ ကသောကမျော ပြန်ဝင်ရင်း . . .

"မြန်မြန်ရှာကြစို့ အမောင်၊ ကျွန်မ သွားရတော့မယ်"

"အေးပါ၊ ငါတို့နှစ်ယောက် ဘယ်တော့မှမခွဲဘူးလေကွာ"

စိုင်းဝေဠုက ပြောပြောဆိုဆိုဖြင့် အံကြိတ်ပြီး အရိုးစထားမှ မြေပြင်ကိုသာ သဲကြီးမဲကြီး တူးဆွနေသည်။ စဝ်ဝတီခင်ကလည်း ဘေးမှ ဝိုင်းကူတူးဆွပေး၏။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com


စိုင်းဝေဠု အံ့ဩဝမ်းမြောက်စွာအော်လိုက်သည်။ ငွေရောင် လက်စွပ်လေးဝတ်ဆင်ထားသော အရိုးစုတစ်ခုကို သူတွေ့လိုက်ရ သောကြောင့်ပင်။ သူက ငွေလက်စွပ်ကို တုန်တုန်ရီရီဖြင့် ချွတ်ယူ လိုက်၏။ လက်စွပ်ပေါ်တွင်ကပ်ညိနေသော မြေကြီးများ ပြောင်စင် သွားအောင် သူက ဘောင်းဘီအနားစဖြင့် ခပ်ကြမ်းကြမ်းပွတ်တိုက် လိုက်သည်။ လက်စွပ်ကို ကနုတ်ပန်းများဖြင့် လှပစွာပုံဖော်ထားပြီး အလယ်တည့်တည့်တွင် 'ဝတီ' ဆိုသည့် စာလုံးလေးနှစ်လုံးကို ရေးထွင်း ထား၏။

စိုင်းဝေဠုက ငွေလက်စွပ်ကို စဝ်ဝတီခင်အား ဝမ်းမြောက် ဝမ်းသာပြရင်း ပြုံးပြီး . . .

"မင်း. . . ငါ့ကိုပေးထားတဲ့ လက်စွပ်လေးလေ"

အရိုးစုများကို မြေကြီးဖြင့်ပြန်ဖုံးပြီးနောက် စဝ်ဝတီခင်နှင့် စိုင်းဝေဠုက သူတို့၏ အထိမ်းအမှတ်ပစ္စည်းများကို အသီးသီးကောက် ယူရင်း ထရပ်လိုက်သည်။ စိုင်းဝေဠုက . . .

"ငါတို့လိုချင်တာရရင်တော်ပါပြီ။ ကျန်တာတွေကို ဒီအတိုင်း ပဲ ထားလိုက်တော့မယ်"

သူတို့နှစ်ယောက်က ရေကန်ကြီးနှင့် အနက်ရောင်ကျောက် တုံးပေါ်နန်းအပျက်ကြီးကို ဖြတ်သန်းကာ လျှောက်လာခဲ့ကြ၏။ မြက် ရိုင်းတောများနှင့် ရှမ်းဆီးပင်ချုံများကိုလည်း ဖြတ်သန်းလာခဲ့သည်။

တစ်ခဏအကြာတွင် နှစ်ပေါင်းများစွာ စွန့်ပစ်ထားခြင်းခံရ သဖြင့် ရေညှိအလိမ်းလိမ်းတက်လျက်ရှိသော သချိုင်းအဒိုအပျက် တစ်ခု၏ ရှေ့သို့ရောက်လာကြ၏။ ထိန်းသိမ်းသူကင်းမဲ့သော သချိုင်းအို အတွင်းမှ အုတ်ဂူကျောက်ပြားများမှာ နေရာအနှံ့ ပြိုပျက်လွင့်စင်ကျ လျက် ရှိသည်။

စိုင်းဝေဠုက စဝ်ဝတီခင်အား လူသေကောင်ခေါင်းသွားများထို ကျိုးတို့ကျဲတဲသာကျန်တော့သည့် အုတ်ဂူများဆီသို့ ခေါ်ဆောင်ပြီးရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရဲ့အသိမိတ်ဆွေတွေ ဘာဖြစ်ကုန်သလဲလို့သိရအောင် ရှာကြည့်ဦးမလား"

စဝ်ဝတီခင်က ကျောက်ထင်းရှူးပင်အိုကြီးပေါက်ရောက်ရာ သချိုင်းထောင့်သို့ ဆက်လျှောက်သွားရင်း . . .

"ဒါတွေ အရေးမကြီးတော့ပါဘူး အမောင်၊ ဒီလောက် နှစ်တွေကြာမှတော့ သူတို့လည်း သက်ရှိထင်ရှား ဘယ်ရှိကြပါတော့ မလဲ"

စိုင်းဝေဠုက ခြေလှမ်းခဏရပ်လိုက်၏။ သူက နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ လေထဲမှာအနံ့ကိုခံရင်း . . .

"မင်းပြောတာမှန်တယ် ဝတီ၊ ဒီသချိုင်းထဲမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်ပဲရှိတယ်၊ သူတို့က ငါတို့လို အဖြစ်ဆိုးမျိုး မကြုံရတော့ တမလွန်ကို အေးအေးချမ်းချမ်းသွားကုန်ကြပြီ"

စကားအဆုံးတွင် သူတို့နှစ်ယောက် ရှေ့ဆက်လျှောက်လာခဲ့ သည်။ ကျောက်ထင်းရှူးပင်၏ အကိုင်းအခက်များအောက်တွင် ခြေ လှမ်းများကို ရပ်လိုက်ကြ၏။

စဝ်ဝတီခင်က ဆွဲကြိုးနှင့်လည်ဆွဲကို စိုင်းဝေဠုထံသို့ ကမ်း ပေးရင်း . . .

"ဒီနေရာမှာ ကျွန်မတို့ခိုနားကြမယ် အမောင်"

စိုင်းဝေဠုက ဆွဲကြိုးကိုလှမ်းယူရင်း လက်စွပ်နှင့် တစ်ပေါင်း တည်းဆုပ်ကိုင်ထားသည်။ သူက ကျောက်ပြားချွန်ချွန်တစ်ခုရှာပြီး ကျောက်ထင်းရှူးပင်၏ အမြစ်များကြားတွင် တွင်းတစ်တွင်းဖြစ်လာ အောင် တူးဆွလိုက်၏။ ထို့နောက် လက်စွပ်နှင့်ဆွဲကြိုးကို တွင်းထဲသို့ ထည့်ကာ မြေပြန်ဖို့လိုက်သည်။

သူက စဝ်ဝတီခင်ကိုမော့ကြည့်ရင်း . . .

"ဘယ်လိုအထိမ်းအမှတ်ကျောက်ပြားမျိုး စိုက်ထားခဲ့ချင် သေးသလဲ ဝတီ"

www.burmeseclassic.com

www.burmeseclassic.com


စဝ်ဝတီခင်က သူ့ကို ပြုံး၍ပြန်ကြည့်ရင်း . . .

"ကျွန်မတို့အတွက် အထိမ်းအမှတ်ကျောက်ပြားတွေ၊ ကျောက်တိုင်တွေမလိုတော့ပါဘူး။ အရေးကြီးတာက အေးချမ်းတဲ့နေရာလေးတစ်ခုမှာ နှစ်ယောက်အတူ နားခိုကြဖို့ပဲမဟုတ်လား"

စိုင်းဝေဠုက ဘာမှပြန်မဖြေဘဲ စဝ်ဝတီခင်၏လက်ကို ဆုပ်ကိုင်ထားလိုက်သည်။ ကျောက်ထင်းရှူးပင်ကြီးက သက်ပြင်းဖွဖွချလိုက်သလိုမျိုး လေပြည်က ညင်ညင်သာသာ သုတ်ဖြူးတိုက်ခတ်လာ၏။ သစ်ရွက်ကြွေများက ကောင်းချီးသြဘာပေးသကဲ့သို့ ချစ်သူနှစ်ဦး၏ခေါင်းပေါ်သို့ တဖွဲဖွဲ ကြွေလွင့်ကျလာသည်။ အရုဏ်ဦးနေမင်း၏ ဘောက်ပစူးရှသောအလင်းတန်းများက သူတို့၏ခေါင်းပေါ်သို့ ထိုးကျလာ၏။ အဝေးမှကြည့်လျှင် အလင်းတန်းများက အထက်မှ အောက်သို့ စုန်ဆန်လွင့်မျောနေသလိုမျိုး။

လက်ချင်းမြဲမြဲဆုပ်ပြီးရပ်နေသော လူငယ်နှစ်ဦး မျက်နှာမှာလည်း နေရောင်ခြည်အောက်တွင် ရွှေရည်စိုလူးဝင်းပနေသည်။

တဖြည်းဖြည်းနှင့် သူတို့နှစ်ယောက် သတိပြန်လည်လာ၏။

ကောင်လေးက ကောင်မလေး၏လက်ကို ကိုင်ထားမိသဖြင့် ရှက်ရွံ့အားနာနေပုံရသည်။ ကောင်မလေးက အိပ်မက်မှလန့်နိုးလာသကဲ့သို့ နဝေတိမ်တောင်ဖြင့် ကောင်လေးကိုကြည့်ရင်း . . .

"ခေလွန်း. . . ရှင်ပြန်ရောက်လာပြီလားဟင်"

"အင်း. . . ငါပြန်ရောက်လာပြီ၊ စိုင်းဝေဠုကတော့ တမလွန်ကို အပြီးအပိုင်ထွက်သွားပြီ၊ စဝ်ဝတီခင်ရောရှိသေးလား"

"ဟင့်အင်း. . . သူလည်း စိုင်းဝေဠုနောက်ကို လိုက်သွားတော့မယ်လို့ ကျွန်မကို နှုတ်ဆက်သွားတယ်"

ခေလွန်းက ဟက်ကနဲရယ်ရင်း . . .

"ဒါဆို သူတို့နှစ်ယောက်ရဲ့ကိစ္စ ပြီးသွားပြီပေါ့"

ဆူးမွန်ကတော့ မရယ်နိုင်ဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဒါပေမဲ့ ကျွန်မတို့ရဲ့ပြဿနာတွေကတော့ အခုမှစမှာ၊ အိမ်ပြန်ရောက်ရင် ကျွန်မတို့ရဲ့မိဘတွေကို ဘယ်လိုရင်ဆိုင်ရမလဲမသိဘူး"

ခေလွန်းက အခိုင်အမာဆုံးဖြတ်ပြီးဟန်ဖြင့် . . .

"စိတ်အေးအေးထားပါကွာ၊ အားလုံးဟာ သူ့အချိန်နဲ့သူ ဖြစ်လာကြတာချည်းပါပဲ။ မဖြစ်လာသေးတာကို စောင့်မနေနဲ့၊ ဖြစ်ချင်စိတ်နဲ့လည်းမမျှော်လင့်နဲ့၊ ဖြစ်လာမှာကို ဖြစ်လာတဲ့အတိုင်း ကိုယ်တို့နှစ်ယောက် အတူလက်တွဲရင်ဆိုင်ကြတာပေါ့"

ဆူးမွန်က ခေလွန်းကို ရွှန်းရွှန်းစားစားကြည့်ရင်း . . .

"တစ်သက်လုံးအတွက်လား"

"တစ်သက်လုံးထက်ပိုတာပေါ့၊ စိုင်းဝေမျှနဲ့ စဝ်ဝတီခင်တို့တောင် နှစ်ပေါင်းတစ်ရာကျော်ကြာလို့ ဘဝတွေခြားခဲ့ပေမယ့် သေခြင်းတရားထက် ခိုင်မြဲတဲ့အချစ်နဲ့ ပေါင်းဆုံဖို့ကြိုးစားနိုင်ခဲ့သလိုပဲ ကိုယ်တို့ရဲ့အချစ်ကလည်း သူတို့လိုပဲ ခိုင်မာတယ်ဆိုတာ သက်သေထူကြမယ်လေ"

"ခေလွန်းရယ်"

ဆူးမွန်က ခပ်တိုးတိုးရေရွတ်ရင်း ခေလွန်း၏ရင်ခွင်ထက်၌ မျက်နှာအပ်ထားလိုက်လေတော့သည်။

■

ခွန်းချိုငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ်မှူးစာပေ

သရဲတစ္ဆေစာမူပိတ်ခေါ်ပွဲ

ဆုရစာမူ

# လူဦးမင်း (ညောင်လေးပင်)

## စနေညမှတ်တမ်း

ကျွန်တော်တို့အုပ်စု။ ကျွန်တော်တို့ဆိုတာက ကျွန်တော်ရယ်၊ မှတ်ကြီး (ခ) မင်းကျော်ရယ်၊ ဟလွဲ (ခ) မျိုးထက်ရယ်၊ ဝကြီး (ခ) ထင်ပေါ်ရယ်၊ ဆရာပု (ခ) ကိုသန့်ဇင်ရယ်၊ ပြီးတော့ ကိုမင်းနိုင်ရယ် စုစုပေါင်း ခြောက်ယောက်ပါ။ ကျွန်တော်တို့ခြောက်ယောက်ထဲမှာ ကျွန်တော်တို့ထက် ဆရာပုနဲ့ ကိုမင်းနိုင်တို့က အသက်ကြီးပြီး လူလတ်ပိုင်းအရွယ်တွေဖြစ်ကြတယ်။ ဒီဇာတ်လမ်းကို စတင်ခဲ့တာက ဆရာပုပါ။

❑

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ခြောက်ယောက်က စနေနေ့ညတိုင်း တွေ့ဆုံဝိုင်းဖွဲ့စားသောက်နေကြ။ ကျွန်တော်တို့ဝိုင်းဖွဲ့တဲ့နေရာကတော့ မြို့ပြင်က 'ကြိုဆိုပါ၏' ဆိုင်းဘုတ်အထွက်နားမှာဖွင့်ထားတဲ့ လေထန်ကုန်းဆိုတဲ့ဆိုင်လေးပါပဲ။ ဆိုင်ရှင် ကိုမျိုးမင်းနဲ့ကလည်း သူငယ်ချင်းတွေဖြစ်နေပြန်တော့ ကျွန်တော်တို့အုပ်စုဆိုရင် အေးဆေးပဲလေ။ ဆိုင်ပိတ်ချိန်က ဆယ်နာရီ။ ဆယ်နာရီဆိုင်ပိတ်ပေမယ့် ကျွန်တော်တို့က ဆိုင်ထဲမှာဝိုင်းဖွဲ့လို့ကောင်းနေတုန်းပါပဲ။ အချင်းချင်းစကြနောက်ကြ။ တစ်ယောက်နဲ့တစ်ယောက် စိတ်မဆိုးကြကြေးပေါ့။

အဲဒီညက ကျွန်တော်တို့အုပ်စု နည်းနည်းများသွားခဲ့ကြတယ်။ ကျွန်တော်တို့ပြန်တော့ ဆယ့်တစ်နာရီထိုးပြီးနေပြီ။ ကျွန်တော်တို့ မြို့ထဲကို စက်ဘီးနင်းပြီးပြန်ကြရမှာလေ။ ဖြစ်ချင်တော့ ကိုမင်းနိုင်က စက်ဘီးပါမလာခဲ့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ကိုမင်းနိုင်အိမ်ကို ပြန်လိုက်ပို့ခဲ့ကြတယ်။ ကိုမင်းနိုင်က ကျွန်တော်တို့မြို့နဲ့နီးတဲ့ရွာမှာနေတာပါ။ ဇာတ်လမ်းက ကိုမင်းနိုင်အိမ်ကို လိုက်ပို့ပြီးအပြန်မှာ စခဲ့တာပါ။ ဇာတ်လမ်းက ဒီလို. . .

❑

ကိုမင်းနိုင်နေတဲ့ရွာနဲ့ ကျွန်တော်တို့မြို့အထွက်ကြားမှာ ကျွန်တော်တို့မြို့သင်္ချိုင်းကုန်းရှိပါတယ်။ ကိုမင်းနိုင်အိမ်က ပြန်လာကြတော့ အချိန်က ဆယ့်နှစ်နာရီညသန်းခေါင်တိုင်နေပြီ။ အဲဒီညက လကသာချင်ပါရဲ့ တိမ်မဲတွေဖုံးနေတော့ ပတ်ဝန်းကျင်မှာ အလင်းရောင်က ခပ်ပါးပါး။ ကျွန်တော်တို့ငါးယောက် စက်ဘီးကိုယ်စီနင်းလို့. . . စက်ဘီးငါးစီးမှာ ဆရာပုရဲ့စက်ဘီးတစ်စီးတည်း ဒိုင်နမိုမီးပါတယ်။ ဆရာပုစက်ဘီးက မီးအလင်းရောင်နဲ့ ကျွန်တော်တို့နင်းလာကြတာပေါ့။ လူတွေကမူးနေတော့ ကျောက်ခဲတွေ၊ ချိုင့်ခွက်တွေကို မရှောင်နိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေ။ သီချင်းဆိုတဲ့ကောင်ကဆို. . .။ ညလူခြေတိတ်ချိန်မှာ ကျွန်တော်တို့ရဲ့ စက်ဘီးသံက ကဘောက်တိကဘောက်ချာ သံစုံတီးဝိုင်းတစ်ခုလို။ အဲဒီလိုနင်းလာခဲ့ကြရင်း ကျွန်တော်တို့မြို့ရဲ့ သင်္ချိုင်းကုန်းရှေ့ ကုက္ကိုလ်ပင်အောက် ရောက်တဲ့အခါမှာတော့. . .

"ကဲ. . . ငါတို့ ဒီမှာခဏနားကြမယ်"

ဆရာပုက စက်ဘီးပေါ်ကဆင်းပြီးပြောလိုက်တော့ ကျွန်တော်တို့လေးယောက်လည်း စက်ဘီးတွေရပ်လိုက်ကြတယ်။ မူးကလည်းမူး၊ မောကလည်းမောနေကြပြီလေ။ အဲဒီလိုအမူးအမောဖြေနေကြရင်း ဆရာပုက ကျွန်တော်တို့လူငယ်တွေနဲ့ အလုပ်တစ်ခုကို ပြိုင်လုပ်ဖို့မခံချင်အောင်စတင်တယ်။ ဆရာပုပြောတဲ့အလုပ်က သင်္ချိုင်းကုန်းထဲကို တစ်ယောက်ချင်းသွားပြီး ဆရာကြီးရဲ့အုတ်ဂူကို ကန်တော့ကြဖို့ပဲ။ ဆရာကြီးဆိုတာက ကျွန်တော်တို့မြို့ရဲ့ အထင်ကရကျောင်းဆရာကြီးတစ်ဦးပါ။ ဆရာကြီးရဲ့အုတ်ဂူက သင်္ချိုင်းအဝင်ဇရပ်ကြီးရဲ့ဘေးမှာရှိမှန်း ကျွန်တော်တို့အားလုံး သိကြပါတယ်။ ကျွန်တော်တို့ရှိတဲ့နေရာနဲ့ဆိုရင် ပေတစ်ရာ့ငါးဆယ်ခန့်ကွာဝေးလိမ့်မယ် ထင်ပါရဲ့။ မှောင်နေတဲ့အခါမှာ ပေတစ်ရာကျော်လောက်ဟာ ဝေးတယ်လို့ထင်ရတယ်လေ။

"ကဲ. . . သတ္တိမရှိတဲ့သူ မကန်တော့နဲ့"

ဆရာပုပြောတော့ ကျွန်တော်တို့လေးယောက် မခံချင်ဖြစ်သွားတယ်။ ပြီးတော့ ဆရာကြီးရဲ့အုတ်ဂူလည်း ဖြစ်နေပြန်တယ်လေ။ ဒါကြောင့် အားလုံးသတ္တိရှိတယ်၊ ကန်တော့ကြမယ်ပေါ့။ ဒီလိုနဲ့ ပထမဆုံး သွားကန်တော့တာက ဆရာပု။ ဆရာပု သင်္ချိုင်းကုန်းထဲဝင်သွားချိန်မှာ ကျွန်တော်တို့က စက်ဘီးကိုထောင့် (ဒေါက်)ထောက်၊ ခြေနင်းကိုလှည့်ပြီး မီးထိုးလမ်းပြပေးထားရတယ်။ စက်ဘီးမီးအလင်းရောင်နဲ့ ဆရာကြီးရဲ့အုတ်ဂူကို မှိန်ပြပြမြင်နေရတယ်။ ဆရာပု ကန်တော့ပြီး ပြန်ထွက်လာတယ်။ ဆရာပုပြီးတော့ ကျွန်တော်. . .။

ကျွန်တော် ဝင်သွားချိန်မှာ ကျန်တဲ့သူတွေက မီးထိုးပေးထားရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခွေးလေခွေးလွင့်တွေကလည်း ဆွဲဆွဲငင်ငင်အူလို့။ သစ်ပင်တွေကလည်း တရှဲရှဲနဲ့ ယိမ်းထိုးနေကြတယ်။ စက်ဘီးဒိုင်နမိုမီးကလည်း အုတ်ဂူနားရောက်ခါနီးလေ တဖြည်းဖြည်းမှောင်လာလေပါပဲ။ မခံချင်စိတ်နဲ့သာလုပ်ရတာ ကြောက်စိတ်ကဝင်နေပြီ။ ကျန်တဲ့ကောင်တွေလည်း ကျွန်တော့်လိုပဲဖြစ်နေမှာပါ။ ကန်တော့ပြီး လှည့်ထွက်လာချိန်မှာ နောက်မှာကျန်ခဲ့တဲ့အုတ်ဂူမည်းမည်းတွေကြောင့် ကြက်သီးထပြီး ကျောကမလုံချင်တော့ဘူး။ ဒီအချိန်မှာ နောက်ကနေ တစ်စုံတစ်ခုနဲ့သာ အပစ်ခံရရင် ကျွန်တော် လန့်အော်ပြီးပြေးမိမှာ. . .။ ဒါကြောင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်း. . .။

ကျွန်တော်ပြီးတော့ မှတ်ကြီး။ မှတ်ကြီးပြီးတော့ မျိုးထက်။ မျိုးထက် ပြီးတော့ နောက်ဆုံးကန်တော့ရမှာက ဝကြီး (ခ) ထင်ပေါ်လေ။ ဝကြီးကို ကြည့်လိုက်တော့ အသံကတိတ်နေတယ်။ မူးနေတုန်းကတော့ သူပဲ အရင်သွားကန်တော့မယ် တကဲကဲလုပ်နေတဲ့ကောင်။ အခု အမူးပြေသွားပြီဆိုတော့ ကြောက်စိတ်ကဝင်နေပြီထင်ပါရဲ့။

"ဟေ့ကောင်. . .ဝကြီး၊ မင်းမကန်တော့ရဲရင်လည်း သွားမကန်တော့နဲ့တော့ကွာ"

မျိုးထက်ရဲ့စကားကြောင့် ဝကြီး ရှူးခနဲဖြစ်သွားတယ်။ ပြီးနောက် ပုဆိုးကို ခပ်တိုတိုပြင်ဝတ်ပြီး သင်္ချိုင်းကုန်းထဲ လှမ်းဝင်သွားတယ်။ စာနာစိတ်နဲ့ပြောလိုက်တဲ့ မျိုးထက်ရဲ့စကားက ဝကြီးကို ရိသလိုဖြစ်သွားတယ်ထင်ပါရဲ့။ ဝကြီးကို ကျွန်တော်တို့စက်ဘီးမီးနဲ့ လမ်းပြထားလိုက်တယ်။ စက်ဘီးမီးက လင်းလိုက်၊ မှိန်လိုက်နဲ့ မငြိမ်ဘူးလေ။ ခွေးတွေကလည်း ဆွဲဆွဲငင်ငင်အူလို့။ ညဉ့်ငှက်တွေကလည်း သစ်ပင်တစ်ပင်နဲ့တစ်ပင် တဖျတ်ဖျတ်ပျံသန်းလို့. . .။ အဲဒီအချိန်မှာပဲ ဝကြီးရဲ့နောက်ကို ဆံပင်ရှည်ရှည်နဲ့ အမျိုးသမီးတစ်ယောက် လိုက်ပါသွားတာ အလင်းရောင်နဲ့ ရိပ်ခနဲမြင်လိုက်ရတယ်။ ကျွန်တော်တို့ ကြက်သီးတွေ ဖျန်းခနဲထပြီး ခေါင်းကဆံပင်တွေတောင် မထောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သေသေချာချာကို မြင်လိုက်ရတာပါ။ ကျွန်တော်တို့ လေးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘယ်လိုလုပ်ကြမလဲဆိုတဲ့အသံတိတ်မေးခွန်းတွေ မေးလို့။ ဝကြီးအတွက်လည်း အရမ်းစိတ်ပူသွားခဲ့ကြတယ်။

"ဟောကောင်တွေ စောင့်နေလို့မဖြစ်တော့ဘူး၊ လိုက်သွားမှဖြစ်မယ်"

ဆရာပုနဲ့ မျိုးထက်၊ ဝကြီးနောက်ကို ပြေးလိုက်သွားကြတယ်။ ကျွန်တော်နဲ့မှတ်ကြီးကတော့ ဘုရားစာတွေ တတွတ်တွတ်ရွတ်ရင်း စက်ဘီးမီးကို လင်းနေအောင်အားကုန်လှည့်ထွန်းပြလို့။ အဲဒီနောက် ဝကြီးကို ခေါ်လာကြပြီး ကျွန်တော်တို့ငါးယောက် မြို့ထဲကို ပြန်နင်းပြေးလာခဲ့ကြပါတော့တယ်။

●

နောက်တစ်နေ့ ကိုမင်းနိုင်ကို ဒီအကြောင်းတွေပြောပြလိုက်တော့ ဆရာပုနဲ့ ကျွန်တော်တို့ကို ဆူလို့မဆုံးတော့ပါဘူး။

"မင်းတို့သာ ကြောက်လန့်ပြီးတော့ ထွက်ပြေးခဲ့ရင် ဝကြီးတစ်ယောက်တည်း ဘယ်လိုတွေဖြစ်ကုန်ကြမလဲ"

ဟုတ်ပါရဲ့။ ဝကြီးသာ ကြောက်စိတ်လွန်ပြီး တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ကျွန်တော်တို့မစဉ်းစားရဲဘူး။ ကိုမင်းနိုင်ရဲ့မေးခွန်းက ကျွန်တော်တို့ကို ထိတ်လန့်တွေဝေသွားစေတယ်။ ကျွန်တော်တို့ မသိလိုက်ရတာက ရေနစ်ပြီးသေဆုံးသွားတဲ့ အမျိုးသမီးတစ်ယောက်ကို အဲဒီစနေနေ့ကမှ မြေမြှုပ်သင်္ဂြိုလ်ခဲ့တယ်ဆိုတာပါပဲ။

■


လှဦးမင်း (ကျောင်းလေးဝင်)

၄၅-၀၇ (၂၃း၃၀)

www.burmeseclassic.com

www.burmeseclassic.com





| | |
|---|---|
| အမည် | – ကိုအောင်စိုးဝင်း |
| ကလောင်အမည် | – လှဦးမင်း (ညောင်လေးပင်) |
| မွေးသက္ကရာဇ် | – ၃၀–၅–၁၉၇၆ |
| မှတ်ပုံတင်အမှတ် | – ၇/ညလပ(နိုင်)၀၉၂၃၂၅ |
| နေရပ်လိပ်စာ | – ဒု–ဦးစီးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း။ |
| စာပေရေးသားသူ | – ဟာသဝတ္ထုတိုများ (ရယ်စရာမဂ္ဂဇင်း၊ ဟာဒယမဂ္ဂဇင်း)တွင် ရေးသားနေဆဲ |

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၆

# ချမ်းချမ်းမြမြချမ်း

## သတိ! ခြောက်လှန့်တတ်သည်

အကာလညတစ်ည. . .။

လကွယ်ညဖြစ်ပြီး ကြယ်တစ်ချို့တလေသာရှိသဖြင့် ကောင်းကင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေသည်။ တိမ်ညိုတိမ်မည်းများက တရွေ့ရွေ့မျောလွင့်နေကြ၏။

"အူး. . . ဝူး. . . ဝူး"

မနီးမဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ကင်းတဲပေါ်တွင်မီးကင်းစောင့်နေသော အောင်ဘမှာ ကြက်သီးမွေးညင်းထကာ ခေါင်းနားပန်းကြီးသွားသည်။

"ဟင်"

အောင်ဘ အလန့်တကြား ရေရွတ်လိုက်၏။ အမှောင်ထဲတွင် သူ့ထံသို့ တည့်တည့်လျှောက်လာနေသော အရိပ်မည်းမည်းကြီးတစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ပင်။

သရဲကြောက်တတ်သော အောင်ဘတစ်ယောက် နေစရာမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com

မီးဖိုရန်စဉ်းစားမိသော်လည်း ကြောက်လွန်းသဖြင့် ကင်းတဲ ပေါ်မှ အောက်သို့လည်းမဆင်းရဲ။ ကြက်သီးများတဖျန်းဖျန်းထလာပြီး အပေါ်သွားချင်သလိုလို အလေးသွားချင်သလိုလိုဖြစ်လာသည်။

အရိပ်မည်းမည်းကြီးနှစ်ခုက သူ့ထံသို့ တရွေ့ရွေ့လျှောက်လာနေသဲ။

အောင်ဘ မျက်စိစုံမှိတ်ပြီး ပါးစပ်ထဲပေါ်လာသမျှဘုရားစာကို အမြီးအမောက်မတည့်စွာ တဖွဖွရွတ်နေမိ၏။ စွပ်ကျယ်လက်ပြတ်နှင့် ကိုယ်ကိုလည်းကျုံ့ကွေးထားမိသည်။

အချိန်မည်မျှကြာအောင် ရွတ်နေမိသည်မသိ။ ဘုရားစာရွတ်ရလွန်းသဖြင့် ပါးစပ်မှ အမြုပ်ထွက်မတတ်မောလာ၏။

အောင်ဘမရဲတရဲဖြင့် မျက်လုံးအစုံကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။ ခုနက သူတွေ့မြင်နေရသော အရိပ်မည်းမည်းကြီးနှစ်ခု ဘယ်ရောက်သွားပြီလဲ။

BURMESE CLASSIC

အရိပ်မည်းမည်းကြီးနှစ်ခုကား ပျောက်ခြင်းမလှပျောက်သွားလေပြီ။ အောင်ဘ စိတ်သက်သာရာရစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ တော်ပါသေးရဲ့။ ငါ မျက်စိအမြင်မှားတာပဲဖြစ်မယ်။

အတွေးမဆုံးခင်မှာပင် . . .

"ဘတ်"

"အား . . . ကယ်ကြပါဦးဗျ"

မကြာမီမျှော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

"နွေဦးခင် - တိုးတိတ်သောချစ်တေးသွား" အမည်ဖြင့် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလက ထွက်ရှိခဲ့ပြီး ပရိသတ်ရဲ့ အားပေးကြိုဆိုမှုကိုရခဲ့သော စာရေးသူ၏ကလောင်အမည် "နွေဦးခင်" အား "သုခချို" ဟု ပြောင်းလဲလိုက်ပါကြောင်း လေးစားချစ်ခင်ရပါသော ပရိသတ်ကြီးသို့ အသိပေးအကြောင်းကြားအပ်ပါသည်။ ယခု . .

# သုခချို

## သံ ယော ဇဉ် မိုး ကောင်း ကင် အောက်

(ဒုတိယမြောက် အချစ်လုံးချင်းဝတ္ထု)

သူမ သူ့ခြံထဲကထွက်ပြီး စက်ဘီးပေါ်ပြန်တက်တော့မှ သူ့ဆီက မတိုးမကျယ် အသံတစ်စ ထွက်လာသည်။

''ကျေးဇူးပဲ''

အသံက မဆိုစလောက်လေးဝဲချင်ကာ အသားအရေဖြူဝင်းလှပတဲ့ သူဟာ တောင်ပေါ်သားတစ်ယောက်များလား။ ယောကျ်ားပီသပြီး ကြည့်ကောင်းမယ့်ပုံစံရှိသော်လည်း လောကကို မကျေမနပ်နဲ့ ကြည့်တတ်တဲ့ဟန်ပန်နဲ့ လူလတ်ပိုင်းအရွယ်လူတစ်ယောက်က ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ကဘာယ်လို သူမတို့လမ်းထဲကို ရောက်ခဲ့တာလဲ။ တော်ပြီ. . . သူစိမ်းတစ်ယောက်အကြောင်းတွေးတာ နည်းနည်းများသွားပြီ။ သူမခေါင်းကို ဆတ်ခနဲခါကာ စက်ဘီးနင်းရင်းနဲ့ သီချင်းတစ်ပုဒ်ကို တီးတိုးညည်းလိုက်ပါသည်။

သူမက ထိုသူနဲ့တွေ့ခဲ့တဲ့ပုံစံကို ဆုနှင့်မေနိုင်ကို တီးတိုးပြောပြမိပါသည်။ ကျယ်ကျယ်ပြောလို့ ကျော်က ကြားသွားရင် 'ယောက်ျားလေးတစ်ယောက်အကြောင်း စိတ်ပါလက်ပါပြောတာ မကောင်းဘူးနော် မိလွင်' လို့ တားမြစ်ဆူပူမှာစိုးသောကြောင့်ပင်။ ဒါပေမဲ့ မီးဖိုဆောင်မှာ လက်ဖက်သုတ်ရင်း လေကန်နေတဲ့ သူမတို့သုံးယောက်က ကျော်ဝင်လာတာကို မမြင်မိကြသဖြင့် ကျော်က သူမတို့ပြောနေတာကို နားစွန်နားဖျားကြားသွားပါသည်။

"ဟဲ့ နင်တို့သုံးယောက် တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေကြတာလဲ"

BURMESE CLASSIC

သူမက ရုတ်တရက် ထိတ်ခနဲဖြစ်သွားပြီးမှ

"ဪ ဘာမှမဟုတ်ပါဘူး၊ လူမနေတာကြာပြီးမှ အန်ကယ်သော်တို့ တိုက်အဝါကို လူသစ်ရောက်လာတဲ့အကြောင်းပြောပြနေတာ"

"ငါ ခုနကကြားတာတော့ မျက်နှာမာတာတောင် ကြည့်လို့ မိုက်တယ်ဆိုလားပါ. . . မိလွင်နော် အေးအေးဆေးဆေးနေ"

"အေးအေးမနေလို့ ငါက ဘာတွေလုပ်နေလို့လဲ"

"ကဲပါဟယ်. . . နင်တို့နှစ်ယောက်က ဘာမဟုတ်တာလေး နဲ့ စကားများမနေပါနဲ့၊ ကျော်စွာရယ်. . . မိလွင်က တကယ်ပဲ လူသစ်ရောက်တဲ့အကြောင်းပြောနေတာပါ၊ ငါ့သူငယ်ချင်းမို့ ငါကာတာမဟုတ်ဘူး၊ မယုံရင် ဆုကိုလည်းမေးကြည့်၊ သူလည်း ဆယ်နှစ်လေးငါးနှစ်ကလေးမမှုမဟုတ်တာ၊ စဉ်းစားဆင်ခြင်တတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

သွက်သွက်လက်လက်နဲ့ လူကြီးဆန်တဲ့ မေနိုင်က ဝင်ပြီး ပြောပေးတာမို့ ကျော်စွာငြိမ်သွားပါသည်။ ဆုကလည်း

]]at ;av . . . ကျော်စွာက မိလွင်ဆို သိပ်နိုင်ချင်တာပဲ၊ မိလွင်ကိုလိုက်တဲ့သူတွေ အများကြီး၊ မိလွင်ကသာ ဘာမှမစဉ်းစားဘဲ ပြန်တွဲရင် ရည်းစားသက်စေ့ကျော်နေပြီ''

BURMESE CLASSIC

သူငယ်ချင်းနှစ်ယောက်ပြောတာတွေကို နားထောင်ရင်း ဝမ်းနည်းလာတာမို့ သူမ ခရမ်းချဉ်သီးလှီးရင်း မျက်ရည်တစ်ပေါက်ပေါက် ကျလာတော့ ကျော်စွာက ပျာပျာသလဲ ချော့ရှာပါသည်။

''ဟာ မဟုတ်ပါဘူးကွာ. . . နင်တို့ထင်သလိုမဟုတ်ပါဘူး၊ မိလွင် မငိုပါနဲ့ကွာ. . . နင်တို့ကို ငါပြောပြမယ်၊ ငါတို့ယောကျ်ားလေးတွေ စုမိရင် မိန်းကလေးတွေအကြောင်း တစ်ခါတလေ ပြောဖြစ်ကြတယ်၊ အဲဒီ့ကျရင် ရည်းစားများတဲ့ကောင်မလေးတွေကိုပြောတာ ရစရာမရှိဘူး၊ ငါ့သူငယ်ချင်းကို ဒါမျိုးအပြောခံရမှာ ငါသိပ်ကြောက်လို့ပါကွာ. . . ပြီးတော့ မိလွင်က သိပ်အချောကြီးမဟုတ်ပေမယ့် ချစ်စရာကောင်းတော့ ကောင်လေးတွေ ဝိုင်းနေတာလည်း ငါသိတယ်။ နင်တို့မိန်းကလေးတွေက တစ်ယောက်ယောက်က စွဲစွဲမြဲမြဲနဲ့ တောက်တဲ့ကပ်သလိုလိုက်ရင် ကိုယ်က ပြန်မကြိုက်တာတောင် အားနာတာတို့၊ သနားတာတို့ကြောင့် တင်းမခံနိုင်ဘဲ ခေါင်းညိတ်မိရော မဟုတ်လား။ ငါ့သူငယ်ချင်းကို ဒါမျိုးဖြစ်မှာစိုးလို့ပါဟာ''

ကျော်စွာက ပြောပြောဆိုဆို သူမမျက်ရည်တွေကို လှမ်းသုတ်ပေးတော့ သူမက သူ့လက်ကို တွန်းထုတ်ပါသည်။

''သွား စိတ်ပူတယ်၊ စိတ်ပူတယ်နဲ့ ငါ့ကို အပြစ်လိုက်ရှာနေတယ်။ နင်ပြောသလို ငါက ခပ်ပျော့ပျော့မိန်းမမဟုတ်ဘူး ကျော်ရဲ့၊ နင်သိစမ်းပါ''

www.burmeseclassic.com

“အေးပါကွာ. . . သိပါပြီ၊ တိတ်နော် တိတ်၊ ညနေကျရင် မိုးမခပန်းခြံက နင်လိုချင်တဲ့ သစ်ခွပန်းအိုး ငါဝယ်ပေးမယ်ကွာနော်”

သူမ လိုချင်နေတဲ့ အဖြူရောင်သစ်ခွပန်းအိုးက နှစ်သောင်းခွဲထောင်ပေးရမှာမို့ သူမစိတ်ဆိုးနေတာတောင် မေ့ပျောက်ကာ ‘တကယ်နော် ကျော်’ ဟု ကျေနပ်ပြုံးနှင့် မေးမိပါသည်။

“အောင်မယ်လေးဟဲ့ ခုငို ခုရယ်နဲ့ အရူးနှစ်ယောက်ပြဇာတ်ကတာကျနေတာပဲ၊ ကျော်စွာ နင် မိလွင်ကို ဒီလောက်စိတ်ပူတတ် ရင် နင်ပဲကြိုက်လိုက်ပါလား၊ စိတ်ပူစရာမလိုတော့ဘူးပေါ့”

မေနိုင်ရဲ့စကားလည်းဆုံးရော ‘အောင်မယ် ဘာလို့ကြိုက်ရမှာလဲ. . . မွေးကတည်းက ဒီလိုပဲခင်လာတာ’ ဆိုတဲ့ စကားသံက ကျော်စွာနဲ့ ပန်းနုလွင်ဆီမှ သံပြိုင်ထွက်လာသဖြင့် လေးယောက်သား အသံကျယ်နှင့် ရယ်မောပြီးမှ ပန်းနုလွင်ရဲ့မေမေ အိပ်ပျော်နေတာကို သတိရကာ အသံတိုးတိုးနှင့် ရယ်မောမဆုံး ရှိကြပါသည်။

BURMESE CLASSIC